www.burmeseclassic.com

ဝေးဝဋ္ဋဝေဆို

# မြို့ဘတ္တာ

လေအလှူနှမ်းရှူးတောင်ဓမြောက်လှုပ်ငြိမ်ကွေ့ပျော

BURMESE CLASSIC .com

AUNG THEIN WINN

www.burmeseclassic.com

www.burmeseclassic.com


## စာရေးသူ၏မူပိုင်

စာမူခွင့်ပြုချက်အမှတ် - ၂၂/၉၆ (၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၅/၉၆ (၂)

ပထမအကြိမ်

၁၉၉၆ - ခုနှစ်၊ ဧပြီလ

အုပ်ရေ (၁၀၀၀)

တန်ဖိုး - (၇၀)ကျပ်

ထုတ်ဝေသူ

ဦးအောင်ကြီး (မြ - ၀၉၈၆)

ရွှေပုရပိုက်စာပေ၊ အမှတ် - ၅၊ တင့်ဆန်းလမ်း၊ ဗွတ္တလစ်၊

ဗဟန်း၊ ရန်ကုန်။

မျက်နှာဖုံးနှင့်အတွင်းရိုက်

ဦးကျော်မိုးစိန် (မြ - ၀၃၁၃၇)၊ အောင်သာအော့ဖ်ဆက်

အမှတ် - ၁၇၂၊ ၃၁ - လမ်း၊ ရန်ကုန်မြို့။

ဖြန့်ချိရေး - ကြည်လှမောင်စာပေ

အမှတ် - ၁၇၊ မဟာမြင်းမိုရ်လမ်းထိပ်၊

ဆရာစံတောင်ရပ်ကွက်၊ ဗဟန်း၊ ရန်ကုန်မြို့။


## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ထီးချိုင့်မြို့၊ တည်တောဆရာတော်ဘုရားကြီး၏ အမှာ | ၇ |
| ၂။ | စာရေးသူ၏အမှာ | ၁၆ |
| ၃။ | ပြိတ္တာမိတ်ဆက်နိဒါန်း | ၂၄ |
| | (က) ပြိတ္တာဘဝမျိုးစုံသို့ ရောက်ရှိရခြင်း အကြောင်းတရားများ | ၂၅ |
| | (ခ) အမျိုးအမည်၊ အဆင့်အတန်း၊ ပုံသဏ္ဍာန် ကွဲပြားသော ပြိတ္တာမျိုးများ | ၃၃ |
| | (ဂ) ပြိတ္တာတို့၏သက်တမ်း | ၄၀ |
| | (ဃ) ပြိတ္တာတို့နေထိုင်ရာဘုံဌာန | ၄၂ |
| | (င) ပြိတ္တာများကို သာမန်လူတို့ မမြင်ရခြင်း၏ အကြောင်းရင်းများ | ၄၃ |
| | (စ) သရဲတစ္ဆေ၊ ဖုတ်၊ နတ်ဘီလူး စသည့် ပြိတ္တာများ သေဆုံးခြင်း | ၄၅ |
| | (ဆ) ပြိတ္တာများ၏ သဘာဝနှင့် ယနေ့ခေတ် အခေါ်ဝေါဟာရများ | ၄၆ |
| | ၁။ သရဲတစ္ဆေ | |
| | ၂။ အစိမ်းသဘက် | |
| | ၃။ ဖုတ် | |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


၄။ ရက္ခစိုး
၅။ ဥစ္စာစောင့် (မြေဖုတ်ဘီလူး)
၆။ မှင်စာ
၇။ ကျွတ်
၈။ လူခြောက်
၉။ စုန်း

၄။ တမလွန်မှပူးကပ်ပြောသူ မောင်မြစိန် ၅၉
၅။ သမီးစွဲလန်း၍ သရဲဖြစ်ခဲ့ရသူ ၇၉
၆။ သရဲနှင့်နပန်းလုံးခဲ့သူ ၉၁
၇။ သစ်ခုတ်သမားနှင့်ရက္ခစိုးအိပ်မက် ၁၁၁
၈။ စည့်သည်အစိမ်းသဘက် ၁၂၅
၉။ ဖုတ်ဝင်ခံရသော ဒေါ်ရွှေသော် ၁၃၁
၁၀။ ပြိတ္တာဘဝမရောက်မီက ဘုံဌာနရှာခဲ့ရသူ ၁၄၆
၁၁။ ကျောက်နီကုန်းရွာသစ်က အငြိမ့်ပွဲ ၁၅၅
၁၂။ သရဲပူး၍ကသော နတ်ကတော် ၁၆၈
၁၃။ တစ္ဆေလူနီကြီး ၁၈၁
၁၄။ လူသားပြိတ္တာ ၁၉၆
၁၅။ ဘုန်းကြီးတစ္ဆေ ၂၀၈


BURMESE CLASSIC .com

# စာရေးသူ၏အာဘော်

ဣမိနာ ပုညကမ္မေန၊ ဘဝေ တိဿတုတ္တမေ။
စေဝနတိက္ခဂမ္ဘီရ၊ ပုထု နိဗ္ဗေဓ ပညဝါ။
ပရမီသဃရိယော သောဟံ၊ ပရပ္ပဝါဒမဒ္ဒနော။
ဓာဇိပဗ္ဗော ဒုက္ခမုဗ္ဗော တာရေမိ ဒုက္ခိတော ဇနေ။

ဤ "တမလွန်မှ ပူးကပ်ခြောက်လှန့်ကြသူများ" စာအုပ်ကို ကုသိုလ်စိတ်မှန်း အာရုံလွှမ်း၍ ရေးသားရသည့် ကောင်းမှုကုသိုလ်ကံ စေတနာတို့ကြောင့် ဘဝများစွာ သံသရာ၌ ကျင်လည်ရသည်ရှိသော် တိဟိတ်ဥက္ကဋ္ဌ မြတ်သောယောကျ်ားအဖြစ် ပဋိသန္ဓေနေရသည်ဖြစ်၍ လျင်သောပညာ၊ ထက်သောပညာ၊ ခက်ခဲနက်နဲသောပညာ၊ မြေကြီးထုနှင့်တူသောပညာ၊ ထိုးထွင်း သိတတ်သော ပညာဉာဏ်တို့နှင့် ပြည့်စုံလျက် အကျွန်ုပ်သည် တရားသဖြင့် ကြီးစိုးရသော အကြီးအကဲအဖြစ်လည်းကောင်း၊ တစ်ပါးသူတို့၏ မှားယွင်းသော မိစ္ဆာအယူတို့ကို ပညာဖြင့် ပယ်ဖျောက်နှိမ်နင်းနိုင်သူအဖြစ်လည်းကောင်း၊ ဆင်းရဲဒုက္ခအပေါင်းတို့မှ ကင်းလွတ်လျက် ပကတိ သာဝကဉာဏ်ပညာ အထွတ်အထိပ်သို့ ရောက်သည်ဖြစ်၍ များစွာသော ဒုက္ခိတ သတ္တဝါအပေါင်းတို့ကို ဒုက္ခဟူသမျှ ကင်းငြိမ်းရာ နိဗ္ဗာန်သို့အရောက် ခရီးပေါက်အောင် ကယ်တင်နိုင်ရပါလို၏။

မောင်ခိုင်ခန့်

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသားတမ္ပည်း

ဤ စာအုပ် ဖြစ်မြောက်ရေးအတွက် အပက်ပက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့သည့် ကျေးဇူးတော်ရှင် နိုင်ငံတော် ဩဝါဒါစရိယ၊ မြန်မာစာဩဝါဒါစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ထီးချိုင့်မြို့ တည်တောဆရာတော်ဘုရားကြီးအားလည်းကောင်း၊ အဖြစ်အပျက် အကြောင်းအရာ ဇာတ်လမ်းများကို ပြောဆို ဆွေးနွေး ကူညီခဲ့သည့် ပုဂ္ဂိုလ်များနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ စာမူများကို ဖတ်ရှုတည်းဖြတ် အကြံပေးခဲ့သည့် ဇနီးဖြစ်သူ ဒေါ်သင်းသင်းလှိုင် B.Sc (Chem) အားလည်းကောင်း၊ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း နှလုံးသား၌ ကမ္ပည်းထိုးကာ မှတ်တမ်းတင်လိုက်ရပေသည်။

မောင်ခိုင်ခန့်

ကြည်လှမောင်စာပေ

## ထီးချိုင့်မြို့ – တည်တောဆရာတော်ဘုရားကြီး၏အမှာ
## (ဤစာအုပ်အကြောင်း သိထောင်းစရာ)

လောက၌ အမိုက်ဆုံးသောအရာကား အဘယ်ပါနည်းဟု မေးခဲ့လျှင် အဖြေမှာ အင်္ဂါလေးပါးနှင့် ပြည့်စုံသော အမိုက်တိုက်ကြီးကား အမိုက်ဆုံးဖြစ်ကြောင်း ဖြေဆိုရပါမည်။

အင်္ဂါလေးပါးရှိသော အမိုက်တိုက်ကြီးကား အဘယ်ပါနည်းဟု မေးခဲ့ပြန်လျှင် လကွယ်, သန်းခေါင်, မိုးမှောင်, တောအုပ်သည် အင်္ဂါလေးပါးဖြစ်၏။ (၁) လကွယ်နေ့ဖြစ်ခြင်း၊ (၂) သန်းခေါင်အခါဖြစ်ခြင်း၊ (၃) မိုးမှောင်ကြီး ကျနေခြင်း၊ (၄) သစ်ပင်ကြီးများ အုပ်ဆိုင်းသော တောအုပ်ဖြစ်ခြင်း၊ ဤအင်္ဂါလေးပါးနှင့်ပြည့်စုံသော မိုးမှောင်သည် အမိုက်ဆုံး ဖြစ်ပါသည်။ ထိုအမိုက်တိုက်ကြီးကို လူတိုင်းသိကြသော်လည်း လူတိုင်းကား မသိ။ ပညာရှိများမှ သိနိုင်သော ထိုအမိုက်လေးပါးထက် သာလွန်၍မိုက်သော အမိုက်တိုက်ကြီးကား ရှိပါသေးသည်။

www.burmeseclassic.com



အဘယ်အမိုက်တိုက်ကြီးနည်းဟူမူကား အဝိဇ္ဇာတည်းဟူသော မောဟမှောင်ကြီး ဖြစ်ပါသည်။

အဝိဇ္ဇာတည်းဟူသော မောဟရှိနေသေးလျှင် နောင်ဖြစ်လတ္တံ့သော ဘဝ ရှိပါသေးသည်။ ထို့ကြောင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာ စသောအားဖြင့် ဘုရားရှင် ဟောတော်မူသည် မဟုတ်ပါလော။

သတ္တဝါတို့၌ အဝိဇ္ဇာဟူသော မှောင်ကြီးကြောင့် ဆင်းရဲအတိဖြစ်သော ရုပ်တရား၊ နာမ်တရားကို ချမ်းသာဟု အထင်မှားခဲ့ကြသည်။ ထိုအထင်မှားမှုကြောင့် ရုပ်နာမ်ကို ချစ်ခင်တပ်မက်သော သမုဒယသစ္စာ တဏှာ ဖြစ်ပွားလာသည်။ ထိုတဏှာကြောင့် ဘဝအစဉ်မပြတ် တစ်ပတ်ချာချာ ကျင်လည်ခဲ့ကြရသည်။

ထိုအဝိဇ္ဇာသည် ကျွန်ုပ်တို့အား အမြဲကပ်၍ နှိပ်စက်နေသည်။ လောဘဟူသော လိုချင်မှုသည် အလွန်ဆိုးဝါးသည်။ သူတစ်ပါးအပေါ် ပြစ်မှားခြင်းဒေါသ၊ မိမိကိုယ်ကို အထင်ကြီးသောမာန၊ အမှန်ကိုမမြင် အမှားကို အမှန်ထင်သော ဒိဋ္ဌိစသော အကုသိုလ် အညစ်အကြေးများလည်း အဝိဇ္ဇာကို အကြောင်းခံ ဖြစ်ပေါ်ခဲ့ကြရသည်။

ဤထက်ဆိုးသည်ကား သတိတရား မပေါ်အောင်၊ ပျက်ပြားအောင် ပြုလုပ်တတ်ခြင်းပင် ဖြစ်ပါသည်။



လူသားတို့၏ စိတ်ဓာတ်သည် အလွန်ကြည်လင် သန့်ရှင်းပါသည်။ စိတ်ဓာတ်၏ ကြည်လင် သန့်ရှင်းမှုကြောင့် အတိတ်ဘဝကိုလည်း မြင်နိုင်သည်။ အနာဂတ်ဘဝကိုလည်း မြင်နိုင်သည်။ အရာခပ်သိမ်းကို ကြည်လင်ပြတ်သားစွာ မြင်နိုင်ပါသည်။

သို့သော် အဝိဇ္ဇာတို့၏ ဆို့ပိတ်မှုကြောင့် ကျွန်ုပ်တို့သည် အတိတ်ဘဝကိုလည်း မထင်၊ အနာဂတ်ဘဝကိုလည်း မမြင်ခဲ့ကြပါပေ။

အတိတ်ဘဝ၊ အနာဂတ်ဘဝတို့ကို မထင်၊ မမြင်ခဲ့သောကြောင့် ဘုရားရှင် သိတော်မူသော (ကမ္မဿကတာဉာဏ်) ပျောက်ကွယ်၍နေသည်။ ကမ္မဿကတာဉာဏ် ဆိုသည်ကား ကောင်းသောအမှုကို ပြုပါက ကောင်းကျိုးကို ခံစားရမည်။ မကောင်းသောအမှုကို ပြုပါက မကောင်းကျိုးကို ခံစားရမည် ဟူသော အသိဉာဏ်ဖြစ်ပါသည်။ ထိုအသိဉာဏ် (ဝိဇ္ဇာ) ကွယ်ပျောက်ခဲ့ပါက ထိုအသိဉာဏ် ဝိဇ္ဇာကို ပြောင်းပြန်လှန်သော အဝိဇ္ဇာ ဖြစ်ပွားလာခဲ့ပါသည်။ ထိုအဝိဇ္ဇာကြောင့် ယခုဘဝ ကွယ်လွန်သောပုဂ္ဂိုလ်သည် နောက်ဘဝ၌မဖြစ်၊ ယခုဘဝ၌ပင်လျှင် ရုပ်,နာမ် အစဉ်ပြတ်၏ဟူသော ဥစ္ဆေဒဝါဒသည် လည်းကောင်း၊ ငါ၏ သန္တာန်၌ရှိသော ငါ,ဟူသော အတ္တတရားသည် ဤဘဝမှ ငါသေလွန်သော်လည်း ဘဝအစဉ်မပြတ် ရှိ[illegible]ပါ



www.burmeseclassic.com

www.burmeseclassic.com



၏ဟူသော သဿတဝါဒသည် လည်းကောင်း ဖြစ်ပွားလာခဲ့တတ်ပါသည်။

လောက၌ သတ္တဝါသေလျှင် ပြတ်၏။ နောင်အခါ ဘာမျှမဖြစ်ဟူသော ဥစ္ဆေဒအယူသည် လည်းကောင်း၊ သတ္တဝါသေလျှင် သူ၏ ရုပ်,နာမ်ကို ထားခဲ့၍ ငါ,ဟူသော အတ္တဇီဝသည်ကား၊ ယခုဘဝမှတစ်ပါး နောင်ဖြစ်လတ္တံ့သော ဘဝတို့၌ အစဉ်တစိုက် လိုက်ပါ၏ဟူသော သဿတအယူသည် လည်းကောင်း၊ လွန်စွာ ကြောက်စရာကောင်းလှပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအယူဆိုးကြီး နှစ်ပါးကို စွဲမှီ၍ ဆယ်ပါးသော နတ္ထိကဝါဒဆိုးကြီး ဖြစ်ပွားလာတတ်သောကြောင့် ဖြစ်ပါသည်။

ဆယ်ပါးသော နတ္ထိက အယူဆိုးကြီးဆိုသည်ကား -

(၁) နတ္ထိဒိန္နံ - အလှူပေး၍ အကျိုးမရှိ၊ (၂) နတ္ထိယိဋ္ဌံ - ပူဇော်၍ အကျိုးမရှိ၊ (၃) နတ္ထိဟုတံ - ဧည့်သည်တို့အား ပေးလှူ၍ အကျိုးမရှိ၊ (၄) နတ္ထိသုကတဒုက္ကဋာနံ ဖလံဝိပါကော - ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဆက်၊ အကျိုးရင်းမရှိ၊ (၅) နတ္ထိအယံလောကော - ဘဝတစ်ပါးမှ ဝင်စားလာသူဟူ၍ မရှိ၊ (၆) နတ္ထိပရောလောကော - ဤဘဝမှသေ၍ နောက်ဘဝ ဝင်စားသူဟူ၍ မရှိ၊ (၇) နတ္ထိမာတာ - မိခင်၏ ကျေးဇူးမရှိ၊ (၈) နတ္ထိပိတာ - ဖခင်၏ ကျေးဇူးမရှိ၊ (၉) နတ္ထိ သြပပါတိကာ - ဥပပါတ်





ပဋိသန္ဓေဟူ၍ မရှိ (ဝါ) ရုတ်တရက်ဖြစ်ပေါ်လာသော ငရဲ ပြိတ္တာ, နတ်, ဗြဟ္မာဟူ၍ မရှိ၊ (၁၀) နတ္ထိသမဏ၊ ဗြဟ္မဏာ - တရားကျင့်၍ ဈာန်ရခြင်း, မဂ်ရခြင်းဟူ၍မရှိ။ ဤကာ နတ္ထိက အယူဆိုးကြီး ဆယ်ပါးဖြစ်လေသည်။

ဤအယူဆိုးကြီးဆယ်ပါးကို အဘယ့်ကြောင့် ကြောက် စရာကောင်းသည်ဟု ဆိုရပါသနည်းဟူမူကား လောက၌ မိခင် ကို သတ်ခြင်း၊ ဖခင်ကို သတ်ခြင်း၊ ရဟန္တာကို သတ်ခြင်း၊ ဘုရားရှင်အား သွေးစိမ်းတည်စေခြင်း၊ ညီညွတ်သော သံဃာ ကို ကွဲစေခြင်းဟူသော ကံကြီးငါးမျိုးကို အလွန် ကြီးလေးသော ကံကြီးဖြစ်၍ ဂရုကံဟုခေါ်သည်။ ထိုဂရုကံကို ကျူးလွန်မိပါက သေသည်၏ အခြားမဲ့၌ မဟာအဝီစိငရဲသို့ကျ၍ ထိုငရဲ၌ တစ်ကမ္ဘာ ပတ်လုံးခံရသည်။ သို့သော် ကမ္ဘာမီးလောင်သောအခါ ထိုငရဲ ဘေးမှလွတ်သည်။ နတ္ထိကမိစ္ဆာဒိဋ္ဌိကံသည်ကား ငရဲသို့ ကျပြီး နောက် ကမ္ဘာမီးလောင်၍ အခြားသတ္တဝါများ ငရဲမှလွတ်သော် လည်း ထိုမှားသော နတ္ထိက မိစ္ဆာဒိဋ္ဌိရှင်သည်ကား ဤ ငရဲ ပျက်စီးသော်လည်း အခြား မပျက်စီးသော ငရဲသို့ ပြောင်းခံ ရလေသည်။

ထို့ကြောင့် ကံ,ကံ၏ အကျိုးကိုပယ်သော နတ္ထိက မိစ္ဆာဒိဋ္ဌိသည် လွန်စွာ ကြောက်လန့်ဖွယ် ကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com

ကံ,ကံ၏ အကျိုးကို ယုံကြည်သော ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ် မရှိသော မိစ္ဆာဒိဋ္ဌိတစ်ဦးအား ကံ,ကံ၏ အကျိုးကို ယုံကြည်အောင် ဟောပြောရခြင်း၊ တိုက်တွန်းရခြင်းကား လွယ်ကူသောအရေး မဟုတ်ပါ။

မဟာနာရဒဇာတ်တော်၌ ရဇာဒေဝီ မင်းသမီးသည် လွန်ခဲ့သော အတိတ်ခုနစ်ဘဝတို့ကိုမြင်၍ ဤသို့သော အကြောင်းကြောင့် အကျွန်ုပ် မိန်းမဖြစ်ခဲ့ရပါသည်ဟု ကိုယ်တွေ့ကိုပြ၍ ခမည်းတော် အင်္ဂတိမင်းကြီးကို ပြောပြသော်လည်း အင်္ဂတိမင်းကြီး၏ အယူဆိုးကို ပယ်ဖျောက်ခြင်းငှာ မစွမ်းနိုင်ပါ။ ထို့ကြောင့် နောက်ဘဝ မရှိဆိုသော မိစ္ဆာအယူ ၊ လူသေလူဖြစ်၊ ခွေးသေခွေးဖြစ် ဟူသော သဿတအယူတို့ကို ချေချွတ်ရန် မလွယ်ကူပါ။ သို့သော် ပါဠိတော်လာ ပေတဝတ္ထု၊ ဝိမာနဝတ္ထုတို့သည် ဤသို့ သော အယူဆိုးကြီးများကို ချေဖျက်နိုင်စွမ်း ရှိကြပါသည်။

လောကရှိ သတ္တဝါအနန္တတို့ကို မည်သို့သော တန်ခိုးကြီး ပုဂ္ဂိုလ်ကမှ ဖန်ဆင်း၍ ဖြစ်ပေါ်လာသည် မဟုတ်၊ သူ့အကြောင်းနှင့်သူ ဖြစ်ပေါ်လာခြင်းသာ ဖြစ်သည်။ ကောင်းမှုကို အကြောင်းခံ၍ ဤသို့သော ကောင်းကျိုးကို ခံစားရသည်။ မကောင်းမှုကို အကြောင်းခံ၍ ဤသို့သော မကောင်းကျိုးကို ခံစားရသည်ဟု ဝိမာနဝတ္ထု၊ ပေတဝတ္ထုတို့က ပြောပြကြပါသည်။

ကြည်လှမောင်စာပေ



ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဟူ၍ အပါယ်လေးဘုံရှိရာ ပြိတ္တာနှင့်အသုရကာယ်ကို ဖြစ်ပုံခြင်းတူသောကြောင့် ရပ်ပြစ်ရစ်ပါး ရေတွက်ရာတွင် အသုရကာယ်ကို ပြိတ္တာ၌ပေါင်းထည့်၍ အပါယ်သုံးပါးဟူ၍သာ ရေတွက်ပါသည်။

မြန်မာလူမျိုးများ ခေါ်ဝေါ်နေကြသော တစ္ဆေ, သူရဲ, အစိမ်း, ဘီလူး ဆိုသည်မှာလည်း ပြိတ္တာများပင် ဖြစ်ကြပါသည်။ ပြိတ္တာဟု လွယ်လွယ်ခေါ်ဝေါ်နေကြသော်လည်း ထိုပြိတ္တာကား အမျိုးမျိုးရှိပါသည်။

ပြိတ္တာအမျိုးမျိုးရှိ၍ အချို့ပြိတ္တာတို့ကား ငရဲခံရသကဲ့သို့ မပြတ်သွင်းပန်းနှိပ်စက်ခြင်းကို ခံကြရသည်။ အချို့ပြိတ္တာတို့ကား နေ့ခံညစံ၊ ညခံနေ့စံဖြင့် တစ်ခါတစ်ရံ နတ်ကဲ့သို့၊ တစ်ခါတစ်ရံ ငရဲသူတို့ကဲ့သို့ ဖြစ်ကြရသည်။ အချို့သော ပြိတ္တာများကား အလွန်ဘုန်းတန်ခိုးကြီး၍ လူတို့ထက် ချမ်းသာမှုသာလွန်သည်ဟု ထင်ကြရသည်။

ပြိတ္တာဟူသည် အပါယ်လေးဘုံ၌ ပါဝင်သောကြောင့် အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသူများ ဖြစ်ကြသည်။ ထိုအကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ စိတ်သည်ကား ဟိတ် လုံးဝမရှိသော အဟိတ်စိတ်ဖြစ်၏။ အဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေသောကြောင့် အပါယ်သတ္တဝါများကို အဟိတ်ပုဂ္ဂိုလ်များဟူ၍ ခေါ်ကြ၏။

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

အဟိတ်ပုဂ္ဂိုလ်သည် သုဂတိအဟိတ်ပင်ဖြစ်စေ၊ ဒုဂ္ဂတိအဟိတ်ပင် ဖြစ်စေ ပဋိသန္ဓေစိတ် ချို့သောကြောင့် လွန်စွာ ဉာဏ်ထိုင်းကြသည်။

ထိုဘဝ၌ တစ်မဂ်တစ်ဖိုလ် လုံး၀ ရနိုင်ခွင့်မရှိပါ။ သို့သော် ပြိတ္တာဟူသည် လွန်စွာ ထူးဆန်းသောသတ္တဝါဖြစ်သည်။ ပြိတ္တာဟု ခေါ်ဆိုရပါလျက် ဒွိဟိတ်ပဋိသန္ဓေနေသောပုဂ္ဂိုလ်၊ တိဟိတ်ပဋိသန္ဓေနေသော ပြိတ္တာပင်ရှိ၏။ ဆင်းဆင်းရဲရဲ၊ ငတ်ငတ်ပြတ်ပြတ်ဘဝမှ သူတစ်ပါး အလှူကို သာခုခေါ်ရ၍ နတ်အဖြစ်သို့ ရောက်သွားသော ပြိတ္တာလည်းရှိ၏။

ဓမ္မပဒ အဋ္ဌကထာ၌လာသော သာနုသာမဏေ၏ ယခင်ဘ၀က မိခင်သည် ယခုအခါ ဘီလူးမ ဖြစ်နေသည်။ ဘီလူးမဆိုသည်ကား ပြိတ္တာပင်တည်း။ သို့သော် သာနုသာမဏေ၏ သီလကို မှီ၍ နတ်သမီးတမျှ နေခဲ့ရသည်။ ပြိတ္တာသည် အကယ်၍ တိဟိတ်ပဋိသန္ဓေ ဖြစ်ငြားအံ့ ထိုဘ၀၌ပင် အရိယာဖြစ်နိုင်လေသည်။ ပိယင်္ကရမာတာ၊ ဥတ္တရမာတာတို့သည် ပြိတ္တာမဘ၀မှ အကျွတ်တရား ရကြသူများ ဖြစ်လေသည်။

ဤမျှဆိုလျှင် ဘုန်းကြီး၏ နိဒါန်းသည် အလွန်ရှည်လျားသွားပြီ ဖြစ်၍ ပြိတ္တာအကြောင်း ဤမျှနှင့် နိဂုံးချုပ်ပါမည်။

မောင်ခိုင်ခန့်သည် ပြိတ္တာနှင့်ပတ်သက်သော ဤစာအုပ်ကို ထုတ်ဝေသည်။ စာဖတ်သူသည် မကောင်းမှုကံကြောင့်





ပြိတ္တာဖြစ်တတ်သည်။ ဘ၀ဟူသည် တစ်ဘ၀တည်းမဟုတ်၊ ကောင်းမှု၊ မကောင်းမှုအားလျော်စွာ သံသရာ၌ ချာလပတ်လည်ရတတ်သည်ဟု ဤမျှလောက်သိလျှင်ပင် ကမ္မဿကတာဉာဏ် အခြေကိုရသောကြောင့် လွန်စွာ ကျေးဇူး များလှပါသည်။ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်သည် ဗုဒ္ဓဘာသာ၀င်ဖြစ်ရန် ပထမခြေလှမ်းဖြစ်၍ ကမ္မဿကတာဉာဏ်မျှ မဖြစ်သေးပါက လုံး၀ ဗုဒ္ဓဘာသာ၀င် မဖြစ်သေးပါ။

ကံ,ကံ၏ အကျိုးကို ယုံကြည်ခြင်းကြောင့် ရအပ်သော အကျိုးနှင့် ကံ,ကံ၏ အကျိုးကို မယုံကြည်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော အပြစ်များကို ဤစာအုပ်ကို ဖတ်ရှုသွားရင်း သိထားနိုင်သောကြောင့် "**ဤစာအုပ်ကား အပျော်တမ်းဖတ်ရန် စာအုပ်မဟုတ်ဘဲ တကယ်အရေးတကြီး သိသင့်သိထိုက်လှသော စာအုပ်ဖြစ်၍** မပျင်းမရိ ဖတ်ကြည့်စမ်းပါ"ဟု တိုက်တွန်းလိုက်ရပါသတည်း။

ဘဒ္ဒန္တ ဒေဝိန္ဒာဓိပတိ
နိုင်ငံတော်သြ၀ါဒါစရိယ၊ မြန်မာစာသြ၀ါဒါစရိယ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ထီးချိုင့်မြို့။



www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အမှာ

စာရေးသူအနေဖြင့် **“သရဲတစ္ဆေ ပြိတ္တာဘဝ တမလွန်မှ ပူးကပ်ခြောက်လှန့်ကြသူများ”** စာအုပ်ကို ရေးသားပြုစုခြင်းသည် သရဲတစ္ဆေ စသည့် ပြိတ္တာမျိုးနွယ်များအား ကြောက်လန့်စေရန်ခြောက်လှန့်ရေးသားခြင်း မဟုတ်ကြောင်း ရိုးသားစွာဖြင့် ဝန်ခံအပ်ပါသည်။ စာရေးသူ၏ အဓိကရည်ရွယ်ချက်မှာ ပြိတ္တာတို့၏ ကြမ်းတမ်းသည့် ရုပ်ဆင်းအင်္ဂါနှင့် စားရမဲ့ သောက်ရမဲ့ သနားကြင်နာဖွယ်ရာဘဝကို သိမြင်စေလိုသည့် ဆန္ဒပင် ဖြစ်သည်။ ထို့အတူ မိမိတို့ သေဆုံးသည့်အခါ ပြိတ္တာဘုံဘဝသို့ မရောက်ရှိစေရန်အတွက် အကုသလကမ္မပထနှင့် ဣဿာ မစ္ဆရိယ စသည့် အကုသိုလ်တရားဆိုးများမှ ကင်းစင်၍ ဝိပဿနာဘာဝနာတရား ပွားများအားထုတ်လာစေရန် အလို့ငှာ ရေးသားတင်ပြခြင်း ဖြစ်ပေသည်။

အချို့ အချို့သော လူပုဂ္ဂိုလ်တို့သည် သရဲတစ္ဆေစသည့် ပြိတ္တာမျိုးနွယ်များကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့မှ ယုံကြည်





လက်ခံသည်။ အထူးသဖြင့် တိုးတက်နေသည့် သိပ္ပံခေတ်ကို အကြောင်းပြု၍ သရဲတစ္ဆေ စသည့် ပြိတ္တာများ ရှိသည်ကို ယုံကြည်မှု မရှိကြပေ။ ယုံကြည်မှု မရှိသည်ကိုပင် ဂုဏ်ယူကြသည်။ ခေတ်မီသူများအဖြစ် ဝင့်ကြွားစွာ ပြောဆိုနေကြသည်။ အမှန်ဧကန်တွင်မူ ထိုသူတို့မှာ ခေတ်မီသူများ မဟုတ်ကြပေ။ ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မမူမီ နှစ်ပေါင်း (၂၅၀၀)ကျော်က သာသနာပခေတ်သို့ ပြန်လည်ရောက်ရှိသွားခြင်းသာ ဖြစ်ပေသည်။ အကြောင်းမှာ သာသနာပခေတ်မှ လူတို့သည်လည်း အကုသိုလ်၊ ကုသိုလ်ဟူ၍ ခွဲခြားမသိသကဲ့သို့ အပါယ်လေးဘုံမှ ပြိတ္တာဘုံကို မကြားရမမြင်ရသောကြောင့် ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်တစ်ဦး စစ်မှန်ခဲ့လျှင် ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော (၃၁)ဘုံအနက် ပြိတ္တာဘုံကို ယုံကြည်ရမည်သာ ဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ရဟန်းရှင်လူ ပရိသတ်အပေါင်းတို့အား ချီးမြှောက်သည့်အနေဖြင့် သာမန်စက္ခုဖြင့် မမြင်အပ်သည့် ပြိတ္တာများကို အဓိဋ္ဌာန်ဖြင့် ပြသခဲ့ရာ ပရိသတ်များ အားလုံး တွေ့မြင်ခဲ့ရသည်မှာ သာဓကတစ်ရပ် ဖြစ်သည်။ ထို့အတူ အရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးနှင့် တန်ခိုးရှင် ဒိဗ္ဗစက္ခုမျက်လုံးပိုင်ရှင်များလည်း မြင်တွေ့ခဲ့ဖူးသည့် သက်သေဖြစ်ရပ်များစွာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူအနေဖြင့် သာမန်စက္ခုဖြင့် မမြင်အပ်သည့် ပြိတ္တာများဘဝအကြောင်းကို ရေးသားပြုစုရာတွင် မယုံကြည်သူများအဖို့ အကျိုးမဲ့စေနိုင်သဖြင့် ယုံကြည်နိုင်လောက်သည့် အထောက်အထား အချက်အလက်များဖြင့် ခေတ်နှင့်အညီ ရှာဖွေတင်ပြထားပါသည်။

အထူးသဖြင့် စာရေးသူသည် မြန်မာပြည်တစ်ဝက်နီးပါးမျှ ခရီးသွားလာနေထိုင်ခဲ့ဖူးသဖြင့် အနယ်နယ် အရပ်ရပ်မှ ဒေသန္တရ ဇာတ်ဟုသုတတို့ကို ရှာမှီးခဲ့သည်။ စာရေးသူသည် ပြိတ္တာဘုံဘဝကို ယုံကြည်သော်လည်း ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်လိုသည့်ဆန္ဒ အားကြီးခဲ့သည်မှာ ငယ်ရွယ်စဉ်ကပင် ဖြစ်သည်။

သို့အတွက် ပြိတ္တာမျိုးနွယ်များ ရှိတတ်သည့် သုသာန်သချိုင်းများသို့ တစ်ယောက်တည်း သွားရောက်၍ အိပ်ခဲ့သည်။ သရဲတစ္ဆေခြောက်သည်ဆိုသော နေရာများသို့ လည်းကောင်း၊ ဥစ္စာစောင့်ရှိသည်ဆိုသော နေရာများသို့ လည်းကောင်း၊ ညအချိန်မတော် သွားခဲ့သည်။ အိပ်ခဲ့သည်။ ထိုစဉ်က သရဲတစ္ဆေ၊ ဥစ္စာစောင့်ဟူ၍ တစ်ကောင်တမြီးမှ မမြင်မကြား မတွေ့ခဲ့ရပေ။

ရန်ကုန်မြို့တွင် အခြေချနေထိုင်စဉ် ဒုတိယအကြိမ် ဒုလ္လဘရဟန်းဝတ်ခဲ့သည်။ (၁၉)ရက်မြောက်နေ့တွင် ပတ္တပိုဏ် ဆွမ်းဘုဉ်းပေး၍ ကြံတောသုသာန်သို့ အသုဘကမ္မဋ္ဌာန်းရှုရန် သွားရောက်ခဲ့သည်။





ထိုနေ့တွင် သင်္ဂြိုဟ်မည့် လူသေအလောင်း (၁၇)လောင်း ရှိသည်။ တစ်လောင်းပြီးတစ်လောင်း လိုက်ကြည့်ပြီး စာရေးသူ၏ စိတ်ကြိုက်အလောင်းတစ်ခုကို မျက်လုံးအိမ်တွင် စွဲထင်လာအောင် ရှုမှတ်သည်။ ထို့နောက် လူသူဝေးရာ အုတ်ဂူတစ်ခုပေါ်တွင် ထိုင်၍ အသုဘကမ္မဋ္ဌာန်း ရှုသည်။ ထိုစဉ် ခြေသံလိုလို၊ ခွေးတိုးသံလိုလို၊ လေတိုက်၍ သစ်ရွက်လှုပ်သံလိုလို ကြားရသည်။ စာရေးသူထင်သည့်အသံများမှာ တစ်ဖုံတစ်ခုမျှ မသေချာ မရေရာ။ မကြာမီ မည်သည့်အနံ့နှင့်မျှ မတူသော အပုပ်နံ့များရသည်။ ၎င်းနောက် ဆန္ဒင်းမှိုင်းနံ့ရသည်။

သရဲတစ္ဆေ စသည့် ပြိတ္တာများကို မြင်တွေ့လိုသော စာရေးသူသည် ရုပ်အကောင်အထည် မမြင်မတွေ့ရဘဲ အသံကြားရုံ၊ အနံ့ရရုံမျှဖြင့် အနည်းငယ်ကျောချမ်းသွားမိသည်။ ရှီးသားစွာ ဝန်ခံရလျှင် ကမ္မဋ္ဌာန်းကို ဖျက်၍ အတန်ကြာမျှ မေတ္တာပို့ အမျှပေးဝေလိုက်မိ၏။ မကြာသေးမီက စာရေးသူ ကြားရသည့် အသံများ၊ အပုပ်နံ့များ ပျောက်ပြယ်သွား၏။ ထူးခြားသည်မှာ အသံဗလံ မကြားရတော့ဘဲ အမွှေးနံ့ (ရေမွှေးနံ့နှင့် အမွှေးတိုင်နံ့) များ ရှူရှိုက်ခံစားရတော့သည်။

စာရေးသူပြောလိုသည်မှာ သရဲတစ္ဆေ စသည့် ပြိတ္တာမျိုးနွယ်များကို မြင်တွေ့လို၍ ယင်းတို့ ရှိတတ်သည့် နေရာများသို့ သွားခဲ့သည့်တိုင် မမြင်မတွေ့ရလျှင် အိမ်ပေါ်တွင် ထိုင်၍



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ လက်ဖက်ရည်ဆိုင်တွင် ထိုင်၍လည်းကောင်း သရဲတစ္ဆေပြိတ္တာများကို ကိုယ်တိုင်မြင်တွေ့မှ ယုံမည်ဆိုလျှင် အကျိုးမဲ့စကားသာ ဖြစ်ပေသည်။

သရဲတစ္ဆေ စသည့် ပြိတ္တာများကို ကိုယ်တိုင် မမြင်တွေ့ဖူးသော်လည်း ကိုယ်တိုင် မြင်တွေ့ဖူးသူများ ခေတ်အဆက်ဆက်၌ အများအပြား ရှိခဲ့သည်။ တမလွန်မှ ပူးကပ်ပြောသူများကြောင့်လည်း သရဲတစ္ဆေ စသည့် ပြိတ္တာမျိုးနွယ်များရှိကြောင်း သိလာကြသည်။

သို့ပါ၍ စာရေးသူအနေဖြင့် ဤစာအုပ်တွင် ပါရှိသည့် သရဲတစ္ဆေစသည့် ပြိတ္တာမျိုးနွယ်များအကြောင်းသည် ကိုယ်တိုင်ကြားသိ မြင်တွေ့ခဲ့ဖူးသူများထံမှ တစ်ဆင့် တွေ့ဆုံမေးမြန်းရေးသားထားခြင်း ဖြစ်ပါသည်။ ပြိတ္တာဘုံဘဝ အတွေ့အကြုံများနှင့် ပတ်သက်၍ အချို့အကြောင်းအရာများကို အမည်၊ နေရပ်လိပ်စာ အတိအကျ ဖော်ပြ၍၊ အချို့အကြောင်းအရာများကို ကာယကံရှင်များ၏ ဂုဏ်သိက္ခာကို လေးစားသောအားဖြင့် လွှဲပြောင်းရေးသားထားသည်မှအပ တကယ့်ဖြစ်ရပ်မှန်များကို ရေးသားထားပါသည်။

ယနေ့ခေတ် လူပုဂ္ဂိုလ်အချို့တို့သည် ရုပ်ဝတ္ထု တိုးတက်ပြောင်းလဲမှုကို အခြေခံ၍ ပြိတ္တာများအကြောင်း ရေးသားထားသည့် ခုဒ္ဒကနိကာယ်လာ ပေတဝတ္ထုတော်များကိုပင် ပုံပြင်သဖွယ်





သဘောထားလာသည်။ လွဲမှားသည့် အယူဝါဒများကိုပင် စွဲကိုင်လာကြသည်။

(၁) အကိရိယ ဒိဋ္ဌိ = ပြုသော်လည်း ပြုရာမရောက်ဟု ယူဆခြင်း။

(၂) နတ္ထိက ဒိဋ္ဌိ = ကောင်းမှုမကောင်းမှုသည် အကျိုးကို မဖြစ်စေနိုင်ဟု ယူဆခြင်း။

(၃) အဟေတုက ဒိဋ္ဌိ= အကြောင်းမဲ့ အလိုလို ဆင်းရဲချမ်းသာကြသည်ဟု ယူဆခြင်း။

ဤတရားသုံးပါးမှာ မိစ္ဆာဒိဋ္ဌိ အကြီးစား အယူဝါဒများပင် ဖြစ်သည်။ ယင်းအယူဝါဒ သုံးပါးအနက် တစ်ခုခုကို လက်ခံယုံကြည် ယူဆမိလျှင် ဝိပဿနာတရား ပွားများအားထုတ်သည့်တိုင် မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့မှ ကင်းဝေးစေနိုင်ပေသည်။

အချို့လူပုဂ္ဂိုလ်တို့ကမူ သတ္တဝါမှန်သမျှတို့၏ (၃၁)ဘုံဖြစ်စဉ် ဘဝသံသရာနှင့် ပတ်သက်၍ အကြောင်းကြောင့်သော်လည်းကောင်း၊ အကျိုးကြောင့်သော် လည်းကောင်း၊ အကျိုးအကြောင်းမဲ့ကြောင့်သော်လည်းကောင်း အမျိုးမျိုးထင်မြင်ယူဆကြသည်။ သဘောတရားရေးအမြင်၊ သဘောတရားရေး အယူအဆ ဒဿနတို့ဖြင့် အမှားအမှန်ကို စွဲလန်းယုံကြည်မှုဖြင့် ဆုံးဖြတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အမှန်အားဖြင့် လူတိုင်းလူတိုင်းသည် မိစ္ဆာဒိဋ္ဌိကြီး သုံးပါးမှ လွတ်ကင်းစင်ကြယ်လျက် ကံ, ကံ၏အကျိုးကို ယုံကြည်လက်ခံသည့် ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဖြစ်ရန်သာလိုအပ်သည်။ ကောင်းမှုကုသိုလ်လုပ်လျှင် ကောင်းကျိုးရ၏။ သုဂတိဘုံသို့ ရောက်ရ၏။ မကောင်းမှု အကုသိုလ်လုပ်လျှင် မကောင်းကျိုးရ၏။ ဒုဂ္ဂတိဘုံဘဝသို့ ရောက်ရ၏။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ အသူရကာယ်ဘုံများသို့ ရောက်ရှိရပေ၏။

သို့ပါ၍ စာရေးသူအနေဖြင့် ပုထုဇဉ်လူသားအားလုံးတို့အား အကုသိုလ်ကံတရားကြောင့် ပြိတ္တာဘုံဘဝသို့ မရောက်ရှိစေရန်နှင့် ထိတ်လန့်ကြောက်ရွံ့စေရန် အသိတရားဖြင့် သတိသံဝေဂဉာဏ် ရစေလိုသည်။ ပြိတ္တာများ ဖြစ်ပွားခဲ့ဖူးသည့် အကုသလ ကမ္မပထနှင့် ဣဿာမစ္ဆရိယ စသည့် တရားဆိုးများမှ ကင်းငြိမ်းစေလိုပေသည်။ အထူးသဖြင့် သတိသံဝေဂဉာဏ်စွမ်းဖြင့် အကုသိုလ်တရားဆိုး ကိလေသာမှန်သမျှ အစဉ်ထာဝရ ချုပ်ငြိမ်းပပျောက်၍ နိဗ္ဗာန်မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်စေရန် အထောက်အကူအလို့ငှာ **"သရဲတစ္ဆေ ပြိတ္တာဘဝ တမလွန်မှ ပူးကပ်ခြောက်လှန့်ကြသူများ"** စာအုပ်ကို ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပေသည်။

မောင်နိုင်ခန့်



နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ပြိတ္တာမိတ်ဆက်နိဒါန်း

"ချစ်သားအာနန္ဒာ ငါဘုရား၏ လက်သည်းတော်ပေါ်၌ ရှိသော မြေမှုန့်အရေအတွက်ရှိ လူတို့သည် လူ့ဘဝမှ သေလွန်၍ လူ့ဘဝကို ပြန်လည်ရရှိကြ၏။ ဤမဟာပထဝီ ကမ္ဘာမြေကြီးပေါ်၌ရှိသော မြေမှုန့်အရေအတွက်ရှိ လူသတ္တဝါတို့သည် ပြိတ္တာဘုံဘဝသို့ ရောက်ရှိရပေ၏"

နခသိခသုတ်တော်

နိဗ္ဗာန်သို့ မရောက်သေးသမျှ လူနတ်ဗြဟ္မာ သတ္တဝါမှန်သမျှတို့သည် သုံးဆယ့်တစ်ဘုံ ဝဲဂယက်အတွင်းဝယ် တဝဲလည်လည် စုန်ချည်ဆန်ချည် မျောကြရသည်။ ကောင်းမွန်မြင့်မြတ်၍ ချမ်းသာသုခကို ခံစားတွေ့ထိရသော ဘုံဘဝများနှင့် ဆိုးဝါးယုတ်ညံ့၍ ဆင်းရဲဒုက္ခအပေါင်းနှင့် တွေ့ထိခံစားရသော ဘုံဘဝများတွင် ဖြစ်လာကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝ၊ နတ်ဘဝတို့သည် ကောင်းမွန်မြင့်မြတ်သော အာရုံ အတွေ့အထိများကို ခံစားရသည့် သုဂတိဘုံဘဝများဖြစ်၍ ငရဲဘဝ၊ တိရစ္ဆာန်ဘဝ၊ ပြိတ္တာဘဝ၊ အသူရကာယ်ဘဝတို့သည် ဆိုးဝါးယုတ်ညံ့၍ မကောင်းသော အတွေ့အထိများနှင့် ခံစားရသည့် ဒုဂ္ဂတိဘုံဘဝများပင် ဖြစ်ပေသည်။

**“ပြိတ္တာဟူသည် လူ့ခန္ဓာကိုယ် အတ္တဘောမှ ကင်းကွာ (ကွယ်လွန်)၍ ချမ်းသာသုခမှ ကင်းဝေးသောအားဖြင့် ဖြစ်တတ်သော ဘုံဘဝ ဖြစ်သည်။”**

ပြိတ္တာဘုံဘဝသို့ ရောက်ရှိခံစားရခြင်းသည် ရှေးဘဝက မိမိကိုယ်တိုင် ပြုခဲ့သည့် မကောင်းမှု အကုသိုလ်ကံ တစ်ခုခု ကြောင့်ပင် ဖြစ်ပေသည်။ အကုသိုလ်ကံ အားကြီးသူတို့မှာမူ ငရဲဘဝသို့ ကျရောက်ခံစားပြီးမှ ပြိတ္တာဘဝသို့ ရောက်ရှိခံစား ကြရသည်။

အချို့မှာ လူ့ဘဝ၌ လူဖြစ်စဉ်ကာလတွင် မိမိအတွက် အကျိုးတရား တစ်စုံတစ်ရာမျှ မရှိသည့် ပြုရှုဝန်တိုခြင်း ကိစ္စ များကို ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြောဆိုပြုမူ ဆောင်ရွက်ကြသည်။ မိမိကိုယ်တိုင်လည်း မပေးလှူ၊ တစ်ပါးသော သူတို့ ပေးကမ်းလှူဒါန်းသည်ကိုလည်း တားမြစ်၏။ အန္တရာယ် ပြုကြ၏။ ထိုသူတို့ သေလွန်သည့်အခါ ပြိတ္တာဘဝသို့ ရောက်ရှိ ကြသည်။





အချို့သောသူတို့မှာ ကောင်းမှုကုသိုလ်များစွာကို ပြုလုပ်ခဲ့ ကြသည်။ သေအံ့မူးမူးအချိန်တွင် အမိအဖ၊ ဇနီး၊ သမီးသား၊ ဥစ္စာပစ္စည်း စသည်တို့ကို စွဲလန်းသည့် တဏှာစိတ်နှင့် သေဆုံး ခဲ့ကြသဖြင့် ပြိတ္တာဘဝ၌ ဖြစ်ကြရသည်။

ပြိတ္တာဘဝသို့ ရောက်ရှိခံစားစဉ်မှာပင် မိမိတို့ ပြုခဲ့ဖူးသည့် အကုသိုလ်ကံ အလေးအပေါ့အလိုက် ဆင်းရဲဒုက္ခ ခံစားရမှုမှာ ကွာခြားသည်။ အကုသိုလ်ကံကြီးလျှင် ကြီးသလို သေးလျှင် သေးသလို ခံစားကြရသည်။ မည်သို့ပင်ဖြစ်စေ၊ ပြိတ္တာဘဝသို့ ရောက်ရှိလျှင်မူကား ယုတ်ညံ့သောဘဝသို့ ရောက်ရှိသည်ဟုပင် တရားသေ စွဲမှတ်ထားရှိရမည်သာ ဖြစ်ပေသည်။

**(က) ပြိတ္တာဘဝမျိုးစုံသို့ ရောက်ရှိရခြင်း၏ အကြောင်းတရားများ**

(၁) နှုတ်စောင့်စည်းမှုမရှိ၊ ကိုယ်ဖြင့်သာ စောင့်စည်းမှု ရှိသူ တို့သည် သေလွန်သည့်အခါ ဝက်မျက်နှာနှင့်တူသော မျက်နှာဖြင့် ခန္ဓာကိုယ်မှာ ရွှေအဆင်းရှိသော ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

(၂) အပြောအဆို ကြမ်းတမ်း၍ ခြိုးခြံချွေတာသော အကျင့် ရှိသူတို့သည် သေလွန်သည့်အခါ ရုပ်အဆင်းအားဖြင့် တင့်တယ်သော်လည်း ခံတွင်းမှာ ပုပ်သိုး၍ ပိုးလောက်ထိုး ခံရသော ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com

(၃) မယားပြိုင်တို့သည် ကိုယ်ဝန်ရှိစဉ်ကာလများ၌ တစ်ဦးကို တစ်ဦး မသိအောင် ကိုယ်ဝန်ဖျက်ချခဲ့ကြပြီး ဟုတ်မှန်ပါလျက် "ကိုယ့်သား ကိုယ်စားရပါစေ"ဟု လိမ်လည်ကျိန်ဆိုခဲ့သည့်စကားကြောင့် သေလွန်သည့်အခါ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် သား ငါးယောက် (သို့မဟုတ်) ခုနစ်ယောက်တို့ကို စားသောက်ကာ အစဉ်ထာဝရ ဆာလောင်မွတ်သိပ်နေသည့် ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

(၄) လင်ယောက်ျား အလှူပေးလှူသည်ကို မယားဖြစ်သူက မကြည်ဖြူသဖြင့် အမျိုးမျိုး ကျိန်ဆဲရာတွင် "သင့်အဝတ်တို့သည် သံပြားနှင့် တူပါစေ"ဟု ကျိန်ဆဲမိသူများ သေလွန်သည့်အခါ သွေးပြည်အညစ်အကြေးများကို စားလျက် သံပြားအဝတ်ကို ဝတ်ရသည့် ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

(၅) ရေးဘဝများက အလှူဒါနပြုရမည်ကို မသိသဖြင့် အလှူဒါန မပြုခဲ့သူများ သေလွန်သည့်အခါ ကြုံလှီငတ်မွတ်၍ အဝတ်မပါသော ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

(၆) မယားပြိုင်များသည် တစ်ဦးပေါ်တစ်ဦး ဝန်တိုမိစ္ဆာစိတ်ဖြင့် မကောင်းမှုတို့ကို အဆန်းတကြယ် ပြုလုပ်ခဲ့သူများ သေလွန်သည့်အခါ အဝတ်မပါ ပိန်လှီချိနဲ့သော ကိုယ်ခန္ဓာရှိသည့် ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။





(၇) လင်ယောက်ျားအပေါ်တွင် ရိုင်းစိုင်းကြမ်းတမ်းစွာ ပြောဆိုဆက်ဆံ၍ မရိုမသေပြုသူများ သေလွန်သည့်အခါ ရုပ်သွင်မည်းနက်၍ ကြောက်မက်ဖွယ် ရုပ်ဆင်းပုံသဏ္ဌာန်ရှိသော ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

(၈) သူဌေးသူကြွယ်များ ဖြစ်ပါလျက် အလှူခံပုဂ္ဂိုလ်များလာသည်ကို မကြိုက်၍ တံခါးပိတ်ကာ တားမြစ်သူများ သေလွန်သည့်အခါ အနှစ်ငါးဆယ့်ငါးနှစ် ကာလပတ်လုံး အစာရေစာ မတွေ့မမြင်ရဘဲ ဒုက္ခကြီးစွာ ခံစားရသည့် ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

(၉) သားဖြစ်သူ အလှူဒါနပြုသည်ကို မိခင်က မနှစ်သက်၍ ဆဲရေးကန့်ကွက်သူများ သေလွန်သည့်အခါ ငါးဆယ့်ငါးနှစ်ပတ်လုံး အစာနှင့် ရေတို့ကို စားသောက်ရခြင်း အလျဉ်းမရှိ၊ မြစ်ရေကို တွေ့သော်လည်း မြေပြင်အတိ ဖြစ်၍ ရေမသောက်ရဘဲ ဒုက္ခကြီးစွာ ခံစားရသည့် ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

(၁၀) သီလရှိသော လင်ယောက်ျားအပေါ် ဖောက်ပြားကျူးလွန်၍ ကျူးလွန်ဖောက်ပြားသည်ကို လင်ယောက်ျားသိသည့်အခါ "ခွေးစားခံရပါစေ"ဟု ကျိန်စာဆိုခဲ့မိသောသူများ သေလွန်သည့်အခါ နေ့အခါဆင်းရဲဒုက္ခ ခံစား၍ ညအခါတွင် ခွေးစားခံရသည့် ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၁၁) မကောင်းမှု အကုသိုလ်များကို အစဉ်တစိုက် ပြုခဲ့သူများ သေလွန်သည့်အခါ အဝတ်မပါ အစားအစာ မစားရသည့် ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

(၁၂) အလှူဒါနပြုစရာ ပစ္စည်းများ ရှိပါလျက် မလှူဒါန်းဘဲ လှူမည့်အစား စွန့်ပစ်၍ အလှူခံပုဂ္ဂိုလ်တို့အား ဆဲရေးတိုင်းထွာသူများ သေလွန်သည့်အခါ အဝတ်မပါ လူတစ်ပိုင်း၊ ပြိတ္တာတစ်ပိုင်းဖြင့် ဆင်းရဲဒုက္ခ ခံရသည့် ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

(၁၃) ကောင်းမှုကုသိုလ်ကံနှင့် မကောင်းမှုအကုသိုလ်ကံများကို ယှဉ်တွဲ၍ ပြုလုပ်ခဲ့သူများ သေလွန်သည့်အခါ ဗိမာန်ဘုံနန်း ရှိသော်လည်း အထီးကျန်တစ်ကိုယ်တည်းနေရသော ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

(၁၄) အိမ်ရှင်မဖြစ်စဉ် အမိကို ညှဉ်းပန်းနှိပ်စက်၍ လင်ယောက်ျားကို ဂရုမစိုက် မသားစကားဆိုကာ ဒါနမပြုခဲ့သူများ သေလွန်သည့်အခါ ဦးခေါင်းကို သံတင်းပုတ်ဖြင့် အရိုက်ခံရသည့် ပြိတ္တာမျိုး၊ မစင်စားရသည့် ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

(၁၅) အလှူဝတ္ထုပစ္စည်း ရှိပါလျက် မပေးလှူသူများ သေလွန်သည့်အခါ ခန္ဓာကိုယ်မှာ နံရိုးပြိုင်းပြိုင်းထလျက် မြစ်ကို





တွေ့သော်လည်း ရေမရှိ၊ လေတိုက်သော်လည်း မီးအပူကဲ့သို့ ခံစားရသည့် ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

(၁၆) သားကောင်လိုက်မုဆိုးများသည် နေ့အခါသာ သူ့အသက်သတ်၍ ညအခါ ရှောင်ကြဉ်ခဲ့သူများ သေလွန်သည့်အခါ ညအခါ ချမ်းသာခံစားကာ နေ့အခါတွင် ခွေးစားခံရသည့် ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

(၁၇) တရားရုံးများတွင် မမှန်မကန်ထွက်ဆို၍ တစ်ဖက်သားနစ်နာစေရန် ကုန်းတိုက်စကားဆိုသည့် သက်သေများ၊ လာဘ်ပေးလာဘ်ယူပြုသည့် တရားသူကြီးများ သေလွန်သည့်အခါ မိမိပြုခဲ့ဖူးသည့် ကုသိုလ်ကံကြောင့် နတ်သမီးအခြွေအရံများနှင့်နေရလျက် အကုသိုလ်ကံကြောင့် မိမိကျောက်ကုန်းသားကို ထိုးကော်စားသောက်ရသည့် ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

(၁၈) ခါတ်တော်များ ဌာပနာထားသည့် စေတီပုထိုးများအားပုဖော်သက္ကာယ ပြုသူတို့ကို အပြစ်ပြောဆို၍ တားမြစ်သူများ သေလွန်သည့်အခါ အပုပ်နံ့လှိုင်သော ခံတွင်းရှိလျက် ပိုးလောက်တို့ စားသောက်ခြင်း ခံရသည့် ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

(၁၉) များယွင်းသော မိစ္ဆာဝါဒ အယူရှိသူများ သေလွန်သည့်အခါ ညောင်ပင်(သစ်ပင်)များတွင် ပြိတ္တာ ဖြစ်တတ်သည်



www.burmeseclassic.com

www.burmeseclassic.com



အလှူဒါနပြု၍ အမျှဝေလျှင် သာဓုခေါ်နိုင်က ချမ်းသာသုခ ခံစားရသော ရုက္ခစိုးပြိတ္တာအဖြစ်သို့ ရောက်ရှိနိုင်သည်။

(၂၀) ကြံခင်းရှင်ဖြစ်စဉ် တစ်ဦးတစ်ယောက်က ကြံတောင်းသည်ကို မကြည်မသာ မကြိုက်မနှစ်သက်သော အမူအရာဖြင့် ကြံကို နောက်ပြန်ပြစ်ပေးမိသူများ သေလွန်သည့်အခါ ကြံပင်များကို တွေ့ရသော်လည်း မျက်နှာလှည့်၍ မရဘဲ ဆင်းရဲဒုက္ခကြီးစွာဖြင့် ကြံနောက်ပြန်စားရသော ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

(၂၁) အနာဂတ်ချမ်းသာရေးကို မမျှော်လင့်၊ ပစ္စုပ္ပန်အပျော်အပါး အမှုကိစ္စတို့အတွက် အကုသိုလ်ကံများသာ ပြုလုပ်သော သူများ သေလွန်သည့်အခါ အောက်တန်းကျသော ဘဝဖြင့် ဒုက္ခဆင်းရဲ ခံစားရသော ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

(၂၂) ရဟန်းသံဃာတော် အရှင်သူမြတ်တို့အား ဆဲရေးတိုင်းထွာသူများ သေလွန်သည့်အခါ မစင်စားပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

(၂၃) သူတစ်ပါး မေ့ကျန်သည့် ပစ္စည်းများကို ရယူကာ အသက်မွေးဝမ်းကျောင်းပြု၍ အလှူဒါနမပြုသူများ သေလွန်သည့်အခါ မြစ်တွေ့သော်လည်း ရေမမြင်ရ၊ မိုင်ပေါင်းများစွာ အစာရှာထွက်သော်လည်း အစာမရ။ သစ်ပင်ရှိသော်လည်း



အရိပ်မရှိ။ လေအေးတိုက်သော်လည်း ပူပြင်းသော ဝေဒနာတို့ကို ခံစားရသည့် ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

(၂၄) သေရည်သေရက်တို့ဖြင့် စည်းစိမ်ယစ်မူးလျက် ရဟန်းသံဃာတော် အရှင်သူမြတ်များနှင့် ပစ္စေကဗုဒ္ဓါတို့၏ သပိတ်ကို အတင်းလုယူ ရိုက်ခွဲသူများ သေလွန်သည့်အခါ အဝီစိငရဲတိုင်အောင် ကျရောက်ခံစားရသည့် ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

(၂၅) ရဟန်းသံဃာတော် အရှင်သူမြတ်များနှင့် ပစ္စေကဗုဒ္ဓါတို့၏ ဦးခေါင်းကိုခဲဖြင့် ပစ်ပေါက်သူများ သေလွန်သည့်အခါ ကြောက်လန့်စွာ ပြေးလွှားနေရပြီး ဦးခေါင်းကို သံတူခြောက်သောင်းဖြင့် အစဉ်ထာဝရ ရိုက်ခွဲခံရသဖြင့် ဆင်းရဲဒုက္ခကြီးစွာ ခံစားရသော ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

(၂၆) သံဃာအား လှူဒါန်းရန် ရည်မှန်းထားသည့် ဆွမ်းဦးကို စားမိသူများ သေလွန်သည့်အခါ ကျီးပြိတ္တာမျိုး၌ ဖြစ်ရတတ်သည်။

(၂၇) အလေးချိန်ခွင် ခိုးယူသူများ၊ ကောင်းသည့်ပစ္စည်းနှင့် မကောင်းသည့်ပစ္စည်းများကို ရောနှောရောင်းချသူများ သေလွန်သည့်အခါ ဖွဲပြာမီးများ ဦးခေါင်းထက် ကျလျက်



www.burmeseclassic.com

www.burmeseclassic.com



သံတင်းပုတ်နှင့် အထုခံရသည့် ပြိတ္တာမျိုး၌ လည်းကောင်း၊ မိမိကျောက်ကုန်းသားကို ဖဲ့ယူစားသောက်ရသည့် ပြိတ္တာမျိုး၌လည်းကောင်း၊ မစင်စားရသည့်ပြိတ္တာမျိုး၌ လည်းကောင်း ဖြစ်တတ်သည်။

(၂၈) ရဟန်းသံဃာတော် အရှင်သူမြတ်တို့၏ ဥယျာဉ်ကို ဖျက်ဆီးသူများသေလွန်သည့်အခါ ရေတစ်စက်မှ မသောက်ရသော ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

(၂၉) ဘုရားရှင်တို့အား ပြစ်မှားပြောဆိုမိသူများ သေလွန်သည့်အခါ အတိုင်းအဆမရှိသည့် ဆင်းရဲဒုက္ခခံရသော ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

(၃၀) ရဟန်းသံဃာတော် အရှင်သူမြတ်တို့၏ ဆန်ကို အနည်းငယ်မျှ ခိုးယူချက်ပြုတ် စားသောက်သူများ သေလွန်သည့်အခါ အရိုးနှင့် အရေမျှသာရှိသော ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။

(၃၁) စေတီပုထိုးများမှ တံခွန်၊ ကုက္ကားများကို ဖြုတ်ယူ၍ဖြစ်စေ၊ လေလွင့်ပါလာရာမှ ကောက်ယူ၍ဖြစ်စေ အင်္ကျီ၊ ပုဆိုး စသည်ဖြင့် ချုပ်ကာ ဝတ်ဆင်သုံးစွဲသူများ သေလွန်သည့်အခါ သံပြားပုဆိုး အင်္ကျီများ ဝတ်ဆင်ရသည့် ပြိတ္တာမျိုး၌ ဖြစ်တတ်သည်။





(၃၂) မဟုတ်မမှန် လိမ်ညာဟောပြော၍ နတ်ကတော်၊ နတ်ဝင်သည်များအဖြစ် **လှည့်စားသူများ** သေလွန်သည့်အခါ အလွန်ပုပ်စော်နံ၍ **စက်ဆုပ်ရွံရှာဖွယ်ရှိသည့်** ရုပ်အဆင်းအင်္ဂါဖြင့် လင်းတ၊ **ကျီး၊ သိန်း၊** ခွေးများ လိုက်လံထိုးဆိတ်ခြင်းခံရသည့် **ပြိတ္တာမျိုး၌** ဖြစ်တတ်သည်၊

အထက်ပါ **ပြိတ္တာမျိုးတို့၏** ဘဝနှင့် ပြိတ္တာဘဝ ရောက်ရှိရခြင်း **အကြောင်းတရားများအပြင်** မိမိတို့ပြုခဲ့သည့် အကုသိုလ်ကံအကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်ရသည့် အသချေ်ယျ အနန္တမျှ များပြားလှသည့် **ပြိတ္တာမျိုးပေါင်းများစွာလည်း** ရှိပေသည်။

(ခ) **အမျိုးအမည်၊ အဆင့်အတန်း၊** ပုံသဏ္ဍာန် ကွဲပြားသော **ပြိတ္တာမျိုးများ**

ပြိတ္တာများ၏ **အမျိုးအမည်၊** အဆင့်အတန်း၊ ပုံသဏ္ဍာန်များ ခွဲခြားရာတွင် ရှေးဦးစွာ သံဂါယနာတင်အဋ္ဌကထာများ၊ ဋီကာကျမ်းကြီးများ၏ **အဆိုအမိန့်များအရ** လေးမျိုးလေးစားရှိသည်။

၁။ သူတစ်ပါး ပေးစာကမ်းစာကိုသာ စားသောက်၍ အသက်ရှင်ရသည့် ပြိတ္တာမျိုး။ (ပရဒတ္တူပဇီဝိက ပြိတ္တာ)



www.burmeseclassic.com

www.burmeseclassic.com

၂။ ထမင်းငတ်ခြင်း၊ ရေငတ်ခြင်း (အစာငတ်ခြင်း)တို့ဖြင့် အစဉ်ထာဝရ ဆင်းရဲဒုက္ခ ခံစားရသော ပြိတ္တာမျိုး။ (ခုပ္ပိပါသိက ပြိတ္တာ)

၃။ အမြဲမပြတ် အကြွင်းမဲ့လောင်ကျွမ်းခြင်း ခံရသဖြင့် ပူပန်ခြင်းရှိသည့် ပြိတ္တာမျိုး။ (နိဇ္ဈာမတဏှိက ပြိတ္တာ)

၄။ အသူရကာယ်ဟု သီးခြားခေါ်ဆိုသည့် ကာလသဉ္စိက ပြိတ္တာမျိုး။ (ကာလသဉ္စိက ပြိတ္တာ)

ကာလသဉ္စိက ပြိတ္တာမျိုးဟု အမျိုးအမည်အားဖြင့် ခေါ်ဆိုသော်လည်း အသူရကာယ်မျိုးသာ ဖြစ်သည်။ သို့ဖြစ်၍ ရှေးရှေး ကျမ်းပြုဆရာတော်ကြီးများက အသူရကာယ်ဘုံကို ပြိတ္တာဘုံ၌ ထည့်သွင်း ကျမ်းပြုတော်မူခဲ့ကြသည်။ သို့သော် အပါယ်သုံးဘုံဟု ခေါ်လေ့မရှိဘဲ အပါယ်လေးဘုံဟုသာ ခေါ်ဆိုရေးသား ဟောပြောခဲ့ကြသည်။

(အသူရကာယ်မျိုးဝင် ကာလသဉ္စိကပြိတ္တာ၏ ခန္ဓာကိုယ် အတ္တဘောမှာ အလွန်ကြီးမားသည်။ (၆)မိုင်ခန့် (သုံးဂါဝုတ်) ရှိ၏။ အသွေးအသား အနည်းငယ်မျှသာရှိပြီး အရိုးနှင့် အရေမျှသာ ရှိသဖြင့် သစ်ရွက်ကဲ့သို့ ခြောက်ကပ်နေသည်။ မျက်စိတို့မှာ





ပုဇွန်မျက်လုံးကဲ့သို့ ပြူးထွက်လျက် ဦးခေါင်းထိပ်၌ ရှိသည်။ ပါးစပ်ပေါက်မှာလည်း အပ်ပေါက်မျှသာ ရှိသည်။ အစားအစာများကို ခါးညွှတ်ကုန်း၍ ရယူကြသည်။)

ပြိတ္တာအမျိုးအမည်များနှင့် ပတ်သက်၍ လောကပညတ္တိကျမ်း၊ ဆဂတိဒီပနီကျမ်းတို့၌မူ ပြိတ္တာ (၁၂)မျိုးရှိသည်။ ယင်းပြိတ္တာမျိုးများသည် ဟိမဝန္တာတောင်နံပါး ဂိဇ္ဈကုဋ်တောင်၌ ပြိတ္တာမြို့အဖြစ် တည်ရှိနေထိုင်ကြသည်။ ယင်းပြိတ္တာ(၁၂)မျိုးတို့မှာ –

၅။ ထမင်း၊ ရေ အလွန်ငတ်၍ တစ်ခါတစ်ရံမှ ထမင်းမစားရဘဲ ဆင်းရဲကြီးစွာ ဒုက္ခခံစားလျက် တစ်ပါးသူတို့ စွန့်ပစ်သည့် နပ်၊ တံတွေး၊ အန်ဖတ် စသည်တို့ကိုသာ စားရသော ပြိတ္တာမျိုး။ (ဝန္တာသပြိတ္တာ)

၆။ မြွေသေကောင်ပုပ်၊ ခွေးသေကောင်ပုပ်၊ လူသေကောင်ပုပ် စသည်တို့ကို တွေ့သည့်အခါ စား၍ မတွေ့သည့်အခါ ဆာလောင်ငတ်မွတ်နေရသော ပြိတ္တာမျိုး။ (ကုဏပါသ ပြိတ္တာ)

၇။ မစင်စားရသော ပြိတ္တာမျိုး။ (ဂူထခါဒကပြိတ္တာ)

၈။ နေ့ရောညပါ ပါးစပ်ခံတွင်းမှ မီးတောက်မီးလျှံများ ထွက်သော ပြိတ္တာမျိုး။ (အဂ္ဂိဇာလမုခပြိတ္တာ)



www.burmeseclassic.com

www.burmeseclassic.com

(ယင်းမီးလျှံများသည် လျှာနှင့်နှုတ်ခမ်းတို့အား လောင်ကျွမ်းလျက် အပြင်ဘက်သို့ (၁၂ ဒဿမ ၇ မိုင်) တစ်ယူဇနာအထိ ရောက်ရှိသည်။)

၉။ အပ်ပေါက်မျှ ပါးစပ်ခံတွင်းရှိသော ပြိတ္တာမျိုး။ (သူစိမုခပြိတ္တာ)

(ယင်းပြိတ္တာမျိုးများသည် ခန္ဓာကိုယ်ကြီး၍ ရှည်လျားသည်။ ပါးစပ်ခံတွင်းမှာ အပ်ပေါက်မျှသာ ရှိသဖြင့် အစာစားသည့်အခါ ပါးစပ်ပေါက်မှ မစားသောက်နိုင်ပေ။ နားပေါက်၊ နှာခေါင်းပေါက်တို့မှ အစာကို သွတ်သွင်းကြရသည်။ အချိန်ကာလ ကြာရှည်စွာ ငတ်မွတ်ဆာလောင်လျက် အနည်းငယ်မျှသာယာမှု မရှိသော ပြိတ္တာမျိုး ဖြစ်သည်။)

၁၀။ ရေငတ်မွတ်သိပ်မှုဖြင့် ပြင်းထန်စွာ နှိပ်စက်ခံရသော ပြိတ္တာမျိုး။ (တဏှာဋ္ဌိတပြိတ္တာ)

(ယင်းပြိတ္တာမျိုးမှာ တစ်ခါတစ်ရံမျှ ရေမသောက်ရ။ ရေဆာလောင်ငတ်မွတ်လွန်းသဖြင့် ရေတွင်း၊ ရေကန်၊ မြစ်၊ ချောင်း၊ အင်းအိုင်၊ သမုဒ္ဒရာ ရှိရာသို့ ရောက်ရှိသည့်တိုင် ရေတို့သည် ပြည်၊ သွေး၊ ကျင်ကြီး၊ ကျင်ငယ်၊ ဖွဲပြာကဲ့သို့သာ မြင်တွေ့ကြရသည်။ ထင်မှတ်ကြရသည်။)





၁၁။ အလွန်အမင်း အကြွင်းမဲ့ လောင်ကျွမ်းထားသည့် မီးလောင်ငုတ်နှင့်တူသော ပြိတ္တာမျိုး။ (သုနိဇ္ဈာမကပြိတ္တာ)

၁၂။ ဓား လက်နက်နှင့်တူသော အင်္ဂါရှိသည့် ပြိတ္တာမျိုး။ (သတ္တင်္ဂပြိတ္တာ)

(ယင်းပြိတ္တာမျိုးတို့၏ ခြေသည်း လက်သည်းများသည် ဓားသွားများ၊ ငါးမျှားချိတ်များနှင့် တူ၍ မိမိကိုယ်ခန္ဓာကို ကုတ်ဖြတ်ခြစ်ကော်၍ အသွေးအသားများကို စားရသည်။)

၁၃။ နေ့ညမပြတ် လောင်မြိုက်၍ အခိုးအငွေ့များစွာ ထွက်သော တောင်ကြီးတစ်လုံးခန့် ပမာဏမျှ ကိုယ်ခန္ဓာရှိ ပြိတ္တာမျိုး။ (ပဗ္ဗတင်္ဂပြိတ္တာ)

၁၄။ မီးလျှံများ တပြောင်ပြောင် တောက်လောင်၍ ကိုယ်ခန္ဓာမှာ စပါးကြီးမြွေနှင့်တူကာ ညဥ့် လှည့်လည်သွားလာနေရလျက် နေ့၌ ထူးခြားဆန်းကြယ်သည့် ဆင်းရဲဒုက္ခခံစားနေရသည့် ပြိတ္တာမျိုး။ (အဇဂရင်္ဂပြိတ္တာ)

၁၅။ ဗိမာန်၌ဖြစ်သော ပြိတ္တာမျိုး။ (ဝေမာနိကပြိတ္တာမျိုး)

(ယင်းပြိတ္တာမျိုးကို ဝေမာနိကပြိတ္တာမျိုးဟု ခေါ်သည်။ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို ရောနှောပြုလုပ်ခဲ့မိသဖြင့် နေ့အခါ နတ်ဗိမာန်တွင် နတ်စည်းစိမ်ကို ခံစားရ၍ ညအခါတွင် ဆင်းရဲဒုက္ခ ခံကြရသည်။)



www.burmeseclassic.com

www.burmeseclassic.com

၁၆။ တန်ခိုးကြီးသော ပြိတ္တာမျိုး။ (မဟိဒ္ဓိကပြိတ္တာ)

(ယင်းပြိတ္တာမျိုးများသည် ပြိတ္တာများအားလုံး၏ အကြီးအမှူးဖြစ်သည်။ အဆင်းလှ၍ စည်းစိမ်အလွန်ကြီးမားသည်။ သို့သော် စားစရာ ဘောဇဉ်မရ၊ တစ်ခါတစ်ရံ ထမင်း၊ အဖျော်စသည့် ဘောဇဉ်တို့ကို ရသော်လည်း စားသောက်ခွင့် မရသည့် ဆင်းရဲဒုက္ခ ကြီးမားသော ပြိတ္တာမျိုး ဖြစ်သည်။)

အထက်ပါ လောကပညတ္တိကျမ်းနှင့် ဆဂတိဒီပနီကျမ်းလာ ပြိတ္တာ (၁၂)မျိုးအပြင် ပါရာဇိကကဏ်ပါဠိတော်နှင့် သံယုတ်ပါဠိတော်လာ ပြိတ္တာ (၂၁)မျိုးလည်း ရှိသည်။ ယင်းတို့ကား -

၁၇။ အရိုးစု အရိုးဆက် ပြိတ္တာမျိုး။ (အဋ္ဌိသင်္ခလိကပြိတ္တာ)

၁၈။ အသားတစ်ပြိတ္တာမျိုး။ (မံသပေသိကပြိတ္တာ)

၁၉။ အသားစိုင်ပြိတ္တာမျိုး။ (မံသပိဏ္ဍပြိတ္တာ)

၂၀။ အရေမရှိသော ယောကျ်ားပြိတ္တာမျိုး။ (နိစ္ဆဝိပုရိသပြိတ္တာ)

၂၁။ ခန္ဓာကိုယ်တစ်ခုလုံးတွင် သန်လျက်မွေးကဲ့သို့ ပေါက်နေသည့် ပြိတ္တာမျိုး။ (အသိလောမပြိတ္တာ)

၂၂။ လှံကဲ့သို့ အမွေးပေါက်နေသည့် ပြိတ္တာမျိုး။ (သတ္တိလောမပြိတ္တာ)

၂၃။ မြှားကဲ့သို့ အမွေးပေါက်နေသည့် ပြိတ္တာမျိုး။ (ဥသုလောမပြိတ္တာ)





၂၄။ အပ်ကဲ့သို့ အမွေးပေါက်နေသည့် ပြိတ္တာမျိုး။ (သူစိလောမပြိတ္တာ)

၂၅။ ခန္ဓာကိုယ်တစ်ခုလုံးတွင် အပ်များ ထွက်ချည်ဝင်ချည်ဖြင့် အပ်မွေးပေါက်နေသည့် ပြိတ္တာမျိုး။ (ဒုတိယသူစိလောမပြိတ္တာ)

၂၆။ အိုးစရည်းပမာဏ ဝှေးစေ့ရှိသည့် ပြိတ္တာမျိုး။ (ကုမ္ဘဏ္ဍပြိတ္တာ)

၂၇။ ကျင်ကြီးတွင်း (အိမ်သာကျင်း)၌ ဖြစ်သော ပြိတ္တာမျိုး။ (ဂူထကူပနိမုဂ္ဂပြိတ္တာ)

၂၈။ မစင်စားပြိတ္တာမျိုး။ (ဂူထခါဒကပြိတ္တာ)

၂၉။ အရေမရှိသော မိန်းမပြိတ္တာမျိုး။ (နိစ္ဆဝိတ္ထိပြိတ္တာ)

၃၀။ အပုပ်နံ့ရှိသော ပြိတ္တာမျိုး။ (ဒုဂ္ဂန္ဓပြိတ္တာ)

၃၁။ မီးကျီးခဲ၌ အိပ်ရသော ပြိတ္တာမျိုး။ (ဩကိလိနီပြိတ္တာ)

၃၂။ ဦးခေါင်းမပါ၊ ကိုယ်နှင့်တွဲလျက်ရှိသော ပြိတ္တာမျိုး။ (အသီသကပြိတ္တာ)

၃၃။ ရဟန်းအသွင်ရှိသော ပြိတ္တာမျိုး။ (ဘိက္ခုပြိတ္တာ)

၃၄။ ရဟန်းမိန်းမအသွင်ရှိသော ပြိတ္တာမျိုး။ (ဘိက္ခုနီမပြိတ္တာ)

၃၅။ သိက္ခမာန်မ အသွင်ရှိသော ပြိတ္တာမျိုး။ (သိက္ခမာနပြိတ္တာ)


www.burmeseclassic.com

www.burmeseclassic.com

၃၆။ သာမဏေငယ်အသွင်ရှိသော ပြိတ္တာမျိုး။ (သာမဏေရ ပြိတ္တာ)

၃၇။ သာမဏေငယ်မအသွင်ရှိသော ပြိတ္တာမျိုး။ (သာမဏေရီ ပြိတ္တာ)

ပြိတ္တာမျိုးများကား လွန်စွာ များပြားလှသည်။ အပါယ်လေးဘုံတွင် ပြိတ္တာဘုံပါဝင်သော်လည်း အပါယ်ဘုံသားဟု သတ်မှတ်ရန် ခဲယဉ်းသည့် ဝေမာနိကပြိတ္တာမျိုးများ ပါဝင်နေသည်။ ဝေမာနိကပြိတ္တာမျိုးသည် နေ့အခါ နတ်ဗိမာန်နှင့် နတ်စည်းစိမ်ကိုခံစားရပြီး ညအခါဆင်းရဲဒုက္ခ ခံစားရသည်။ ယင်းတို့ကား စတုမဟာရာဇ် နတ်ဘုံမျိုးနွယ်တွင် ပါဝင်သော်လည်း စတုမဟာရာဇ်နတ်များကဲ့သို့ တန်ခိုးကြီးခြင်း မရှိပေ။ နတ်ဘုံတွင် ထည့်သွင်းသတ်မှတ်၍ မရသည့် ပြိတ္တာမျိုး ဖြစ်သည်။

အထက်တန်းစား ပြိတ္တာမျိုးဖြစ်၍ တရားထူးတရားမြတ် ရနိုင်၍ အကျွတ်တရား ရနိုင်သည့် ပြိတ္တာမျိုး ဖြစ်သည်။

## (ဂ) ပြိတ္တာတို့၏ သက်တမ်း

ပြိတ္တာဘုံတွင် သက်တမ်းဟူ၍ သီးခြားသတ်သတ်မှတ်မှတ် မရှိပေ။ ပစ္စည်းဥစ္စာကို စွဲလန်းသဖြင့် သန်းပြိတ္တာမျိုး၌ ရက်သတ္တတစ်ပတ် ဖြစ်ရသူ ရှိသကဲ့သို့ ဤကမ္ဘာမှ ပြန်၍





ရေတွက်လျှင် လွန်ခဲ့သော (၉၂)ကမ္ဘာ ဖုဿမြတ်စွာဘုရား ပွင့်တော်မူစဉ်က မကောင်းမှု အကုသိုလ်ကံတို့ကို ပူးပေါင်း၍ အတူတကွ ပြုလုပ်ခဲ့ကြသည့် လူပေါင်း (၈၄၀၀၀)တို့သည် ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် ငရဲသို့ ကျရောက်နေသောသူများသည် ဂေါတမမြတ်စွာဘုရားလက်ထက်တော်ရောက်မှ ပြိတ္တာဘဝမှ ကျွတ်လွတ်ကြရသည်။

ထို့အတူ ပစ္စေကဗုဒ္ဓါ၏ကျောင်းကို မီးရှို့ခဲ့မိသဖြင့် အဝီစိငရဲတွင် အန္တရကပ်လုံး ကျခံခဲ့ရပြီး ဂိဇ္ဈကုဋ်တောင်၌ စပါးကြီးမြွေဖြစ်နေသည့် ပြိတ္တာသည် မည်သည့်အခါမှ ကျွတ်လွတ်မည်ဟု မသိရှိရဘဲ နှစ်အပိုင်းအခြားမရှိ ရှည်လျားလှသည်။

(သက်တမ်း အတိုင်းအဆမရှိ ရှည်လျားလှသော စပါးကြီးမြွေ ပြိတ္တာ၏ ကိုယ်ခန္ဓာအရှည်သည် မိုင်ပေါင်း (၃၁၇ ဒသမ ၅)မိုင် (၂၅-ယူဇနာ)ရှိသည်။ လူဦးခေါင်းပုံရှိ၍ ဦးခေါင်းမှ အမြီးသို့တိုင်အောင် အပြန်ပြန် အလှန်လှန် မီးလောင်ခံရသည်။ နွေရာသီကာလ၌ တောမီးလောင်နေသည့် တောင်ရိုးကြီးနှင့်တူသည်။ လူကိုယ်ပကတိ မျက်စိဖြင့် မမြင်ကောင်း၊ ဒိဗ္ဗစက္ခု မျက်စိဖြင့်သာ ကြည့်မြင်အပ်သည့် ပြိတ္တာမျိုး ဖြစ်သည်။)

ထို့အတူ မိုင်ပေါင်း (၃၁၇ ဒသမ ၅)မိုင် (၂၅-ယူဇနာ) ရှိသော ကျီးပြိတ္တာသည်လည်း အလျံတပြောင်ပြောင် တောက်



www.burmeseclassic.com

www.burmeseclassic.com

လောင်လုံးကျက်ရှိသည့် သံတူ၊ သံတင်းပုတ် ခြောက်သောင်းဖြင့် ဦးခေါင်းအား အကြိမ်ကြိမ် အဖန်ဖန် ရိုက်ခွဲခံနေရသည့်တိုင် ကျွတ်လွတ်ရာ နှစ်အပိုင်းအခြားမရှိ၊ ရှည်လျားလှတော့သည်။

သီလရှိသော ရဟန်းသံဃာတော်တို့ကို သေသူအား ရည်စူး၍ လှူဒါန်း အမျှပေးဝေခြင်းဖြင့် တစ်ပါးသူတို့ ပေးစာကမ်းစာဖြင့် အမှီပြု၍ အသက်ရှင်ရသော ပြိတ္တာမျိုး (ပရဒတ္တူပဇီဝိကပြိတ္တာ)တွင် ဖြစ်သူများသည် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုနိုင်လျှင်မူ သက်တမ်းတိုစွာဖြင့် ကျွတ်လွတ်နိုင်ကြသည်။ ချမ်းသာသုခကို စံစားခံစားရရှိနိုင်ကြလေသည်။

၊ သို့တည်းမဟုတ်မူ မိမိတို့ ပြုခဲ့သည့် အကုသိုလ်ကံ အနည်းအများအလိုက် သက်တမ်းကား ကာလအပိုင်းအခြားမရှိ ရှည်လျားရပေသည်။

## (ဃ) ပြိတ္တာတို့ နေထိုင်ရာ ဘုံဌာန

ပြိတ္တာများတွင် သီးခြားဘုံ၊ နေရာဌာနဟူ၍ သတ်သတ်မှတ်မှတ် မရှိချေ။ လူတို့နေထိုင်ရာ အနီးပတ်ဝန်းကျင်နှင့် အင်း၊ အိုင်၊ မြစ်၊ ချောင်းများ၊ တောများ၊ တောင်များ၊ သုသာန်သင်္ချိုင်းများ၊ တောခြုံပိတ်ပေါင်းများ၊ လိုဏ်ဂူများတွင် နေထိုင်ကြရသည်။ အချို့ပြိတ္တာများမှာမူ နေထိုင်စရာမရှိသဖြင့်





လှည့်လည် သွားလာနေကြရသည်။ ပြိတ္တာမျိုးနွယ်တွင် ပါဝင်သည့် အချို့နတ်ဆင်းရဲများမှာ ဗိမာန်ဟူ၍ သီးခြား မရှိဘဲ ဘုမ္မစိုး၊ ရုက္ခစိုး နတ်ကြီးများ၏ ဗိမာန်အနီးတွင် မှီခိုနေထိုင်ကြရလေသည်။

ပြိတ္တာဘဝတွင်လည်း သက်တမ်းရှည်လျားသည့် ပြိတ္တာများ၊ တန်ခိုးကြီးသည့် ပြိတ္တာများက အနိုင်ယူ ဗိုလ်ကျစိုးမိုးကြသဖြင့် ၎င်းတို့ပိုင် နယ်နိမိတ်များတွင် ပြိတ္တာငယ်များကို ခွင့်ပြုချက်ဖြင့်သာ နေထိုင်ခွင့်ပြုသည်။ ခွင့်ပြုချက်မရသည့် ပြိတ္တာတို့ကား နေခွင့်မရ။ ရွှေ့ပြောင်းနေထိုင်ကြရလေသည်။

## (င) ပြိတ္တာများကို သာမန်လူများ မမြင်ရခြင်း၏ အကြောင်းရင်းများ

ယနေ့ သာမန်လူအများ သိရှိနားလည်သည့် ပြိတ္တာများမှာ သရဲတစ္ဆေ၊ ဖုတ်၊ ကျုတ်၊ အစိမ်းသဘက်၊ မှင်စာ၊ ဥစ္စာစောင့် (မြေဖုတ်ဘီလူး)၊ ရုက္ခစိုး စသည်တို့သည် လူတို့ကဲ့သို့ပင် ရုပ်နှင့် နာမ်အစုံ ရှိသည်။ အိမ်ထောင်သားမွေးမှုကို ပြုကြသည်။ ယင်းပြိတ္တာတို့၏ ရုပ်ခန္ဓာကို သာမန်လူတို့ ပကတိမျက်စိနှင့် မမြင်နိုင်ကြပေ။ ဒိဗ္ဗစက္ခုပိုင်ရှင် တန်ခိုးရှင်များသာ မြင်တွေ့နိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘုရားရှင် ဗာရာဏသီမြို့အနီးရှိ ဂင်္ဂါမြစ်ကမ်းသို့ ကြွစဉ် ဗိမ္ဗိသာရမင်းကြီး၏ အမတ်ချုပ်ကြီး ကောလိယ၏ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ရဟန်းရှင်လူ ပရိသတ်အပေါင်းတို့အား စုဝေးစေ၍ သနားသဖြင့် ချီးမြှောက်ရာကျအောင် ပြိတ္တာများ၏ ဆင်းရဲမှုကို ဗုဒ္ဓဘုရားရှင် အဓိဋ္ဌာန်ပြု၍ ပြသတော်မူခဲ့သဖြင့် ရဟန်းရှင်လူ ပရိသတ်များ မြင်တွေ့ခဲ့ရဖူးသည်။

ယခုအခါတွင် ဒိဗ္ဗစက္ခုမျက်လုံးပိုင်ရှင် တန်ခိုးရှိသူများသည် လည်းကောင်း၊ ပြိတ္တာများကို မြင်စေသည့် ဆေးမြစ်ကြောင့် လည်းကောင်း ပြိတ္တာများကို မြင်တွေ့ကြရသည်။ ယင်းတို့အနက် ထူးခြားသည်က ပြိတ္တာများကို မြင်တွေ့ရသူတို့မှာ အလွန့်အလွန် ကံနိမ့်သူများပင် ဖြစ်သည်။

ပြိတ္တာများကို မြင်တွေ့ကြရသူများသည် ၎င်းတို့၏ ခန္ဓာကိုယ် အတ္တဘော အကြီးအသေးကို ကြောက်မက်ဖွယ် ဖန်ဆင်းထားသည်အဖြစ် မြင်တွေ့ရသည် မဟုတ်ဘဲ ပကတိအတိုင်း မြင်တွေ့ကြရခြင်း ဖြစ်သည်။ ရံဖန်ရံခါမှသာ ပြိတ္တာတို့ ဖန်ဆင်းထားသည့် ခွေး၊ ကြောင် စသည်ဖြင့်သာ မြင်တွေ့ရသည်။

သို့တည်းမဟုတ်မူ ပြိတ္တာတို့သည် လူတို့ကဲ့သို့ ရုပ်နာမ် အစုံရှိသော်လည်း ခန္ဓာကိုယ် ကွယ်စေသည့် ဆေးမြစ်ကြောင့်





လည်းကောင်း၊ မန္တန်ကြောင့် လည်းကောင်း၊ တန်ခိုးကြောင့် လည်းကောင်း သာမန်လူတို့ မမြင်တွေ့နိုင်ကြပေ။ ယင်းပြိတ္တာများ၏ မြင်တွေ့စေလိုသည့် ဆန္ဒရှိမှသာ လူတို့မြင်တွေ့ကြရသည်။

(ဓ) သရဲတစ္ဆေ၊ ဖုတ်၊ နတ်ဘီလူးစသည့် ပြိတ္တာများ သေဆုံးခြင်း။

ပြိတ္တာများသည်လည်း လူတို့ကဲ့သို့ပင် ရုပ်နာမ်ခန္ဓာရှိသဖြင့် အကုသိုလ်ကံအလိုက် သက်တမ်းအတိုအရှည်ဖြင့် သေဆုံးကြရသည်။ စုတေကြရသည်။ ပြိတ္တာများ သေဆုံးစုတေကြသည့်အခါ လူများ သေဆုံးသကဲ့သို့ မူလရုပ်အကောင်အထည်အတိုင်း မမြင်တွေ့ကြရပေ။

ပြိတ္တာများသည် တံတွေး၊ နှပ် စသည့် လူတို့၏ အညစ်အကြေး၊ အကောင်ပုပ်စသည့် အာဟာရများကို စားသောက်ရသဖြင့် ယင်းတို့၏ ကြမ်းတမ်းကြီးမားသည့် ခန္ဓာကိုယ် အတ္တဘောကို ဖုံးကွယ်၍ မထားနိုင်ကြပေ။ ပကတိအဆင်းခန္ဓာအတ္တဘောအတိုင်း ထားရှိရန်လည်း မဖြစ်ပေ။

သို့ဖြစ်၍ ပြိတ္တာများသည် ကျန်ရစ်သော ဆွေမျိုးပြိတ္တာများနှင့် လူတို့ မသိစေရန် မနောအဓိဋ္ဌာန်နှင့် သေဆုံးကြ


www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ပိုးကောင်၊ ပေါက်ဖတ်၊ ခြပုန်း၊ ပိုးနှံ၊ မြွေ၊ ကင်းမြီးကောက်၊ ကင်းခြေများ၊ ငှက်၊ သမင် စသည့် အသွင်မျိုးနှင့်သာ တွေ့ရှိကြရသည်။ သို့သော် ယင်းကိုယ်ကောင်များသည်ကား အပုပ်နံ့များ ရှိ၏။

## (ဆ) ပြိတ္တာများ၏ သဘာဝနှင့် ယနေ့ခေတ် အခေါ်အဝေါ်ဟာရများ

### ၁။ တစ္ဆေသရဲ

တစ္ဆေဟူသည် တဇ္ဇေတိဟူသော စကားမှလာသည်။ တဇ္ဇေတိ – ခြောက်လှန့်၏မှ တစ္ဆေခြောက်သည်ဟု ပြောဆိုကြသည်။

တစ္ဆေသရဲများသည်ကား ပြိတ္တာမျိုးတွင် ပါဝင်သည်။ တစ္ဆေသရဲများသည် ယင်းတို့၏ ရှေးဘဝက ပြုခဲ့သည့် မကောင်းမှုအကုသိုလ်ကံကြောင့် ပကတိရုပ်ဆင်းအင်္ဂါတို့မှာ မမြင်ဝံ့အောင်ဆိုးဝါးလှသည်။ ကံအားလျော်စွာ လူတို့ တွေ့မြင်ကြသည့်အခါ ကြောက်လန့်တုန်လှုပ်သွားကြသည်။ တမင်ခြောက်လှန့်ကြခြင်း မဟုတ်သော်လည်း မူလရုပ်ဆင်းအင်္ဂါ ဆိုးဝါးလှသဖြင့် ကြောက်လန့်သွားခြင်း ဖြစ်ပေသည်။

အချို့သုတေသီများက တစ္ဆေသရဲ (Ghost) ဟု မခေါ်ကြပေ။ ကွယ်လွန်သူတို့၏ သဏ္ဌာန်ပုံရိပ် (Apparition) ဟု ခေါ်ကြသည်။





တစ္ဆေနှင့် သရဲကို အများအားဖြင့် ပူးတွဲ၍ ခေါ်ဆိုကြသည်။ အချို့ကမူ တစ္ဆေများ အရွယ်ကြီးရင့်လာသည့်အခါ (သို့မဟုတ်) တစ္ဆေများ သေဆုံးသည့်အခါ သရဲအဖြစ် ရောက်ရှိသည်ဟု ယူဆကြသည်။ မြန်မာအဘိဓာန်ကျမ်းတွင် သရဲကို မကောင်းဆိုးဝါးကောင်ဟုသာ အဓိပ္ပာယ်ဖွင့်ဆိုသည်။

အချို့ တစ္ဆေသရဲများသည် ရဟန်းသံဃာတော်များ တရားရွတ်ဖတ် သရဇ္ဈာယ်စဉ် လာရောက်၍ တရားနာယူကြသော်လည်း အချို့ကမူ ဘုရားသံ တရားသံကြားရုံမျှဖြင့် ကြောက်လန့်၍ ထွက်ပြေးသွားကြသည်။ အချို့ တစ္ဆေသရဲများကမူ တရားလည်း မနာ၊ ထွက်လည်း မပြေး၊ တရားရွတ်ဖတ် သရဇ္ဈာယ်သူတို့အား အနှောင့်အယှက် ပေးကြသည်။

လူတို့ ကံအားလျော်စွာ တွေ့ရှိရသည့် တစ္ဆေသရဲများမှာ ကိုယ်ခန္ဓာ အကောင်အထည် ရှိကြသည်။ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် မြင်တွေ့ကြရသည်။ အချို့မှာ သေသူ၏ ပုံသဏ္ဌာန်အတိုင်း မြင်တွေ့ကြရသည်။ အချို့ကိုမူ သေးသေးပုပု၊ ပိန်ပိန်ရှည်ရှည်၊ ဝဝပုပု၊ ရှည်ရှည်ဝဝ၊ အမွေးပါသူ မပါသူ၊ မျက်လုံးကျဉ်းသူ ကျယ်သူ ဝိုင်းသူ၊ ပါးစပ်ပေါက် ကျယ်သူ ကျဉ်းသူ စသည်ဖြင့် အမျိုးမျိုး မြင်တွေ့ခဲ့ကြရသည်။

အချို့ တစ္ဆေသရဲများမှာမူ ခွေး၊ ကြောင် စသည်ဖြင့် ပုံသဏ္ဌာန်အမျိုးမျိုး ဖန်ဆင်းထားနိုင်ကြသည်။ အချို့သော



www.burmeseclassic.com

www.burmeseclassic.com

တစ္ဆေသရဲများကို မမြင်တွေ့ရဘဲ အနံ့ပေး၍လည်းကောင်း၊ အသံပေး၍လည်းကောင်းသိစေကြသည်။

အနံ့ပေးသည်ဆိုရာတွင် အများအားဖြင့် ရေမွှေးနံ့၊ ပေါင်ဒါနံ့၊ ဆန္ဒင်းမှိုင်းနံ့၊ အပုပ်နံ့ စသည်တို့ ဖြစ်သည်။ ရှေးဆရာတော်ကြီးများနှင့် လူကြီးသူမများက အမွှေးနံ့ပေးလျှင် သေသူသည် ကောင်းမွန်မြင့်မြတ်သည့် ဘဝသို့ ရောက်ရှိသွားသည်ဟု ယူဆကြ၍ အပုပ်နံ့ပေးလျှင် ဆိုးဝါးယုတ်ညံ့သည့် တစ္ဆေသရဲ ပြိတ္တာဘဝသို့ ရောက်ရှိသွားသည်ဟု ယူဆကြသည်။

အချို့အချို့သော တစ္ဆေသရဲများကမူ ခဲဖြင့် ပေါက်ခြင်း၊ သဲနှင့် ပက်ခြင်း၊ ခြေသံပေးခြင်း၊ သိသာစေမည့် အသံတစ်ခုခုကို ပေးခြင်း ပြုကြသည်။

တစ္ဆေသရဲများကို မြင်တွေ့ကြရသူများသည် ကံနိမ့်၍သာ ဖြစ်သည်။ တစ္ဆေသရဲများအနေဖြင့် အမိအဖ၊ သားသမီး၊ မယား၊ ဆွေမျိုးမိတ်သင်္ဂဟတို့အပေါ် စွဲလန်းခြင်း၊ ချစ်ခင်ခြင်း၊ ကျီစယ်နှောက်ပြောင်လိုခြင်း၊ အမျှဝေစေလိုခြင်း၊ အသိပေးနှုတ်ဆက်လိုခြင်း၊ လူ့ဘဝက ထားရှိခဲ့သည့် ပစ္စည်းဥစ္စာများကို သိစေလိုခြင်း၊ အစားအသောက်များ ကျွေးမွေးရန် တောင်းခံခြင်း၊ စသည့် အကြောင်းအမျိုးမျိုးတို့ကြောင့် ကိုယ်ထင်ပြခြင်း၊ အနံ့ပေးခြင်း၊ အိပ်မက်ပေးခြင်း၊ ပူးကပ်ဝင်ရောက်ခြင်း စသည်တို့ကို ပြုကြလေသည်။





မည်သို့ပင်ဖြစ်စေ တစ္ဆေသရဲ စသည့် ပြိတ္တာတို့၏ ကိုယ်ထင်ပြမှု၊ အနံ့ပေးမှု၊ အသံပြုမှု၊ ပူးကပ်ဝင်ရောက်မှုတို့ကို လူတို့က ခြောက်လှန့်သည်အထင်နှင့် အမြဲတစေ ကြောက်လန့်နေခြင်းသာ ဖြစ်ပေသည်။

## ၂။ အစိမ်းသဘက်

အစိမ်းသဘက်များသည် တစ္ဆေသရဲများကဲ့သို့ပင် မကောင်းဆိုးဝါးကောင်မျိုးပင် ဖြစ်သည်။ ဘေးအန္တရာယ်တစ်ခုခုကြောင့် လတ်တလော (ရုတ်တရက်) သေဆုံးသူများသည် စွဲလန်းမှုတစ်ခုခုကြောင့် အများအားဖြင့် အစိမ်းသဘက် ဖြစ်ကြရသည်။ မြန်မာအဘိဓာန်ကျမ်းတွင် သဘက်ဟူသော ဝေါဟာရကို ဖမ်းစားတတ်သော ပြိတ္တာမျိုးဟု ဖွင့်ဆိုသည်။

အစိမ်းသဘက်များသည် အများအားဖြင့် သေသူ၏ မူလပုံသဏ္ဌာန်အတိုင်း ကိုယ်ထင်ပြခြင်း၊ ပူးကပ်ဝင်ရောက်ပြောဆိုခြင်း၊ အနံ့ပေးခြင်း၊ အသံပေးခြင်း စသည်တို့ကို ပြုတတ်ကြသည်။

## ၃။ ဖုတ်

ဖုတ်ဟူသည် ပြိတ္တာမျိုးနွယ်ဝင် မကောင်းဆိုးဝါးကောင်ပင် ဖြစ်သည်။ ဖုတ်များသည် အများအားဖြင့် နာတာရှည်



www.burmeseclassic.com

www.burmeseclassic.com



ရောဂါသည်များ သေခါနီးအချိန်ကို စောင့်၍ သေလျှင်သေခြင်း ဝင်ရောက်ပူးကပ်သည်။

လူနာမသေဆုံးမီ ဝင်ရောက်ပူးကပ်လေ့ မရှိပေ။

ဖုတ်ဝင်ရောက် ပူးကပ်ပြီးပါက လူနာသည် ပြန်လည်ကျန်းမာလာသကဲ့သို့ ရှိတတ်သည်။ အချို့မှာမူ လူမမာ၏ ပုံသဏ္ဌာန်အတိုင်း ညှိုးငယ်ချိနဲ့စွာဖြင့် ဖန်ဆင်းနေထိုင်တတ်သည်။

ထူးခြားသည်မှာ ဖုတ်ဝင်ခံရသည့် လူမမာ သူသေသည် အများအားဖြင့် မျက်လုံးများမှာ နီနေတတ်သည်။ နေ့ခင်းအချိန် အိမ်သူအိမ်သားများက ကျွေးမွေးသည့် အစားအစာများကို အနည်းငယ်မျှသာစား၍ အချို့မှာမူ အလွန်အကျူးလူနှင့် မတူ အောင်ပင် စားသည်။ အချို့ ဖုတ်များမှာမူ ညလူခြေတိတ်ချိန်တွင် သားစိမ်း၊ ငါးစိမ်း၊ ငပိ စသည်တို့ကို တိတ်တဆိတ် ခိုးယူစားသောက်ကြသည်။

ဖုတ်များသည် စားရမဲ့ သောက်ရမဲ့ ဘဝဖြစ်၍ သူသေအား ပူးကပ်ဝင်ရောက်၍ စားသောက်ရသော်လည်း အိမ်သူ အိမ်သားများကို ဒုက္ခ မပေးတတ်ပေ။

ဖုတ်ဝင်သည်ဟု ထင်မြင်ယူဆလျှင် သီလနှင့် ပြည့်စုံသည့် ရဟန်းသံဃာတော်များ၊ ပယောဂကု ဆရာကြီးများနှင့် ဖုတ်ထုတ်ပေးကြရသည်။





ဖုတ်ထုတ်သည်ဆိုရာ၌ ဖုတ်ဝင်ကြောင်း အထင်အရှားသိရန်လိုသည်။ သေချာမှုရှိရန် အထူးလိုအပ်သည်။ ထို့အတူ ဖုတ်ထုတ်ရန် မိဘဆွေမျိုးများ သဘောတူညီမှု ရယူရန် လိုသည်။ သို့တည်းမဟုတ်မူ လူနာရှင် ဆွေမျိုးသားချင်းများက ဖုတ်ဝင်နေစဉ် လူမမာအား အကောင်းပကတိ သက်ရှိကဲ့သို့ မြင်နေရာမှ ဖုတ်ထုတ်ပြီး ချက်ချင်း သူသေအဖြစ် မြင်တွေ့လျှင် ဖုတ်ထုတ်သူများက သတ်သည်ဟု စွပ်စွဲတတ်ကြသည်။

ဖုတ်ထုတ်ရာတွင် လူမမာအသွင်ရှိသည့် ဖုတ်အား ရိုက်နှက်ခြင်း၊ ဆေးဝါးတိုက်ခြင်း စသည့်ကိစ္စများ တစ်စုံတစ်ခုမျှ ပြုလုပ်ရန် မလိုပေ။

ရဟန်းသံဃာတော်များက ပရိတ်ကမ္မဝါ ရွတ်ဖတ်သရဇ္ဈာယ်၍ ဖုတ်ထုတ်ပေးသည်။ ပယောဂကု ဆရာကြီးများကမူ ရေမန်းတိုက်ပေးခြင်း၊ ပရိတ်ရေ ပက်ဖျန်းခြင်း၊ သိမ်ပင်ပုတီးစွပ်ပေးခြင်းနှင့် အိပ်ရာ၊ ခေါင်းအုံးတို့ အောက်တွင် သြဇာရွက်၊ ဘိနပ် (ဝါရင့်ဖုတ်များ မထွက်တတ်ပါ) သိမ်ဝင်ခါးပန်းကြိုး၊ အပ် စသည့်ပစ္စည်း တစ်ခုခုကို ထား၍ ဖုတ်ထုတ်ကြသည်။

ဖုတ်ဝင်ရောက်ခံရသည့် သေဆုံးသူ လူမမာသည် ဖုတ်ထွက်သွားပါက ဖုတ်ဝင်ထားသည့် အချိန်ကာလ အပိုင်းအခြား



www.burmeseclassic.com

www.burmeseclassic.com

အလိုက် ပုပ်ဟောင်ရိရွဲနေတတ်သည်။ အချို့မှာ အရိုးမျှ ကျန်သည်အထိ မြင်တွေ့ကြရသည်။ အများအားဖြင့် သေဆုံးသူအား ဖုတ်ဝင်ရောက်နေသည်ကို အချိန်နှောက်ကျပြီးမှ သိကြသဖြင့် ဖုတ်ထုတ်ရန် စတင်သည်နှင့် ချက်ချင်း သင်္ဂြိုဟ်မြေမြှုပ်ရန် စီစဉ်ထားကြသည်။

ရှေးရှေးဆရာတော်ကြီးများနှင့် လူကြီးသူမများက ဖုတ်မျိုးပေါင်း များစွာရှိသည်ဟု ဆိုသည်။ အချို့ဖုတ်မျိုးများကို သွေးစုတ်ဖုတ်အမျိုးအစားအဖြစ် တွေ့ရှိကြရသည်။ သွေးစုတ်ဖုတ်ကောင်ဟု ဆိုသော်လည်း နိုင်ငံခြား ဗွီဒီယိုဇာတ်ကားများတွင် ပါဝင်သည့် လူသားအရှင်လတ်လတ်တို့အား အစွယ်ဖမ်းဆီး၍ လည်မျို၊ လက် စသည့် ကိုယ်ခန္ဓာ အင်္ဂါအစိတ်အပိုင်းကို ပါးစပ်ဖြင့် စုတ်ယူခြင်းမျိုး မဟုတ်ပေ။

သွေးစုတ်ဖုတ်သည် လူမမာ သေဆုံးပြီးလျှင်ပြီးချင်း သေသူ၏ ခန္ဓာကိုယ်တွင် သေသူ လူမမာကဲ့သို့ ဟန်ဆောင်နေသည်။ အစားအသောက် ကျွေးမွေးသည့်တိုင် စားသောက်ခြင်း မပြုဘဲ နေသည်။ သွေးစုတ်ဖုတ်သည် လူမမာကဲ့သို့ ယားသည်၊ ညောင်းသည်ဟု ညည်းညူလျက် နင်းနှိပ်စေခြင်း၊ ကုတ်ပေး ပွတ်ပေးစေခြင်းဖြင့် လက်ခြေထောက် စသည်တို့မှ သွေးစုတ်ယူကြသည်ဟု ဆိုသည်။





(၄) ရက္ခစိုး

ရက္ခစိုးဟူသည် သစ်ပင်များကို မှီ၍ဖြစ်သော နတ် (ရက္ခဒေဝ) များကို ခေါ်သည်။ စတုမဟာရာဇ်နတ်မျိုးနွယ်ဝင် အတော်အသင့် တန်ခိုးရှိသော နတ်များဖြစ်သည်။ ရက္ခစိုးများသည် သစ်ပင်ကို အမှီပြု၍ ဗိမာန်နှင့် နေထိုင်ကြသည်။

သက်တမ်းဟူ၍ အတိအကျ မရှိပေ။ အချို့မှာ ဘုရားတစ်ဆူနှင့်တစ်ဆူပွင့်မည့် ကြားကာလအထိ အသက်ရှည်ကြသည်။

ရက္ခစိုးများသည် တန်ခိုး အတော်အသင့်ရှိသည်ဆိုသော်လည်း ယင်းတို့ တည်မှီရာ သစ်ပင်များ သေလျှင်သော်လည်းကောင်း၊ လဲပြိုကျသည့်အခါတွင်လည်းကောင်း၊ လူတို့၏ ခုတ်ဖြတ်နုတ်ပယ်ခြင်း ခံရလျှင်သော်လည်းကောင်း ရက္ခစိုးများ သေဆုံးခြင်း မရှိသော်လည်း ဗိမာန်ကား ပျက်လေသည်။ ရက္ခစိုးများ၏ တန်ခိုးရှိမှုအလိုက် အချို့ရက္ခစိုးများသည် သစ်ပင်ခုတ်သူတို့အား အန္တရာယ်ပေးတတ်သည်။

ရက္ခစိုးများသည် ယင်းတို့ နေထိုင်ရာ သစ်ပင်ကြီးများကို ခုတ်ပယ်ပိုင်းဖြတ်သူများနှင့် မဖွယ်မရာ ပြုသူများကိုသာ အနာတရဖြစ်အောင် (သို့မဟုတ်) သေဆုံးသည်အထိ အန္တရာယ်ပေးတတ်သည်။ အချို့ ရက္ခစိုးများကမူ သည်းခံစိတ်ဖြင့် ခွင့်လွှတ်ကြသည်။ အခြား တစ်စုံတစ်ယောက်ကိုမူ အကြောင်းမဲ့ အန္တရာယ် မပြုချေ။


www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်များအား တည်မှီနေသည့် ရုက္ခစိုးများ၏ ဘုန်းတန်ခိုးကြီးမှုအလိုက် ပူဇော်ပသသူများကို ကူညီစောင့်ရှောက်တတ်သည်။

## ၅။ ဥစ္စာစောင့် (မြေဖုတ်ဘီလူး)

ရတနာသိုက်ကို စောင့်ရသော နာနာဘာဝ ပြိတ္တာမျိုးနှင့် မိမိ၏ ပစ္စည်းဥစ္စာများကို စွဲလန်းစိတ်ဖြင့် သေဆုံး၍ မိမိပစ္စည်းကို မိမိပြန်စောင့်ရသည့် နာနာဘာဝပြိတ္တာမျိုးတို့ကို ဥစ္စာစောင့်ဟု ခေါ်ကြသည်။ ပရမတ္ထဒီပနီကျမ်းနှင့် ရှေးရှေးဆရာတော်ကြီးများကမူ ပြိတ္တာမျိုးနွယ်ဝင် ကုမ္ဘဏ်ဘီလူး (ရက္ခိုုသ်) တို့ကို ဥစ္စာစောင့်ဟု ရေးသားခေါ်ဆိုကြသည်။

ဥစ္စာစောင့်များသည် အထိုက်အလျောက် ဘုန်းတန်ခိုးကြီးသည့် ဘုမ္မစိုးနတ်များလက်အောက်တွင် အုပ်ချုပ်စီမံ ခိုင်းစေခြင်း ခံရသည်။ ဘုမ္မစိုးနတ်များ စေခိုင်းသည့် ရတနာသိုက်များကို စောင့်ကြပ်ကြရသည်။ ဥစ္စာစောင့်များမှာ မြေဖုတ်ဘီလူးများပင် ဖြစ်သဖြင့် ဘီလူးများကဲ့သို့ နီ၍ ပြူးကျယ်သော မျက်စိပါရှိပြီး ကြီးမားသည့်ဝမ်းဗိုက် ရှိကြကုန်သည်။ မူလရုပ်ဆင်းအင်္ဂါမှာ အလွန် ကြောက်မက်ဖွယ်ကောင်းသည်။

လူယောင်ဖန်ဆင်း၍ လူ့ပြည်သို့လာစဉ် ရွှေငွေ လက်ဝတ်လက်စားအပြည့်အစုံနှင့် နန်းဝတ်နန်းစားကဲ့သို့ အဝတ်အစားများ ဝတ်ဆင်ကာ လှပအောင် ဖန်ဆင်းနိုင်ကြသည်။ ဤကဲ့သို့ဖန်ဆင်းနိုင်သည့် ဥစ္စာစောင့်များမှာ ရတနာသိုက်စောင့်သော ဥစ္စာစောင့်များသာ ဖြစ်ကြသည်။ မိမိပစ္စည်းဥစ္စာကို ပြန်လည်စောင့်ကြပ်ရသော ဥစ္စာစောင့်များကမူ လူသာမန်တို့၏ အဝတ်အစားမျိုးနှင့်သာ လှပအောင် ဖန်ဆင်းနိုင်ကြသည်ဟု ဆိုသည်။





ဥစ္စာစောင့်များသည် လူသားများနှင့် စကားပြောဆိုနိုင်ကြသည်။ လူယောင်ဖန်ဆင်း၍ အိမ်ထောင်သားမွေးအမှုတို့ကို ပြုနိုင်ကြသည်။ မိမိတို့ချစ်ခင်နှစ်သက်သူများအား ရွှေငွေ ပစ္စည်းဥစ္စာများ ပေးနိုင်ကြသည်။

၎င်းတို့၏ ရတနာသိုက်များအား တူးဖော်ဖျက်ဆီးသူတို့အား အန္တရာယ်ပြုသော်လည်း အခြားသူတို့အား အန္တရာယ်မပြုတတ်ချေ။ ဥစ္စာစောင့်တို့အား ဖိတ်ကြား၍ တရားဟောလျှင် တရားနာနိုင်သည်။ မိမိပြုသည့် ကုသိုလ်အဖို့ဘာဂတို့ကို အမျှအတန်းဝေလျှင် သာဓု ခေါ်နိုင်ကြသည်။

## ၆။ မှင်စာ

တစ္ဆေငယ် (ပြိတ္တာငယ်)ကို မှင်စာဟု ခေါ်ဆိုကြသည်။ ခန္ဓာကိုယ် အရွယ်အစားမှာ တစ္ဆေများထက် သေးငယ်သည်။ မှင်စာကလေးများသည် သုသာန်သချိုင်းများ၊ တောတောင်များရှိ မြက်ဖုတ်၊ ခြုံဖုတ်များအနီးရှိ တွင်းငယ်များတွင် နေထိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ရှေ့ကျောင်းဆရာတော်ကြီးသည် သုသာန်သင်္ချိုင်းများသို့ သွားရောက်၍ ကမ္မဋ္ဌာန်းထိုင်ခြင်း၊ ပရိတ်ရွတ်ခြင်း စသည်တို့ အမြဲ ပြုတော်မူသည်။ တစ်နေ့တွင် သုသာန်သို့ သွားရောက်၍ ကမ္မဋ္ဌာန်းထိုင်စဉ် မှင်စာ(ပြိတ္တာငယ်)နှစ်ကောင်သည် ပုရွက်ဆိတ်တွင်းကဲ့သို့ သေးငယ်သည့် တွင်းနှစ်ခုအတွင်းမှ ထွက်၍ အစာရှာသွားသည်ကို မြင်တွေ့ရသည်။ အချိန်အနည်းငယ်ကြာသည့်အခါ မှင်စာနှစ်ကောင် ပြန်လာပြီး တွင်းကလေးများအတွင်းသို့ ပြန်ဝင်သွားသည်ကို ဆရာတော်ကြီး မြင်တွေ့ခဲ့ရဖူးလေသည်။

## ၇။ ကျတ်

ကျတ်များမှာလည်း ပြိတ္တာမျိုးနွယ်ဝင်ပင် ဖြစ်သည်။ ကျတ်များသည် အများအားဖြင့် သုသာန်များနှင့် လူသူဝေးရာတောတောင်များရှိ ချုံပုတ်ချုံနွယ်ပင်များအကြားတွင် နေထိုင်ကျက်စားကြသည်။

လူတို့အား အန္တရာယ် မပြုတတ်သော်လည်း လူယောင်ဖန်ဆင်း၍ နောက်ပြောင် ကျီစယ်တတ်ကြသည်။ အချို့ ရှေးဆရာတော်ကြီးများနှင့် လူကြီးသူမများက တောထဲတောင်ထဲ သွားလျှင် "မိမိနာမည်ခေါ်သံကြားလျှင် မထူးနှင့်၊ ထူးလျှင် သေတတ်သည်"ဟု ပါးစပ်စကား ပြောဆိုခဲ့ကြသည်။





## ၈။ လူခြောက်

မိခင်ဝမ်းမှ မွေးကတည်းကပင် သေးငယ်၍ ခြောက်သွေ့နေသည့် သားငယ်ကို လူခြောက်(Fetus padyrpaceus)ဟုခေါ်ဆိုကြသည်။ လူခြောက်ကလေးများမှာ ဝေမာနိကပြိတ္တာမျိုးဖြစ်သည့် ဂန္ဓဗ္ဗနတ်မျိုး ဖြစ်သည်။ အသက်ရှူခြင်း၊ အစာစားခြင်း၊ လှုပ်ရှားခြင်း လုံးဝ မရှိပေ။ လူသေကဲ့သို့ပင် ငြိမ်သက်နေသည်။

လူခြောက်အား စွဲလန်းနေသည့် နတ်ကြောင့် မိဘများနှင့် သက်ဆိုင်သူတို့အား ကမ္မဇိဒ္ဓိတန်ခိုးဖြင့် အိပ်မက်ပေးခြင်း၊ အရိပ်အရောင်ပြခြင်း စသည်တို့ကို ပြုနိုင်ခြင်း ဖြစ်သည်။ လူတစ်သိန်းတွင် လူခြောက်တစ်ယောက်မျှ မွေးဖွားရန် အလွန်ခဲယဉ်းသည်။

လူခြောက်မွေးဖွားသည့် မိဘများမှာ စီးပွားတက်သည်ဟု ယူဆကြသည်။ လူခြောက်ကလေးများသည် အိပ်မက်ပေး၍ မိမိတို့ သေဆုံးကြောင်း '(အသက်ရှင်စဉ်ကကဲ့သို့ မကျွေးနိုင်တော့ကြောင်း)' သတိပေးနိုင်ကြလေသည်။

## ၉။ စုန်း

မြန်မာအဘိဓာန်ကျမ်းတွင် 'စုန်း' ဟူသော ဝေါဟာရ[illegible] ကို 'ပြုစားတတ်သည်ဆိုသော လောကီအတတ်ပညာ' ဟူ၍


www.burmeseclassic.com

www.burmeseclassic.com

အဓိပ္ပာယ်ဖွင့်ဆို၍ 'စုန်းတောက်'ဟူသော ဝေါဟာရစကားကိုမူ 'ညအခါ စုန်းများ မိမိတို့ပညာစွမ်းဖြင့် အလင်းရောင်ထုတ်လွှင့်သည်'ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

အလင်းရောင်ရှိသောကြောင့် ပါဠိဘာသာအားဖြင့် 'ဇုဏှာ' ဟု ခေါ်၍ ပါဠိပျက်ဖတ်သည့်အခါ 'ဇုဏ်း'၊ မြန်မာအခေါ်အားဖြင့် 'စုန်း'ဟူ၍ ဖြစ်လာသည်။ စုန်းမများသည် လပြည့်လကွယ်ညများတွင် တောက်ပသော အလင်းရောင်ကို ပြုတတ်သည်ဟု ယူဆကြသည်။ အမှန်အားဖြင့် လောကီအတတ်ပညာနှင့် လည်းကောင်း၊ လူပုဂ္ဂိုလ်အား စွဲလန်းသည့် ဂန္ဓဗ္ဗနတ်မတို့ ပူးကပ်ဝင်ရောက်၍ ဝင်းဝင်းတောက်သော အလင်းရောင်ဖြင့် ဟိုသည်လှည့်လည် သွားလာခြင်းသာ ဖြစ်ပေသည်။

မြန်မာလူမျိုးအများစု ခေါ်တွင်သည့် 'စုန်း'သည်ကား ဝေမာနိကပြိတ္တာမျိုးနွယ်ဝင် 'ဂန္ဓဗ္ဗနတ်မ'ဖြစ်ပြီး ဘုမ္မစိုးလက်ထောက်ခဲ့ ပြိတ္တာတစ်မျိုးပင် ဖြစ်သည်။ ယခုအခါ 'စုန်းမ'များမှာ ကျေးလက်တောရွာအချို့တွင် အနည်းငယ်မျှ (မရှိသလောက်ရှားပါသည်။)သာ ကျန်ရှိနေပေတော့သည်။

● ● ●



## တမလွန်မှပူးတပ်ပြောသူ
## မောင်မြစိန် (ခေါ်) အော်တော်ဝါး

ဦးအံ့ပို့နှင့် ဒေါ်သင်းမြတ်တို့ ဇနီးမောင်နှံသည် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် ဆရာစံတောင်ရပ်ကွက်၊ အနောက်မြို့ပတ်လမ်းတွင် နေထိုင်ကြသည်။ ယခင်က တာမွေမြို့နယ် (၁၅)လမ်းတွင် နေထိုင်ခဲ့သည်။ ယခုအခါ ဦးအံ့ပို့မှာ ကွယ်လွန်ခဲ့ပြီဖြစ်သည်။ ဦးအံ့ပို့နှင့် ဒေါ်သင်းမြတ်တို့မှာ သားသမီး (၁၁)ယောက်ထွန်းကားခဲ့သည်။

ယင်းတို့မှာ (၁) ဦးကြည်အေး (၂) ဦးတင်ရှိန် (၃) မောင်ကံထူး(လူခြောက်) (၄) ဦးမြစိန် (ခေါ်) အော်တော်ဝါး (၅) မကျင်လွှမ်း (၆) မကျင်တိုး (၇) မကျင်မိုး (၈) မသီတာအေး (၉) မမိုးမြင့်မေ (၁၀) မောင်ကျော်ထွန်း (၁၁) မောင်ဇော်မိုးဝင်းတို့ ဖြစ်ကြသည်။ သားသမီး (၁၁)ယောက်အနက် မောင်ကံထူး



www.burmeseclassic.com

www.burmeseclassic.com



တမလွန်မှပူးကပ်ပြောသူ မောင်မြစိန်(ခေါ်)အော်တော်ဝါး




မောင်မြစိန်၏မိခင် ဒေါ်သင်းမြတ်

www.burmeseclassic.com

www.burmeseclassic.com



မောင်မြစိန် ဝင်ရောက်ပူးကပ်ခံရသူ မမိုးမြင့်မေ



တမလွန်မှမောင်မြစိန်၏ဆန္ဒအရ ရှင်လောင်းလှည့်စဉ်

www.burmeseclassic.com

www.burmeseclassic.com

(လှူခြောက်)၊ ဦးမြစိန် (ခေါ်) အော်တော်ဝါးနှင့် မောင်ဇော်မိုးဝင်းတို့မှာ ကွယ်လွန်ခဲ့ကြပြီဖြစ်သည်။

မောင်ကံထူး (လှူခြောက်)လေးမှာ ဆယ့်တစ်လသားအရွယ်ကပင် ကွယ်လွန်ခဲ့သည်။ မိခင်ဖြစ်သူအား သူသေဆုံးသွားပြီဖြစ်ကြောင်း အိပ်မက်ပေး၍ သိစေသဖြင့် သင်္ဂြိုဟ်မြှုပ်နှံပစ်လိုက်ရသည်။ ထို့အတူ မောင်မြစိန် (ခေါ်) အော်တော်ဝါးနှင့် မောင်ဇော်မိုးဝင်းတို့မှာလည်း ငယ်ငယ်ရွယ်ရွယ်နှင့်ပင် ကွယ်လွန်ခဲ့ရှာသည်။ မောင်ဇော်မိုးဝင်းမှာ ကျန်းမာရေးကြောင့် အငြမတန်းအရောက်တွင် ကွယ်လွန်ခဲ့ခြင်း ဖြစ်သည်။

ဦးမြစိန် (ခေါ်) အော်တော်ဝါးမှာမူ ကျန်းမာရေးချို့တဲ့၍ သေဆုံးခြင်း မဟုတ်ဘဲ ရုတ်တရက် ကွယ်လွန်သေဆုံးခဲ့ခြင်းဖြစ်သည်။

မောင်မြစိန် (ခေါ်) အော်တော်ဝါး ကိုယ်ဝန်ရှိစဉ်က ဒေါ်သင်းမြတ်မှာ ရေထဲခုန်ချလိုသည့် ချင်ခြင်း တပ်ခဲ့သည်။ မောင်မြစိန်(ခေါ်)အော်တော်ဝါးသည် ၁၉၅၇ – ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃)ရက်နေ့တွင် မွေးဖွားသည်။ ကျဆုံးလေပြီးသော အာဇာနည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးရက်၊ မွေးလနှင့် မောင်မြစိန်(ခေါ်)အော်တော်ဝါး၏ မွေးရက်၊ မွေးလမှာ တူညီသည်။ သို့အတွက် မိခင် ဒေါ်သင်းမြတ်က မောင်မြစိန် (ခေါ်) အော်တော်ဝါးကို အမှတ်တရ ရှိနေသည်။





မောင်မြစိန် (ခေါ်) အော်တော်ဝါးသည် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ပညာရပ်များကို ရန်ကုန်မြို့တွင် သင်ယူခဲ့သည်။ ဒသမတန်း စာမေးပွဲကျသဖြင့် ရန်ကုန်မြို့၊ စက်မှုလက်မှု အထက်တန်းကျောင်း အမှတ်(၁) မော်တော်ယာဉ်မက္ကင်းနစ်သင်တန်းတွင် တက်ရောက်၍ ပညာဆည်းပူးခဲ့သည်။

၁၉၇၈ – ခုနှစ်တွင် မော်တော်ယာဉ် မက္ကင်းနစ်သင်တန်းစာမေးပွဲ အောင်မြင်ခဲ့သည်။

ထိုအချိန်တွင် ဦးအံပို့နှင့် ဒေါ်သင်းမြတ်တို့မှာ ခြသေ့်မင်းမြတ် မိသားစု မုန့်မျိုးစုံလုပ်ငန်းဖြင့် စီးပွားရေးလုပ်ငန်းလုပ်ကြသည်။ ခင်ပွန်းဖြစ်သူ ဦးအံပို့ ကွယ်လွန်သည့်အခါ မိခင်ဖြစ်သူ ဒေါ်သင်းမြတ်မှာ လက်ရှိ သားသမီး (၁၀)ယောက်၏ ဘားစရိတ်၊ ပညာသင်စရိတ်၊ လူမှုရေးစရိတ်တို့အတွက် စီးပွားရေးလုပ်ငန်းကို တစ်ယောက်တည်း ရဲရဲဝံ့ဝံ့ သတ္တိရှိစွာဖြင့် ဆောင်ရွက်ခဲ့သည်။

မောင်မြစိန် (ခေါ်) အော်တော်ဝါးလည်း ဇွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံကော်ပိုရေးရှင်းတွင် ဆီလောင်း (Oiler Man) ရာထူးဖြင့် အလုပ်ရရှိခဲ့သည်။ နှစ်အနည်းငယ်ကြာလာသည့်အခါ မောင်မြစိန် (ခေါ်) အော်တော်ဝါး၏ ရိုးသားကြိုးစားမှုကြောင့် ဒုတိယ စက်ခန်းမှူးအဆင့်သို့ ရာထူးတိုးမြှင့်ခြင်း ခံခဲ့ရသည်။


www.burmeseclassic.com

www.burmeseclassic.com

မောင်မြစိန်သည် ဒုတိယစက်ခန်းမှူးဘဝတွင် ရေကြောင်းခရီးဖြင့် အနယ်နယ် အရပ်ရပ်လှည့်လည်၍ တိုင်းပြည်တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ရေလမ်းခရီးဖြင့် မောင်မြစိန်သွားလာနေရသော်လည်း ရေလုံးဝ မကူးတတ်ရှာချေ။

သို့အတွက် မိခင် ဒေါ်သင်းမြတ်က သားဖြစ်သူ မောင်မြစိန်အား ရေကူးသင်ခိုင်းခဲ့သည်။ သို့တိုင် မောင်မြစိန်မှာ အကြောင်းအမျိုးမျိုးပြကာ ရေကူးမသင်ခဲ့သဖြင့် ရေမကူးတတ်ဘဲ ရှိနေသည်။

မောင်မြစိန်တစ်ယောက် ဒုတိယစက်ခန်းမှူးဘဝဖြင့် အနယ်နယ် အရပ်ရပ်သို့ ရေလမ်းခရီးဖြင့် သွားလာခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ သူ တာဝန်ထမ်းဆောင်ရသည့် စတိုင်(၁) ရေယာဉ် (M.O.C) သည် သာကေတ တံတားထိပ်တွင် ဆိုက်ကပ်ထားခဲ့သည်။ မောင်မြစိန်သည် သူ၏ နေအိမ်သို့ ပြန်၍ မအိပ်ဘဲ သူ တာဝန်ထမ်းဆောင်ရသည့် ရေယာဉ်ပေါ်တွင်သာ အိပ်သည်။

၁၉၈၈ – ခုနှစ်၊ မေလ (၁၆)ရက်၊ တနင်္လာနေ့ည။

ထိုနေ့ကား မောင်မြစိန် (ခေါ်) အော်တော်ဝါး၏ ကံဆိုးမိုးမှောင်ကျသောနေ့ပင် ဖြစ်သည်။ အကြောင်းမှာ ထိုနေ့ည၌ မောင်မြစိန်မှာ ရေနစ်၍ ရုတ်တရက် ကွယ်လွန်အနိစ္စ ရောက်ခဲ့သောကြောင့် ဖြစ်သည်။ အသက် (၃၁)နှစ်မျှသာ ရှိသေး၏။

ကြည်လှမောင်စာပေ



မောင်မြစိန် ကွယ်လွန်ကြောင်းကို တာဝန်ရှိသူများ လာ
က်သတင်းပို့မှ မိသားစုများလည်း သိရှိကြရသည်။ ထိုအခါ
င်မြစိန်၏ အလောင်းမှာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်
ပြီ ဖြစ်သည်။ ထိုစဉ်က မိခင်ဖြစ်သူ ဒေါ်သင်းမြတ်မှာ
း‌လမ်းခရီးဖြင့် တရုတ်ပြည်သို့ ရောက်ရှိနေသည်။ အဆက်
ယ်အမျိုးမျိုးဖြင့် မိခင်ဖြစ်သူအား အကြောင်းကြားကြရ
။ မိသားစုများက မောင်မြစိန်အား မိခင်ကြီး ပြန်လာသည်
စောင့်ပြီးမှ သင်္ဂြိုဟ်ရန် စီစဉ်ထားကြသည်။

မိခင် ဒေါ်သင်းမြတ်မှာ သား၏ သတင်းဆိုးကို ကြားသိရ
ဖြင့် ရန်ကုန်မြို့သို့ ပြန်ခဲ့ရာ မောင်မြစိန် ကွယ်လွန်ပြီးနောက်
ရက်အကြာတွင် နေအိမ်သို့ ပြန်လည် ရောက်ရှိသည်။
သင်းမြတ် ပြန်လည်ရောက်ရှိလာသဖြင့် မောင်မြစိန်၏
ကလာပ်အား ရန်ကုန်ဆေးရုံကြီး၌ပင် (၅)ရက် ထား၍
– ခုနှစ်၊ မေလ (၂၀)ရက်၊ သောကြာနေ့ (၁၂) နာရီတွင်
သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ခဲ့ကြသည်။

ထို့နောက် မြန်မာတို့၏ ဓလေ့ထုံးစံအတိုင်း ၁၉၈၈ –
၊ မေလ (၂၂)ရက်၊ တနင်္ဂနွေနေ့ နံနက် (၇)နာရီအချိန်တွင်
ယ်လွန်သူ မောင်မြစိန်အား ရည်စူး၍ ရက်လည်ဆွမ်းသွတ်
ပေးဝေခဲ့ကြသည်။ မောင်မြစိန် တာဝန်ကျခဲ့သည့် စတိုင်(၁)
ယာဉ်ပေါ်တွင်လည်း ဆွမ်းသွတ်ခဲ့ကြသည်။

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မောင်မြစိန် ကွယ်လွန်ပြီးစအချိန်များတွင် ခြောက်လှ
ခြင်း၊ ကိုယ်ထင်ပြခြင်း အလျဉ်း မရှိခဲ့ပေ။

နှစ်ပတ်ခန့်အကြာ (၁၉၈၈ – ခုနှစ်၊ မေလ (၃၀)ရက်နေ
ခန့်)တွင်မူ မောင်မြစိန်နှင့် ပတ်သက်သည့် ထူးခြားမှုတစ်
ကြုံလာသည်။ ထိုနေ့က မောင်မြစိန်၏ ညီမဖြစ်သူ မမိုးမြင့်မေ
သည် မိသားစုအချို့နှင့်အတူ ထိုင်နေ၏။

အချိန်ကား ညနေ (၅)နာရီခန့် ရှိပြီဖြစ်၏။ ရှေးဦး
မမိုးမြင့်မေ၏ ခြေဖျားလက်ဖျားများ အေးစက်လာသည်။ ထို
မိခင်နှင့် အမတို့က ညီမဖြစ်သူ မမိုးမြင့်မေကို သတိပြုမိလိုက်
ကြသည်။

"ဟဲ့ ... သမီး မိုးမြင့်မေ၊ မိုးမြင့်မေ ဘာဖြစ်တာလဲ"

မိခင် ဒေါ်သင်းမြတ်က သမီးဖြစ်သူ မမိုးမြင့်မေ
လက်ကို ကိုင်ကာ လှုပ်ယမ်း၍ မေးသည်။ မမိုးမြင့်မေထံ
တုံ့ပြန်အဖြေစကား ထွက်မလာခဲ့ပေ။

"ဟဲ့ ... မိုးမြင့်မေ၊ ဘာဖြစ်တာလဲ အမေ့ကို ပြောစမ်း"

"အမေ ... အမေ"

ဒေါ်သင်းမြတ်က သမီးဖြစ်သူ မမိုးမြင့်မေ၏ လက်
လှုပ်ကိုင်၍ အားမလို အားမရနှင့် ထပ်မေးလိုက်သည်။ မမိုးမြင့်
ထံမှ 'အမေ'ဟု ဆင့်ခေါ်လိုက်သည့် စကားသံကြောင့် ဒေါ်သင်းမြ





အံ့သြသွားသည်။ မမိုးမြင့်မေ ခေါ်လိုက်သည့် အသံမှာ မူလအသံ
မဟုတ်။ ယောကျ်ားသံ ဖြစ်နေသည်။ ထို့အတူ သမီးဖြစ်သူ
မမိုးမြင့်မေမှာ အိပ်ချင်မူးတူး အမူအရာမျိုး ဖြစ်နေသည်။
ဒေါ်သင်းမြတ်သည် အတွေ့အကြုံရှိသူ၊ အကင်းပါးသူပီပီ သမီး
မမိုးမြင့်မေအား အိမ်အပေါ်ထပ် ဘုရားကျောင်းဆောင်ရှေ့သို့
ခေါ်ဆောင်သွားသည်။

"ဟိတ် ... နင်ဘယ်သူလဲ၊ ငါ့သမီးကို ဘာလို့ လာနှောင့်
ယှက်တာလဲ၊ ရိုးတိုးယားတား မလုပ်နဲ့၊ ဒုက္ခရောက်သွားမယ်
နော်၊ အညာကောင်"

ဘုရားကျောင်းဆောင်ရှေ့တွင် သမီး မမိုးမြင့်မေကို
ထိုင်စေလျက် ဝေါက်ငန်း၍ မာန်ပါပါနှင့် မေးလိုက်သည်။

"မလုပ်ပါနဲ့ အမေ၊ ကျွန်တော်ပါ"

"ဘယ်က ကျွန်တော်လဲ မှန်မှန်ပြောစမ်း"

"ကျွန်တော် အော်တော်ဝါးပါ အမေ"

မမိုးမြင့်မေ၏ နှုတ်ဖျားမှ သားဖြစ်သူ မောင်မြစိန်
(ခေါ်) အော်တော်ဝါး၏ အသံကို ကြားလိုက်ရသဖြင့်
ဒေါ်သင်းမြတ် အံ့သြသွားသည်။ ဒေါ်သင်းမြတ်မှာ သေခြင်း
တရားကို နားလည်ထားသူပီပီ၊ တရားသိသူပီပီ တွေဝေမိန်းနည်း
မနေပေ။ အနီးရှိ မိသားစုအချို့မှာမူ အံ့သြလျက်ပင် မမိုးမြင့်မေ

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

အား ငေးငိုင်ကြည့်နေစဉ် ဒေါ်သင်းမြတ်ကား သူမေး... ပြောလိုသည့် စကားများကို ဆက်တိုက် ပြောချလိုက်သည်။

"အော်တော်ဝါး နင် ဘာလာလုပ်တာလဲ၊ အမေတို့... လာနှောင့်ယှက်တာလား၊ ငါ့သားနဲ့ အမေတို့က ဘဝချ... ခြားနေပြီ။ ငါ့သားလိုချင်တာ လုပ်ချင်တာပြော၊ အမေ လုပ်ပေး... မယ်"

"မဟုတ်ပါဘူး အမေ၊ ကျွန်တော့်မှာ နေစရာ၊ ဝတ်စရာ... စားစရာ အပြည့်အစုံ ရှိပါတယ်။ အမေတို့ကို စိတ်မချလို့ လာ... တာပါ"

"အမေတို့အတွက် ဘာမှ စိတ်မချစရာ မရှိဘူး... အော်တော်ဝါး ပြန်တော့"

ဒေါ်သင်းမြတ်နှင့် အော်တော်ဝါး (ခေါ်) မောင်မြစိန်... ပူးကပ်ခံရသူ မမိုးမြင့်မေတို့ အချီအချ စကားမေးကြ ပြောကြ... သည်။ နောက်ဆုံး မိခင်ဖြစ်သူ ဒေါ်သင်းမြတ်၏ စကားကြော... အော်တော်ဝါး (ခေါ်) မောင်မြစိန် ပူးကပ်ခံရသူ မမိုးမြင့်မေထံ... မှ နောက်ထပ် စကားသံ မကြားရတော့ပေ။

မမိုးမြင့်မေမှာမူ အိပ်ရာမှ နိုးထလာသူတစ်ယောက်ကဲ့သို့ သမ်းဝေလိုက်သည်။ ထို့နောက် –

"အမေ အမေ သမီး ဘာဖြစ်တာလဲဟင်"





မိခင် ဒေါ်သင်းမြတ်အား မေးလိုက်သည်။ ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာနှင့် ပတ်သက်၍ မမိုးမြင့်မေ တကယ် မသိပေ။ သို့အတွက် မိခင် ဒေါ်သင်းမြတ်က ရှင်းပြ ပြောပြရသည်။

ထိုနေ့က မိခင် ဒေါ်သင်းမြတ်လည်း သားဖြစ်သူ ကောင်းရာသုဂတိ ရောက်စေရန်အတွက် ဘုရားရှိခိုး အမျှဝေစဉ် သားဖြစ်သူ မောင်မြစိန်အား သီးခြား အမျှပေးဝေခဲ့သည်။ မိခင်ကြီးမှာ သားမောင်မြစိန်ကို သရဲတစ္ဆေ စသည်ဖြင့် မကောင်းသော ဘုံဘဝသို့ ရောက်ရှိနေသည်ဟု ထင်သည်။ သို့အတွက် သားကို ရည်စူး၍ သီးခြား အမျှပေးဝေခဲ့ရသည်မှာ နေ့စဉ်နှင့် အမျှပင်။

ပထမအကြိမ် မမိုးမြင့်မေအား ပူးကပ်ဝင်ရောက် ပြောဆိုခဲ့သည့် မောင်မြစိန် (ခေါ်) အော်တော်ဝါးသည် နောက် (၁၀)ရက်ခန့် အကြာတွင် ထပ်မံ ဝင်ရောက် ပူးကပ်ပြန်သည်။

ထိုအချိန်ကား မိုးဦးကျရာသီဖြစ်၍ မိုးကလေးများက တစိမ့်စိမ့် ရွာသွန်းနေသည်။ ဒုတိယအကြိမ် ပူးကပ်စဉ်ကာလတွင်လည်း မိခင်ဖြစ်သူ ဒေါ်သင်းမြတ် ရှိနေသဖြင့် ပူးကပ်ခံရသူ သမီး မမိုးမြင့်မေအား ဘုရားကျောင်းဆောင်ရှေ့သို့ ခေါ်ဆောင်သွားသည်။

မွန်းတည့် (၁၂)နာရီခန့် ရှိပြီဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com

“အော်တော်ဝါး၊ နင် ဘာလာလုပ်ပြန်တာလဲ၊ ငါတော့ နင်နဲ့ ခက်တော့တာပါပဲဟယ်”

“လာနှောင့်ယှက်တာ မဟုတ်ပါဘူး အမေ၊ သားကို ရည်စူးပြီး ကျောက်တန်း ရေလည်ဘုရားနဲ့ ဗိုလ်တထောင်ဘုရားကို သားနာမည်နဲ့ ငွေဖြစ်ဖြစ် ပစ္စည်းဖြစ်ဖြစ် လှူပေးဖို့ လာပြောတာ”

“အေး ... အမေ လှူပေးမယ်၊ အမေတို့ဆီ မလာနဲ့တော့၊ အော်တော်ဝါးရယ်၊ သားနဲ့ အမေတို့က ဘဝချင်း မတူတော့ဘူး၊ ကဲ ... မင်း ပြန်တော့”

ဒေါ်သင်းမြတ်လည်း သားဖြစ်သူ အော်တော်ဝါး (ခေါ်) မောင်မြစိန် ဝင်ပူး၍ ပြောသည်ကို နားထောင်၍ ပြန်ရန် ပြောလိုက်သည်။ အော်တော်ဝါး (ခေါ်) မောင်မြစိန်ခမျာ ညီမဖြစ်သူ မမိုးမြင့်မေထံမှ တစ်ဆင့် ခွန်းတုံ့ပြန်စကား မပြောတော့ဘဲ ဝင်ပူးရာမှ ထွက်သွားသည်။

သေသူ သား၏ တမလွန်မှ ပူးကပ်ပြောဆိုသည့် စကားကြောင့် မိခင်ဖြစ်သူ ဒေါ်သင်းမြတ်လည်း ကျောက်တန်း ရေလည်ဘုရားသို့ သွားရသည်။ ကျောက်တန်း ရေလည်ဘုရားတွင် အလှူခံသေတ္တာပုံးတစ်ခု ကမ္ဘည်းထိုးကာ လှူခဲ့သည်။ ထို့အတူ ဗိုလ်တထောင်ဘုရားသို့ သွား၍ တံခွန်လှူခဲ့ရသည်။ သားအတွက် ရည်စူး၍ အမျှပေးဝေခဲ့ရသည်။





ကွယ်လွန်သူ မောင်မြစိန် (ခေါ်) အော်တော်ဝါးသည် ညီမဖြစ်သူ မမိုးမြင့်မေအား တစ်ပတ် (သို့မဟုတ်) နှစ်ပတ်တစ်ခါခန့် မိခင်ဒေါ်သင်းမြတ် မနှစ်မြို့သည့်ကြားမှပင် ပုံမှန်လာရောက်ပူးကပ် ဝင်ရောက်၍ သူပြောလိုသည့် အကြောင်းအရာများ၊ ဖြစ်စေလိုသည့် ဆန္ဒများကို ပြောဆိုခဲ့သည်။

ပူးကပ်ဝင်ရောက်သည့်အချိန်မှာ နေ့လည်မွန်းတည့် (၁၂) နာရီခန့်နှင့် ညနေစောင်း (၅)နာရီခန့်အချိန်တွင် အချိန်မှန်ပူးကပ်ဝင်ရောက်သည်။ ညီမဖြစ်သူ မမိုးမြင့်မေမှ လွဲ၍ အခြားမိသားစုဝင်တစ်ဦးတစ်ယောက်ကိုမျှ ဝင်ရောက်ပူးကပ် ပြောဆိုခြင်း မရှိပေ။

မောင်မြစိန် (ခေါ်) အော်တော်ဝါး ပူးကပ်ဝင်ရောက်ပြောဆိုစဉ် ကာလများတွင်ညီမဖြစ်သူ မကျင်လွမ် တရားထိုင်သွားစဉ် အချိန်များတွင် လိုက်လံစောင့်ရှောက်လေ့ရှိကြောင်း၊ သူ့စိတ်က ရည်မှန်းလျှင် လိုရာခရီးသို့ ရောက်နိုင်ကြောင်း၊ ယခုအခါ သူ့အမဖြစ်သူ မြနန်းနွယ်နှင့်အတူ ဘုရားပိုင် ရတနာသိုက်ကို စောင့်ရှောက်နေရကြောင်း၊ သိုက်က မည်သည့်နေရာတွင်ရှိကြောင်း (နေရာအတိအကျ ပြောသော်လည်း မသမာသူတို့၏ အနှောင့်အယှက်မှ ကင်းဝေးစေရန် ချန်လှပ်ထားပါသည်။) စသည်ဖြင့် ပြောဆိုခဲ့သည်။



www.burmeseclassic.com

မမိုးမြင့်မေအား ပူးကပ်ဝင်ရောက်ပြောဆိုစဉ် ဘုန်းကြီးကျောင်းများနှင့် နီးသဖြင့် အချို့ဘုန်းကြီးများက အိမ်ပေါ်သို့ တက်ရောက်ကြည့်ရှုကြသည်။ ထို့အတူ အချို့ မိတ်ဆွေအပေါင်းအသင်းများလည်း တက်ရောက်ကြည့်ရှုခဲ့ကြသည်။

ဘုန်းကြီး ရဟန်းသံဃာများ လာရောက် ကြည့်ရှုစဉ် ပူလောင်သော ဝေဒနာကို မောင်မြစိန် (ခေါ်) အော်တော်ဝါးခမျာ ခံစားရသည်ဟုပြောပြခဲ့သည်။ မိတ်ဆွေအပေါင်းအသင်းများ လာရောက်ကြည့်ရှုခွင့် မပြုရန် ပြောသည်။ မောင်မြစိန် (ခေါ်) အော်တော်ဝါးက မကြိုက်နှစ်သက်ကြောင်း မိခင်ဖြစ်သူအား ပြောပြခဲ့သည်။

မောင်မြစိန် (ခေါ်) အော်တော်ဝါးသည် မိခင် ဒေါ်သင်းမြတ်နှင့် ညီမသုံးယောက် တရားထိုင်သွားစဉ် လိုက်ပါ စောင့်ရှောက်သည်ကို ကိုယ်ထင်ပြခဲ့သည်။ သုံးဦးသား တစ်ဦးကိုတစ်ဦး ပြောပြရင်း မောင်မြစိန် (ခေါ်) အော်တော်ဝါးအား မြင်တွေ့ကြရသည်မှာ တိုက်ဆိုင်နေခဲ့သည်။

ထို့အတူ မောင်မြစိန် (ခေါ်) အော်တော်ဝါးသည် မိခင် ဒေါ်သင်းမြတ်အား အိပ်မက်ပေး၍ ကိုယ်ထင်ပြခဲ့သည်။ ထိုစဉ်က မောင်မြစိန် (ခေါ်) အော်တော်ဝါး၏ ပုံသဏ္ဌာန်မှာ နန်းတွင်းမှ မင်းသားကလေးကဲ့သို့ ဖြစ်သည်။ ကြည်ပြာရောင် နန်းဝတ်နန်းစား





များကို ဝတ်စားဆင်ယင်လျက် ခါးတောင်းကျိုက်ထားသည် ဦးခေါင်းတွင် တပြောင်ပြောင်နှင့် နဂါးရုပ်သဏ္ဌာန် ခေါင်းဆောင် ပါရှိသည်ကို မြင်တွေ့ရသည်။

ပို၍ ထူးခြားသည်မှာ မောင်မြစိန် (ခေါ်) အော်တော်ဝါ လူ့ဘဝတွင် အသက်ရှင်စဉ်က ကုပ်ပိုးတွင် အနီရောင် ပန်းခက် အမှတ်အသား ပါရှိသကဲ့သို့ ယခုလည်း ပါရှိနေခြင်းပင် ဖြစ်သည်။

၁၉၈၈–ခုနှစ်၊ အောက်တိုဘာလ (၂၀)ရက်နေ့ခန့်တွင် နောက်ဆုံးအကြိမ်အဖြစ် မမိုးမြင့်မေအား ပူးကပ်ဝင်ရောက် ပြောဆိုပြန်သည်။

"အမေ ဒီတစ်ကြိမ် နောက်ဆုံးလာတာ ခွင့်လွှတ်ပါ အမေရယ်၊ ကျွန်တော့်အတွက် ရည်စူးပြီး အစ်ကိုကြည်အေးကို ပဍ္ဇင်းတက်ပေးပါ။ နောက်ပြီး ဘူ၊ ဘူမလေးတွေကို ကိုရင် ဝတ်ပေးပါ၊ သီလရှင် ဝတ်ပေးပါ၊ သားကို အမျှအတန်းဝေပါ အမေ။ အဲဒီကိစ္စတွေပြီးရင် ကျွန်တော် အမေတို့ဆီကို မလာ တော့ပါဘူး"

"အော်တော်ဝါး၊ ငါ့သား မင်း တကယ်ပြောတာလား"

"တကယ်ပြောတာပါ အမေ။ ကျွန်တော် ကတိပေးပါ တယ်။ အလှူလုပ်ရင်တော့ ခြောက်ထပ်ကြီးက ဆရာတော်

www.burmeseclassic.com

ဦးဇနကရဲ့ ပတ္တမြားကျောင်းမှာ လုပ်ပေးပါ၊ အလှူမှာ ဆိုင်းပါ ထည့်နိုင်ရင် ထည့်ပေးပါ အမေ။ ဒါဆို သားကတိအတိုင်း မလာတော့ပါဘူး”

“ကောင်းပြီ အော်တော်ဝါ၊ ငါ့သားဆန္ဒအတိုင်း အမေတို့ လုပ်ပေးမယ်၊ မင်းကတိ တည်ပလေ့စေနော်၊ ကဲ ... ငါ့သား အော်တော်ဝါ မင်းပြန်တော့”

မိခင် ဒေါ်သင်းမြတ်က ပြန်ခိုင်းသဖြင့် သားဖြစ်သူ အော်တော်ဝါ (ခေါ်) မောင်မြစိန်မှာ ဘုရားကို သုံးကြိမ်ကန် တော့သည်။ ထို့နောက် ညီမဖြစ်သူ မမိုးမြင့်မေထံ ပူးကပ်ခြင်းမှ ထွက်သွားလေသည်။

ကွယ်လွန်သူ မောင်မြစိန် (ခေါ်) အော်တော်ဝါ၏ ဆန္ဒ အရ မိခင်ဖြစ်သူ ဒေါ်သင်းမြတ်လည်း အလှူကို အားချင်း စီစဉ်ရတော့သည်။

အလှူရက်မှာ ၁၃၄၉ – ခု၊ သီတင်းကျွတ်လပြည့်ကျော် (၂)ရက် (၁၉၈၈ – ခုနှစ်၊ အောက်တိုဘာလ (၂၇)ရက်)နေ့ဖြစ် သည်။ အိမ်ရှေ့တွင် မဏ္ဍပ်ထိုး၍ ရဟန်းခံရှင်ပြုပွဲကို ကျင်းပ ပေးသည်။ ဆိုင်းငှားမရသဖြင့် မောင်မြစိန်(ခေါ်) အော်တော်ဝါ ၏ ဆန္ဒကို မပြည့်စွမ်းနိုင်ခဲ့သော်လည်း အလှူပွဲမှာ အစစ အရာရာ အဆင်ပြေသည်။ ရှင်လောင်းလှည့်ရာတွင် ဦးမောင်မောင် ဆပ်ကပ်မှ ဆင်နှစ်ကောင်ကို ငှားရမ်းလှည့်နိုင်ခဲ့သည်။





အလှူရေစက်ချ တရားနာအပြီး မောင်မြစိန် (ခေါ်) အော်တော်ဝါးအား သီးခြား အမှုအတန်းပေးဝေ၍ မဏ္ဍပ်အတွင်း မှ ပိုက်ဆံများ ကြဲထုတ်ပစ်ခဲ့သည်။

အလှူပွဲပြီးသည်မှစ၍ ယနေ့တိုင် ကွယ်လွန်သူ မောင်မြစိန် (ခေါ်) အော်တော်ဝါးသည် သူကတိပေးထားသည့်အတိုင်း ညီမဖြစ်သူ မမိုးမြင့်မေနှင့် မိသားစုဝင် တစ်ဦးတစ်ယောက်ကိုမျှ ပူးကပ်ဝင်ရောက် ခြောက်လှန့်နှောင့်ယှက်ခြင်း မရှိတော့ပေ။

(မောင်မြစိန် (ခေါ်) အော်တော်ဝါး၏ တမလွန်ဘဝမှ ပူးကပ်ဝင်ရောက်သည့် အကြောင်းအရာများကို အမည်၊ နေရပ် လိပ်စာ၊ ဓာတ်ပုံများနှင့်တကွ ရေးသားဖော်ပြခွင့်ပြုသည့် မိခင် ဖြစ်သူ ဒေါ်သင်းမြတ်အား အထူးကျေးဇူးတင်ရှိပါသည်။)

● ● ●



www.burmeseclassic.com

www.burmeseclassic.com



သမီးကိုခွဲလန်းခဲ့သူ လူဝင်စားမတင်တင်လှ

## သမီးကိုခွဲလန်း၍သရဲဖြစ်ခဲ့ရသူ

စစ်ကိုင်းတိုင်း မြောင်မြို့သည် မုံရွာ–မန္တလေးကားလမ်းမကြီးပေါ်ရှိ မြင်းမူမြို့နှင့် ချောင်းဦးမြို့နယ်အကြား ကားလမ်းခွဲမှ သွားရသည်။ ယင်းလမ်းခွဲကို ကင်းလမ်းခွဲဟု ခေါ်၏။ ကင်းလမ်းခွဲနှင့် မြောင်မြို့မှာ (၇) မိုင်ခန့် ကွာဝေးသည်။

မြောင်မြို့သို့ မန္တလေး၊ စစ်ကိုင်း၊ မြင်းမူ၊ မုံရွာမြို့များမှ လည်းကောင်း၊ ချင်းတွင်းမြစ်ကို ဇက်ဖြင့် ဖြတ်ကူးသွားလာရသည့် ပခုက္ကူ၊ ရေစကြို၊ မန္တလေးကားဖြင့် လည်းကောင်း လွယ်ကူစွာ သွားလာနိုင်သည်။ ထို့အတူ ဧရာဝတီမြစ်ကြောင်းမှ သင်္ဘောစီး၍ ရေလမ်းခရီးဖြင့်လည်း သွားလာနိုင်သည်။

ပုဂံခေတ်က ကျန်စစ်သားမင်းကြီး မွေးဖွားရာ ပရိမ္မ ကျေးရွာနှင့် ရတနာပုံခေတ်မှ ယောမင်းကြီးဦးဘိုးလှိုင် မွေးဖွားရာ ရွာပုလဲကျေးရွာတို့သည် မြောင်မြို့နယ်တွင် ရှိသည်။ ထို့အတူ မြောင်မြို့နယ်မှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊



www.burmeseclassic.com

www.burmeseclassic.com

အင်ဂျင်နီယာများ၊ အမျိုးသားစာပေဆုရ စာရေးဆရာများ စသည် ဖြင့် ပညာတတ် အကျော်အမော်များစွာ မွေးထုတ်ပေးခဲ့သည်။

မြောင်မြို့သည် ဆေးရုံ၊ ရဲစခန်း၊ စည်ပင်သာယာရေး၊ အစိုးရ အထက်တန်းကျောင်း၊ မူလတန်းကျောင်း၊ ဘုန်းတော်ကြီး ကျောင်းများနှင့် အထိုက်အသင့် စည်ကားသည့် အထက်အညာ ဒေသမှ မြို့ကလေးတစ်မြို့ဖြစ်သည်။ မြို့ပေါ်တွင် အလောင်း စည်သူ (မဏိစည်သူ) မင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် ဦးဘုရား (ရွှေပေါ်ကျွန်းဘုရား)၊ ဝင်းလှိုင်ဘုရား (နဂါးရုံဘုရား) နှင့် ပုံ့ဘုရား (ပုံ့ရွှေကူဘုရား) ဟူ၍ တန်ခိုးကြီးဘုရားသုံးဆူ ရှိသည်။

မြန်မာနိုင်ငံတွင် ကျင်းပသည့် တန်ခိုးကြီးဘုရားပွဲ (၁၂)ပွဲတွင် မြောင်မြို့ပေါ်ရှိ ရွှေပေါ်ကျွန်း ဘုရားပွဲတော် ပါဝင်သည်။ ရွှေပေါ်ကျွန်း ဘုရားပွဲတော်ကို တော်သလင်း လဆန်း (၈)ရက်နေ့မှ (၁၅)ရက် (လပြည့်နေ့)နေ့အထိ စည်ကား သိုက်မြိုက်စွာ ကျင်းပသည်။

ကျေးရွာနှစ်ရွာခန့်မှအပ မြောင်တစ်မြို့နယ်လုံးနီးပါးမှ ဗုဒ္ဓဘာသာ ကိုးကွယ်ကြသဖြင့် ဗုဒ္ဓဘာသာ ထွန်းကားရာ မြို့ကလေးဟုလည်း ဆိုနိုင်သည်။ မြို့သူမြို့သား အများစု သည်လည်း တောင်သူလယ်ယာလုပ်ငန်းနှင့် ကုန်သည်စီးပွား လုပ်ငန်းတို့ဖြင့်သာ ရိုးသားစွာ လုပ်ကိုင်စားသောက်ကြသည်။





မြောင်မြို့နယ်တွင် မြို့ပေါ် (၄)ရပ်ကွက်နှင့် ကျေးရွာပေါင်း (၆၀)ကျော်ခန့် ရှိသည်။

မြို့မအုပ်စုတွင် ပါရှိသည့် မြကုန်းကျေးရွာကို မရိုးကုန်း ကျေးရွာဟုလည်း ခေါ်သည်။ မြကုန်းကျေးရွာသည် မြောင်မြို့နှင့် အနီးဆုံးရွာ ဖြစ်သည်။ ဧရာဝတီမြစ်ရေတိုးချိန် ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများမှအပ ကျန်လများတွင် ခြေလျင်ခရီး၊ စက်ဘီး၊ လှည်းတို့ဖြင့် မြို့ပေါ်သို့လာနိုင်သည်။ လမ်းလျှောက်၍လာလျှင် (၁၀) မိနစ်ခန့်မျှသာကြာသည်။

မြကုန်းကျေးရွာရှိ အိမ်တိုင်းတွင် ဆီးပင်၊ မာလကာပင်များ၊ သရက်ပင်များ စိုက်ပျိုးထားသည်။ ကျေးရွာသူ ကျေးရွာသား အများစုသည် တောင်သူလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြပြီး ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ အနည်း ငယ်မျှသာ ရှိသည်။

မြကုန်းကျေးရွာ၊ ရွာလည်ပိုင်းတွင် ဦးဘခင်နှင့် ဒေါ်ဖွားညွန့် တို့ဇနီးမောင်နှံ နေထိုင်ကြသည်။ ယင်းတို့ ဇနီးမောင်နှံမှ (၁) မတင်ရီ (၂) မအေးကြည် (၃) မအေးစိန် (၄) မအေးမို (၅) မစိန်တင် (၆) မတင်နုဟူ၍ သမီးခြောက်ယောက် ထွန်းကား ခဲ့သည်။

ဦးဘခင်နှင့် ဒေါ်ဖွားညွန့်တို့ ဇနီးမောင်နှံမှာ သမီးခြောက် ယောက်နှင့်အတူ ပင်ပန်းကြီးစွာ လုပ်ကိုင်စားသောက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးဘခင်တို့တွင် မြေယာပိုင်ဆိုင်မှုမှာ အနည်းငယ်မျှသာ ရှိသည်။ သို့အတွက် ဇနီးဖြစ်သူ ဒေါ်ဖွားညွန့်မှာ ကြားပေါက်အလုပ်များကို လုပ်ကိုင်၍ ဝင်ငွေရှာရသည်။

ဧရာဝတီမြစ်ရေကျချိန် တော်သလင်း၊ သီတင်းကျွတ်လများတွင် ငါးပေါသည်။ ထိုလများတွင်မူ ဒေါ်ဖွားညွန့်တစ်ယောက် ငါးအသေများကို ဖောက်သည်ယူ၍ သားသမီးများအား ငါးရောင်းကျွေးသည်။

တော်သလင်းလပြည့်ကျော်ရက်များကား 'တော်သလင်းနေ ပုစွန်သေ' ဆိုသကဲ့သို့ ပူပြင်းလှသည်။ အလွန်တရာ ပူပြင်းလှသည့် အပူရှိန်ကို အံတုလျက် ဒေါ်ဖွားညွန့်မှာ သမီးများ‌ဖေနှင့် ငါးရောင်းမပျက် ထွက်ခဲ့ရှာသည်။ တစ်ရက်တွင်မူ –

"ငါး ... ငါး ... ငါးစင်ရိုင်းတွေ လတ်လတ်ဆတ်ဆတ် ရမယ်"

ဒေါ်ဖွားညွန့်တစ်ယောက် ငါးလည်ရောင်းရင်း ဗိုက်နာလာသည်။ သူ့ဗိုက်နာလာသည်ကို ဒေါ်ဖွားညွန့်က မမှု။ သာမန်အာဂန္တုရောဂါအဖြစ်သာ စိတ်က ထင်မှတ်သည်။ ထမင်းဆာ၍ ဗိုက်အောင့်သည်ဟု ယူဆခဲ့သည်။ တစ်လမ်းဝင် တစ်လမ်းထွက် ငါးအော်ရောင်းရင်းနှင့် ဗိုက်က ပို၍ပို၍ နာလာသည်။ ထိုအချိန်တွင် ဒေါ်ဖွားညွန့်၏ ငါးဗန်းထဲတွင် ငါးစင်ရိုင်း အနည်းငယ်မျှသာ ကျန်တော့သည်။





"အမြတ်လည်း ရနေပါပြီလေ။ ကျန်တဲ့ငါးလေး သမီးတွေ ‌ကေးဖို့ အိမ်ယူခဲ့တော့မှ"

"အား ... ကျွတ် ... ကျွတ်"

ဒေါ်ဖွားညွန့်သည် လက်ကျန်ငါးများကို သမီးများအား ‌ကျွေးရန် စိတ်ကူးနေစဉ်အတွင်းမှာ ဗိုက်နာဝေဒနာက ပို၍ ‌ခံစားလာရသည်။

သို့အတွက် အိမ်သို့ အမြန်သုတ်ခြေတင်ခဲ့သည်။ ငါးဗန်းကို ဦးခေါင်းထက်၌ ရွက်လျက် လက်တစ်ဖက်က ဗိုက်ကိုဖိကာ ‌သူ့အိမ်သို့ ဖြတ်လမ်းမှ ပြန်ခဲ့သည်။ ဒေါ်ဖွားညွန့်ခမျာ ဗိုက်နာ‌ဝေဒနာကြောင့် စိတ်သွားတိုင်း ကိုယ်မပါ။ စိတ်ထင်သလို ‌လမ်းကောင်းကောင်း မလျှောက်နိုင်သဖြင့် တဖြည်းဖြည်း ‌လျှောက်ရင်းဖြင့်သာ ပြန်ခဲ့ရသည်။

"မောင်ဘခင်၊ ဟဲ့ ... သမီးတို့၊ သမီးလေး တင်နု"

အိမ်ပေါက်ဝသို့ ရောက်သည်နှင့် ဒေါ်ဖွားညွန့်သည် ‌သူ့ခင်ပွန်းနှင့် သမီးများအား လှမ်းအော်ခေါ်သည်။ ဇနီးဖြစ်သူ ‌ဒေါ်ဖွားညွန့်၏ အရေးတကြီးခေါ်သံကြောင့် ဦးဘခင် ထွက်‌လာသည်။

"အမေ ... အမေကြီး ပြန်လာပြီဟေ့"



www.burmeseclassic.com

www.burmeseclassic.com



သမီးထွေးဖြစ်သူ မတင်နုလည်း ဓမ်းသာအားရနှင့် မီးခင်ထဲသို့ ပြေးထွက်လာသည်။ ဒေါ်ဖွားညွန့်သည် ဖိုက်ကို ဖိထားသည့်လက်အား သမီးငယ်ဆီသို့ ကမ်း၍ တရွေ့ရွေ့ အိမ်ထဲသို့ ဝင်လာခဲ့သည်။ ခင်ပွန်းဖြစ်သူ ဦးဘခင်က ငါးဖန်းကို လှမ်းယူလိုက်သည်။

"ဟဲ့ ... ဖွားညွန့်၊ နင့်မျက်နှာကြီးက မကြည်မသာ ရှုံ့မဲ့မဲ့နဲ့ ဘာဖြစ်လာတာလဲဟ"

"ဗိုက်အောင့်လို့ မောင်ဘခင်ရေ၊ ဗိုက်အောင့်လို့တော့"

"ထမင်းအဆာလွန်လို့ နေမှာပါဟာ၊ ထမင်းစားမလား၊ ငါ သွားခူးလိုက်မယ်"

"ထမင်းဆာလို့တော့ ဟုတ်ဟန်မတူဘူးတော့၊ ဒီတစ်ခါ ဗိုက်နာတာက တစ်မျိုးကြီးပဲ"

"ကဲ ... ဒါဖြင့်လည်း အိပ်ရာပေါ် ခဏလှဲနေလိုက်ကွာ။ ဗိုက်ကို ပရုပ်ဆီလေး ပွတ်ထားလိုက်"

ဒေါ်ဖွားညွန့်လည်း ခင်ပွန်းဖြစ်သူ ဦးဘခင်ပြောသည့် အတိုင်း ဗိုက်ကို ပရုပ်ဆီ ပွတ်လျက် အိပ်ရာထက်၌ လဲလျောင်းနေသည်။ ထိုနေ့က ဒေါ်ဖွားညွန့် ပရုပ်ဆီနှင့် အခန့်သင့်၍ ဗိုက်နာပျောက်သွားသည်။ ငါးရောင်းရသဖြင့် ဒေါ်ဖွားညွန့်လည်း ပင်ပန်းကာ ထိုနေ့ညဉ့် ညစာထမင်းပင် မစားတော့ဘဲ အိပ်ရာစောစောဝင်ခဲ့သည်။





နောက်တစ်ပတ် နှစ်ပတ်ခန့်အကြာတွင်မူ ဦးဘခင်နှင့် ဒေါ်ဖွားညွန့်တို့ ဇနီးမောင်နှံ ဘုံကထိန်သင်္ကန်းကပ်ရန် စိတ်ကူးမိကြသည်။ သူတို့ဇနီးမောင်နှံသည် ငွေကြေးချမ်းသာသူများ မဟုတ်ကြသဖြင့် ရှိစုမဲ့စု ငွေကလေးများဖြင့် နေအိမ်တွင် ဆွမ်းကျွေး၍ ကထိန်သင်္ကန်းကပ်ရန် စီစဉ်ကြသည်။

ဆွမ်းကပ်မည့်နေ့တွင် ဒေါ်ဖွားညွန့်သည် မီးဖိုချောင်အတွင်း ချက်ပြုတ်ရင်း အလုပ်ရှုပ်နေသည်။ ထိုစဉ် ဒေါ်ဖွားညွန့်မှာ ရုတ်တရက် ဗိုက်နာလာပြန်သည်။ အိပ်ရာသို့သွားလျက် ပရုပ်ဆီလိမ်းကာ လဲလျောင်းနေသည်။ ဒေါ်ဖွားညွန့်မှာ ဗိုက်က ပိုအောင့်လာသဖြင့် ညည်းညူနေမိသည်။

"အား ... ကျွတ် ... ကျွတ်၊ နာလိုက်တာ မောင်ဘခင်ရယ်၊ ကျုပ်ဗိုက်က ပိုပိုနာလာတယ်တော့"

ဒေါ်ဖွားညွန့်ခေါ်သံကြောင့် ဦးဘခင်နှင့်အတူ သမီးငယ် မတင်နုတို့ ရောက်လာသည်။ ဒေါ်ဖွားညွန့်သည် ဗိုက်အောင့်ရင်းက သမီးငယ် မတင်နုကို တစ်ချက် ပြုံးပြလိုက်သေးသည်။

"ဖွားညွန့် နင့်ဗိုက်သိပ်နာနေရင် ကိုဘလှိုင်ကြီးခေါ်ပြီး နှိပ်ခိုင်းရ မကောင်းဘူးလား"

"ကောင်းသားပဲတော်၊ ပျောက်လိုပျောက်ငြားပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဦးဘခင်လည်း ပြောပြောဆိုဆိုနှင့် ဦးဘလှိုင်အား ရှာ၍ ဒေါ်ဖွားညွန့်အနီးသို့ ခေါ်လာခဲ့သည်။ ဦးဘလှိုင်မှာ ဒေါ်ဖွားညွန့် အနီးသို့ ရောက်သည်နှင့်ပင် –

"မောင်ဘခင် မင်းမိန်းမ ဗိုက်နာတာ ရိုးရိုးတော့ ဟုတ်ဟန် မတူဘူးကွ။ လေအောင့်တာနဲ့တူတယ်၊ မှန်းစမ်း၊ ငါ ခဏ နှိပ်ကြည့်စမ်းမယ်"

ဦးဘလှိုင်လည်း ပြောပြောဆိုဆိုနှင့် ဗိုက်ပေါ်ဖိထားသည့် ဒေါ်ဖွားညွန့် လက်နှစ်ဖက်ကို ဖယ်၍ နှိပ်တော့သည်။ ဦးဘလှိုင် နှိပ်နေသည်ကို အနီးမှ သမီးအချို့နှင့် ဦးဘခင်က ကြည့်နေသည်။ ဦးဘလှိုင် နှိပ်နေသည့်ကြားထဲက ဒေါ်ဖွားညွန့်က ဗိုက်နာဝေဒနာကြောင့် ပို၍အော်သည်။

"အား .... ကိုဘလှိုင်၊ နာတယ်တော့၊ ဖြည်းဖြည်းလုပ်ပါ"

"နင့်ဗိုက်က သကျည်းတင်းပြီး ငုတ်နေတယ်ဟ၊ သကျည်း ထုတ်ပေးရင် ပျောက်သွားမှာပါဟာ"

ဦးဘလှိုင်အပြောကြောင့် ခင်ပွန်းဖြစ်သူ ဦးဘခင်နှင့် သမီးများလည်း ကြည့်နေကြရသည်။ ဒေါ်ဖွားညွန့်မှာ ဗိုက်နာ ဝေဒနာကတစ်မျိုး၊ ဦးဘလှိုင်နှိပ်သည့် ဝေဒနာကတစ်မျိုး ခံစားရလျက် အသံကျယ်ကျယ်ဖြင့် အော်နေရှာသည်။ ဒေါ်ဖွားညွန့် မည်၍မည်မျှ အော်စေကာမူ ဦးဘလှိုင်က အနှိပ်မလျှော့၊ သူ့လက်မကြီးဖြင့်သာ ဖိနှိပ်နေသည်။





"ကိုဘလှိုင် တော်ပါတော့၊ အား ... နာလှပြီတော့၊ အမယ်လေး ကိုဘလှိုင် တော်ပါတော့ရှင်"

ဒေါ်ဖွားညွန့်ခမျာ မခံမရပ်နိုင်အောင် နာကျင်လွန်းသဖြင့် အော်၍ ရပ်ခိုင်းသည့်တိုင် ဦးဘလှိုင်က နှိပ်နေဆဲပင်။ ဘေးမှ ထိုင်နေသည့် သမီးငယ် မတင်နုမှာ မိခင်ကြီး အော်ဟစ်၍ ဝေဒနာ ခံစားနေရသဖြင့် သူကလည်း အော်၍ငိုသည်။

"အား ...ကျွတ် ... ကျွတ်"

ဦးဘလှိုင် နှိပ်နေဆဲမှာပင် ဒေါ်ဖွားညွန့် နှုတ်ဖျားမှ တိုးညှင်းသည့် ညည်းညူသံနှင့်အတူ တစ်ကိုယ်လုံး ပျော့ခွေသွားသည်။ ဒေါ်ဖွားညွန့်ထံမှ နောက်ထပ် မည်သည့် အသံမျှ ထွက်မလာတော့ပေ။

လုံးဝ အသက်ရှူရပ်သွားသည်။

ထိုအခါ ဦးဘလှိုင်တစ်ယောက် အနှိပ်ရပ်လိုက်ပြီး ခင်ပွန်းဖြစ်သူ ဦးဘခင်ဘက်သို့ လှည့်၍ ကြည့်လိုက်သည်။ ဦးဘခင် မျက်နှာက ညှိုးငယ်နေပြီ ဖြစ်သည်။ ဦးဘလှိုင် ပြောပြသဖြင့် ဒေါ်ဖွားညွန့် သေဆုံးသွားပြီဖြစ်ကြောင်း ဦးဘခင်လည်း သိရသည်။ သမီးများကမူ ချုံးပွဲချ၍ ငိုကြသည်။

ဦးဘခင်လည်း ရွာထုံးစံအတိုင်း (၃)ရက်ထား၍ ဇနီးဖြစ်သူ ဒေါ်ဖွားညွန့်၏အလောင်းကို မရိုးကုန်း(မြကုန်း)ရွာသိပ်နှင့် မြောင်မြို့အကြားရှိ သုသာန်တွင် မြေမြှုပ်သဂြိုဟ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ဖွားညွန့်မှာ ထိုစဉ်က အသက် (၄၀)အရွယ်ခန့်သာ ရှိသေးသည်။ မိုက်နာဝေဒနာကြောင့် သွေးရိုးသားရိုး သေခြင်း မဟုတ်ဘဲ ဦးဘလှိုင် နှိပ်သည့်ဒဏ်ကြောင့် သေရသဖြင့် အစိမ်းသေကဲ့သို့ ဖြစ်နေသည်။ ဒေါ်ဖွားညွန့် အသက်ထွက်ခါနီး တွင် သမီးငယ်မတင်နု၏ ငိုသံကို စွဲလန်း၍ သရဲဖြစ်ခဲ့ရရှာသည်။

ဒေါ်ဖွားညွန့်၏အလောင်း မြေကျရန် သုသာန်သို့ သယ် ဆောင်သွားစဉ်က သရဲဖြစ်လျက် လိုက်ပါသွားသေး၏။ သရဲ ဘဝနှင့် သမီးငယ်မတင်နုကို စွဲလန်းနေသဖြင့် သုသာန်တွင် မနေဘဲ သူ့အိမ်သို့ လိုက်လာသည်။ ဒေါ်ဖွားညွန့်မှာ သရဲဘဝ သို့ ရောက်ရှိသွားသဖြင့် သူ့အိမ်တွင် နေခွင့်မရ။ အိမ်ခေါင်း ရင်းမှ သနပ်ပင်ကြီးတွင် နေခဲ့ရသည်။

သရဲဖြစ်နေသူ ဒေါ်ဖွားညွန့်မှာ သူ့သမီးငိုနေလျှင် အိမ်ကို ခဲနှင့် ပေါက်သည်။ ရံဖန်ရံခါ သနပ်ပင်ကြီးပေါ်မှ ဆေးလိပ် ဖွာပြသည်။ အိမ်သူအိမ်သားများနှင့် ခင်ပွန်းဖြစ်သူ ဦးဘခင်တို့ ကိုယ်တိုင် မြင်တွေ့ကြရသည်။ သို့သော် ဒေါ်ဖွားညွန့်၏ သရဲ ဘဝနှင့် ခန္ဓာကိုယ်ကို မမြင်တွေ့ကြရပေ။ ရံဖန်ရံခါ သရဲ ဖြစ်နေသူ ဒေါ်ဖွားညွန့်က သဲနှင့်ပက်သည်။

(၉)နှစ်၊ (၁၀)နှစ်သမီးအရွယ်လေး သမီးငယ် မတင်နု ရေတွင်းထဲကျစဉ်က သရဲဖြစ်နေသူ ဒေါ်ဖွားညွန့်မှာ သနပ်ပင်ပေါ်မှ





နားကွဲလုမတတ် အော်ဟစ်၍ အကူအညီတောင်းခဲ့သည်။ သူ့အသံ ကို မည်သူမျှ မကြားရ။ အိမ်ကို ခဲနှင့်ပေါက်သည်။ ဆေးလိပ်မီး ကို ရဲခနဲ ရဲခနဲနေအောင် ဖွာပြသည်။ အိမ်သူအိမ်သားများကမူ ဒေါ်ဖွားညွန့် သရဲအဖြစ်နှင့် ခြောက်နေသည်ကို သိသော်လည်း သမီး ရေတွင်းထဲကျနေသည်ကို မသိချေ။

နောက်ပိုင်းမှ သမီးမတင်နုပျောက်နေ၍ ရေတွင်းပျက်ထဲ ကျနေကြောင်း သိသဖြင့် ဆယ်ယူကြရသည်။

ဦးဘခင်မှာ ဇနီးဖြစ်သူ ဒေါ်ဖွားညွန့် သရဲဖြစ်နေကြောင်း သိသဖြင့် အိမ်နီးနားချင်းများနှင့် တိုင်ပင်သည်။ ထို့နောက် ကွယ်လွန်သူ ဇနီး ဒေါ်ဖွားညွန့်အား ရည်စူး၍ သံဃာတော် များအား ဆွမ်းကပ်သည်။ အမျှအတန်း ပေးဝေသည်။ သို့တိုင် ဒေါ်ဖွားညွန့်မှာ သရဲဘဝနှင့်ပင် သုံးလေးရက်ခန့် ခဲနှင့် ပေါက်ခဲ့၏။ ဆေးလိပ်မီးကို ဖွာပြခဲ့သည်။ ထို့နောက် ဒေါ်ဖွားညွန့်သည် သရဲဘဝမှ ကျွတ်၍ လူဝင်စား ဖြစ်လာသဖြင့် ခဲနှင့် ပေါက်ခြင်း၊ ဆေးလိပ်မီး ဖွာပြခြင်းတို့ကို လုံးဝ မမြင်တွေ့ကြရတော့ပေ။

ဒေါ်ဖွားညွန့်မှာ သရဲဘဝနှင့် တစ်လခန့် နေခဲ့ရပြီး ၁၉၄၈–ခုနှစ်၊ ဒီဇင်ဘာလ (၁၈)ရက်နေ့တွင် မတင်တင်လှ အမည်ဖြင့် စစ်ကိုင်းတိုင်း၊ မြောင်မြို့ အလည်ရပ်မှ ဦးကျော်နှင့် ဒေါ်အေးစုတို့၏သမီး မတင်တင်လှအဖြစ် လူဝင်စား ဖြစ်လာ ရသည်။



www.burmeseclassic.com

www.burmeseclassic.com



စကားပြောတတ်သည့်အရွယ် သုံးလေးနှစ်သားခန့်တွင် ဘဝဟောင်းမှ ခင်ပွန်း ဦးဘခင်နှင့် သမီး ခြောက်ယောက်ထံသို့ သွားရောက် တွေ့ဆုံသည်။

ဘဝဟောင်းမှ ခင်ပွန်းနှင့်သမီးများက ဇနီးအဖြစ်၊ အမေအဖြစ် လက်ခံယုံကြည်နိုင်လောက်အောင် မတင်တင်လုက ပြောပြသည်။ လုပ်ပြသည်။ သို့အတွက် ဦးဘခင်နှင့် သမီးများက ယုံကြည်ကာ လက်ရှိဘဝ မိဘများထံမှ တောင်းယူ၍ အမွေစား အမွေခံအဖြစ် ပြန်လည်မွေးစားခဲ့ကြသည်။ မတင်တင်လု အရွယ်ရောက်၍ အိမ်ထောင်ပြုသည့်အခါ ရွှေဘီး၊ ရွှေလက်စွပ် စသည်ဖြင့် ရွှေငါးကျပ်သားခန့် အမွေအဖြစ်၊ လက်ဖွဲ့အဖြစ် ပေးခဲ့ကြသည်။

ယခုအခါ မတင်တင်လုမှာ ခင်ပွန်းဖြစ်သူ ဦးကြီးရင်နှင့် အတူ သားနှစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားလျက် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ အမှတ် (၅၄)ရပ်ကွက်တွင် သမာအာဇီဝလုပ်ငန်းဖြင့် လုပ်ကိုင်စားသောက် နေထိုင်လျက် ရှိသည်။ ဘဝဟောင်းမှ ခင်ပွန်းဟောင်း ဦးဘခင်နှင့် သမီးများမှာ မတင်တင်လု ကလေးဘဝမှစ၍ အိမ်ထောင်ကျသည့်တိုင်အောင် အဆက်အသွယ်ရှိလျက် နေပေတော့သည်။

**(ဒေါ်ဖွားညွန့်ဘဝမှ လူဝင်စားပြန်ဖြစ်လာသူ ဒေါ်တင်တင်လု၏ အဖြစ်အပျက် အကြောင်းအရာများကို ရေးသားဖော်ပြခွင့် ပြုသဖြင့် အထူးကျေးဇူးတင်ရှိပါသည်။)**



## သရဲနှင့်နပမ်းလုံးခဲ့သူ

ဦးဘိုအေးသည် ဆေးပွဲစားကြီးတစ်ဦး ဖြစ်သည်။ အထက်အညာဒေသ ကန်သာကျေးရွာမှ ဦးထွေး၊ ဒေါ်မြတို့၏ သားဦး ဖြစ်သည်။ (၁၉)နှစ်ခန့်တွင် မြို့ပေါ်မှ ဦးကြည်၊ ဒေါ်လှမေတို့၏ သမီး မတင်လှနှင့် အိမ်ထောင်ကျခဲ့သည်။ ရောင်နောက် ဆံထုံးပါ ဆိုသော်လည်း ဦးဘိုအေးကမူ ဆံထုံးနောက် ရောင်ပါ ဘဝမျိုးနှင့် မြို့ပေါ်ရှိ မတင်လှ မိဘများအိမ်သို့ လိုက်ပါနေထိုင်ခဲ့သည်။

ကန်သာကျေးရွာသည် မြို့နှင့် နှစ်မိုင်သာသာခန့် ဝေးသည်။

ဦးဘိုအေး၏ ယောက္ခမများသည် မြန်မာဆေးရွက်ကြီး အရောင်းအဝယ်လုပ်သည့် ဆေးပွဲစားကြီး ဖြစ်သဖြင့် ဦးဘိုအေးလည်း ဆေးပွဲစား ဖြစ်လာသည်။ ဦးဘိုအေးသည် ဆေးပွဲစား ဖြစ်သည်နှင့် စက်ဘီးတစ်စီးဖြင့် မြို့နယ်အတွင်းရှိ မြန်မာဆေးရွက်ကြီး စိုက်ပျိုးရာ ကျေးရွာများသို့ ဆေးဝယ်ထွက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာဆေးရွက်ကြီး စိုက်ပျိုးသည့် မြေအမျိုးအစားကိုလိုက်၍ ကြည်းတောဆေးနှင့် အောက်တောဆေးဟူ၍ နှစ်မျိုး ရှိသည်။ ကြည်းတောဆေးကို မိုးဦးကျကာလတွင် စိုက်ပျိုးကြပြီး အောက်တောဆေးကိုမူ ဧရာဝတီမြစ်ရေကျပြီးချိန် ကိုင်းမြေများနှင့် ကျွန်းမြေများတွင် စိုက်ပျိုးကြသည်။

ဦးဘိုအေးသည် အောက်တောဆေး၊ ကြည်းတောဆေး နှစ်မျိုးစလုံးကို ဝယ်သည်။

ဦးဘိုအေးသည် ပျော်ရွှင်စွာ နေထိုင်နောက်ပြောင်တတ်သူ ဖြစ်သဖြင့် လူချစ်လူခင် ပေါများသည်။ အပေါင်းအသင်းဆန့်သည်။ အပေါင်းအသင်းများသူပီပီအရက်ကလေး တမြမြနှင့်နေတတ်သည်။ အရက်ဘယ်နှစ်ပုလင်းသောက်သောက် အရက်မူး၍ ရန်မရှာတတ်။ အနှောင့်အယှက် မပေးတတ်ပေ။ ဦးဘိုအေး အရက်မူးလာလျှင် သိသာသည်။ မျက်နှာတစ်ခုလုံး နီရဲလျက် ကွမ်းလေးတမြုံ့မြုံ့နှင့် ပြုံး၍သာ နေတတ်သည်။ ရပ်ပျက် ဆင်းပျက် လူမှန်းမသိအောင် မူးနေသည်ဟူ၍ မရှိပေ။

အရက်ဘယ်လောက်သောက်သောက် လူမှန်းသူမှန်း မသိအောင် မမူးသဖြင့် ကြွက်တွင်းဘိုအေး၊ ဆေးပွဲစားဘိုအေး ဟု သူငယ်ချင်းများက နောက်ပြောင်ခေါ်ဆိုကြသည်။

ဦးဘိုအေးသည် ဧရာဝတီမြစ်ရေကျပြီး စက်ဘီးလမ်း ပေါက်သည်နှင့် မိဘများရှိရာ ကန်သာကျေးရွာသို့ နေ့စဉ်လိုလို ဆေးဝယ်ထွက်သည်။ မနက်သွား၍ ညနေမိုးချုပ်မှ မြို့ပေါ်သို့ ပြန်လာတတ်သည်။ ကန်သာကျေးရွာသို့ ရောက်တိုင်း သူငယ်ချင်းဖြစ်သူ ဦးမြဆောင်နှင့် အမြဲ အရက်သောက်သည်။ ဦးဘိုအေးနှင့် ဦးမြဆောင်မှာ အလွန်ချစ်ခင်သည့် ငယ်သူငယ်ချင်းများဖြစ်သည်။ အရက်သောက်ပြီးလျှင် တစ်ဦးနှင့်တစ်ဦး အချင်းဖြစ် စကားများခြင်း မရှိသော်လည်း နပန်းလုံးတမ်း ကစားကြသည်။

အချိန်ကျလျှင် ဦးဘိုအေးသည် ဦးမြဆောင်အိမ်တွင် ရေမိုးချိုး စားသောက်ပြီး စက်ဘီးစီး၍ မြို့ပေါ်သို့ ပြန်လာသည်။

နွေရာသီတစ်နေ့တွင် ဦးဘိုအေး၏သူငယ်ချင်း ဦးမြဆောင် တစ်ယောက် ဦးနှောက်သွေးကြောပြတ်၍ ရုတ်တရက် ကွယ်လွန်ခဲ့သည်။ ဦးဘိုအေးလည်း ဦးမြဆောင်၏ မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းပူဆွေးခဲ့ရသည်။ ဦးမြဆောင်၏ အသုဘချပြီးသည့်တိုင် မြို့ပေါ်သို့ မပြန်ဘဲ လူရောငွေပါ ကူညီခဲ့သည်။ ရက်လည်ပြီးမှ မြို့ပေါ်သို့ ပြန်ခဲ့သည်။

ဦးဘိုအေးသည် သူ့သူငယ်ချင်း ဦးမြဆောင် ကွယ်လွန်ခဲ့သော်လည်း ကန်သာကျေးရွာသို့ ဆေးဝယ်သွားရမြဲ ဖြစ်သည်။ သူ့အတွက် စားဖော်သောက်ဖက် အဖော်တစ်ဦး လျော့သွားခဲ့သည်။

“ရွာဦး ညောင်ပင်ဝိုင်းနားက ဦးမြဆောင် ခြောက်လိုက် လို့တဲ့”

ကြည်လှမောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

အထက်ပါ သတင်းစကားသည် ဦးမြဆောင်သေပြီး နှစ်ပတ်ခန့်အကြာတွင် ကန်သာတစ်ရွာလုံးသို့ သတင်းပြန့်သွားသည်။ ထိုသတင်းကို ဦးမြဆောင်၏ သူငယ်ချင်းဖြစ်သူ ဆေးပွဲစား ဦးဘိုအေးလည်း ကြားသိရသည်။

ကန်သာရွာမှ ဒေါ်ရွှေတို့ သားအမိ မြို့ပေါ်မှ မိုးချုပ်နေဝင် နွားသွင်းချိန်မှ ပြန်လာစဉ် ဦးမြဆောင်၏ ပုံရိပ်သဏ္ဌာန်ကို တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ဦးမြဆောင် သရဲဖြစ်၍ ခြောက်သည် အထင်နှင့် ဒေါ်ရွှေတို့ သားအမိက ရှေ့က ပြေး သူရဲဦးမြဆောင်က နောက်ကလိုက်နှင့်။

ဒေါ်ရွှေတို့သားအမိ ရွာထိပ်ရောက်မှ သရဲဦးမြဆောင် ရပ်၍ ကျန်နေခဲ့သည်။ ထို့အတူ မြို့ပေါ်သို့ ကျောင်းတက်သည့် မောင်ထူးနှင့် သူငယ်ချင်း စိန်မောင်တို့လည်း သရဲဦးမြဆောင်ကို တွေ့ခဲ့ကြရသည်။ ဦးမြဆောင်တို့ မိသားစုကမူ သရဲဖြစ်နေသည်ဟု ပြောလျှင် မကြိုက်ကြပေ။

"အလကား၊ ငါ့လင် ဘယ်တော့မှ သရဲမဖြစ်ဘူး၊ မြို့ပေါ်က ပြန်လာတဲ့သူတိုင်း ငါ့လင်က လိုက်ခြောက်နေလို့လား၊ သူတို့ စိတ်အထင်နဲ့ ပြောနေကြတာပါအေ"

ဦးမြဆောင်၏ဇနီး ဒေါ်မြကမူ သူ့လင် သရဲမဖြစ်ဟု အမြဲငြင်းဆန် ပြောဆိုလျက်သာ ရှိသည်။





"ကိုဘိုအေး တော်နဲ့ သောက်ဖော်သောက်ဖက် သူငယ်ချင်း ကိုမြဆောင် ရှင့်ကို သရဲလို ခြောက်ဖူးသလား"

"ပေါက်ပေါက်ရှာရှာ မမြရာ၊ ငါလည်း ညနေတိုင်း ညောင်ပင်အောက် ဖြတ်ပြီး ပြန်နေတာပဲ၊ တစ်ခါမှ အခြောက်မခံရပါဘူးဟာ"

"မသိပေါင်တော်၊ တစ်ရွာလုံးက ကိုမြဆောင် သရဲဖြစ်နေတယ်၊ ညောင်ပင်ဝိုင်းနားကနေ လိုက်ခြောက်နေတယ်နဲ့ တပြောတည်း ပြောနေကြတာ မခံချင်လို့ပါတော်"

"ဟ ... မြဆောင်ကြီးနဲ့ ငါ ဘယ်လောက် ရင်းနှီးတယ်ဆိုတာ တစ်ရွာလုံး သိကြသားပဲ၊ ငါ့ကျတော့ ဘာလို့ မခြောက်တာလဲ၊ အေး ... သိကြသေးတာပေါ့ကွာ။ ဒီကောင်ကြီး သရဲဖြစ်နေရင်' ငါ့ကို ခြောက်ဖို့ ပြောရဦးမယ်"

ဦးမြဆောင်၏ဇနီး ဒေါ်မြကမူ သူ့လင် သရဲဖြစ်နေသည်ဟု တစ်ရွာလုံးက ပြောနေကြသဖြင့် အတိုက်အခံပြောစရာ လူမရှိတော့ပေ။ ဦးမြဆောင်၏ သူငယ်ချင်း ဦးဘိုအေးကိုသာ ပြောစရာရှိတော့သည်။ ဦးဘိုအေးကလည်း ဦးမြဆောင်၏ ဇနီး ဒေါ်မြ၏ စကားကို မငြင်းဆန်သော်လည်း မူးမူးနှင့်ပင် နောက်ပြောင်ပြောဆိုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ညနေမိုးချုပ်သည်နှင့် ကန်သာရွာမှ မြို့ပေါ်သို့ ပြန်ခဲ့သည်။ ရွာဦးညောင်ပင်ဝိုင်းအောက်သို့ ရောက်လျှင် စက်ဘီးပေါ်မှ ဆင်းသည်။

"ဟော့ ... သူငယ်ချင်း မြဆောင်၊ မင်း သရဲဖြစ်နေတယ်ဆိုကွ၊ မင်းရဲ့ ကိုယ်ရောင်လေး ဘာလေး ပြစမ်းပါဦး"

ဦးဘိုအေးတစ်ယောက် မူးမူးရူးရူးနှင့် ညောင်ပင်အောက်တွင် ထိုင်၍ အော်ပြောနေသည်။ ဦးမြဆောင်နှင့်တူသော ပုံရိပ်ပုံရောင်ဟူ၍ တစ်ကောင်တမြီးမှ ဦးဘိုအေး မတွေ့ရ။ လေတိုက်သဖြင့် တဖျတ်ဖျတ် ခတ်နေသည့် ညောင်ရွက်ခတ်သံမှအပ မည်သည့်အသံမှလည်း မကြားရ။ ဦးဘိုအေးလည်း အရှေ့၊ အနောက်၊ တောင်၊ မြောက် ဘေးဘီသို့ ကြည့်လိုက်ပြီး ထိုင်ရာမှ ထသည်။

"မြဆောင် ရွာထဲကလူတွေက မင်း သရဲဖြစ်ပြီး ခြောက်နေတယ်လို့ ပြောနေကြတယ်။ ငါ့ကျ မခြောက်ပါလား ...ဟားဟား"

ဦးဘိုအေးသည် သူ့အား သေသူ သူငယ်ချင်း ဦးမြဆောင်မှ ခြောက်လှန့်ခြင်း မပြုသဖြင့် အာလေးလျှာလေးနှင့် ပြောလိုက်၏။ ထို့နောက် သူ့စက်ဘီးရှိရာသွားလျက် စက်ဘီးကို စီးသည်။





"ကဲ ... မြဆောင်ရေ ငါသွားပြီဟေ့၊ ငါ စက်ဘီးစီးရတာ သက်သာအောင် လိုက်တွန်းပေးပါဦးကွ"

ညောင်ပင်အောက်မှ စက်ဘီးစီးလျက်ပင် သေသူ သူ့သူငယ်ချင်း ဦးမြဆောင်အား ပြောလိုက်သေးသည်။ ကန်သာရွာဦးထိပ်ရှိ ညောင်ပင်ကြီးသည် ထီးကြီးသဖွယ် အကိုင်းအခက်အရိပ်များ ဝိုင်းဝန်းနေသဖြင့် ညောင်ပင်ဝိုင်းဟုခေါ်ခြင်းဖြစ်သည်။

ယခု သေသူ ဦးမြဆောင် သရဲအဖြစ် ညောင်ပင်ဝိုင်းမှ ခြောက်သည်ဆိုခြင်းမှာ ဦးမြဆောင်၏ဇနီး ဒေါ်မြ ပြောသကဲ့သို့ တစ်ဦး၊ နှစ်ဦးသော အခြောက်ခံရခြင်း ဖြစ်သည်။ ဦးမြဆောင်၏ ကိုင်းမြေများလည်း ညောင်ပင်ဝိုင်းအနီး ရှိသဖြင့် အိမ်သူအိမ်သားများမှာ ညောင်ပင်အောက်တွင် ထမင်းစား နားကြ၊ အိပ်ကြဖြင့် နေခဲ့ကြသည်။ သို့သော် ဦးမြဆောင်၏ အရိပ်အရောင်မျှ မမြင်တွေ့ရပေ။ နံနက်လင်းအားကြီးမှ မိုးချုပ်နေဝင်ကိုင် အလုပ်လုပ်ရင်း ကိုင်းထဲတွင် နေခဲ့ကြသည်။ ဦးမြဆောင်၏ဇနီးအဖို့ သူ့လင် သရဲဖြစ်သည်ဟု ပြောလျှင် မယုံကြည်သည်မှာလည်း မယုံကြည်စရာပင်။

သေသူ ဦးမြဆောင်၏ သူငယ်ချင်း ဦးဘိုအေးကမူ ညနေမိုးချုပ် ကန်သာရွာမှ ပြန်လာတိုင်း –

"ကဲ ... သူငယ်ချင်း မြဆောင်ကြီး ငါ့ကို ခြောက်ပါဦးဟ၊ ငါ စက်ဘီးစီးရတာ သက်သာအောင် လိုက်တွန်းပေး၊



www.burmeseclassic.com

www.burmeseclassic.com

ဦးကွ”ဟု အမြဲပြောဆိုရ၍ ညောင်ပင်ဝိုင်းအောက်မှ ဖြတ်သွားလေ့ ရှိသည်။

တစ်နေ့တွင် အနောက်တောင်ဆီ မိုးကောင်းကင်မှ မိုးသားတစ်ခုလုံး နီရဲနေသည်။ ယင်းသင်္ကေတ သဘောလက္ခဏာမှာ အညာဒေသ၏ လေနီကြမ်းတိုက်မည့် လက္ခဏာပင် ဖြစ်သည်။ သို့အတွက် မြို့ပေါ်မှ ကန်သာရွာသို့ သွားမည့်သူလည်း မရှိ။ ကန်သာရွာမှ မြို့ပေါ်သို့ သွားမည့်သူလည်း မရှိသဖြင့် ကန်သာရွာမှ မြို့ပေါ်သို့ သွားလမ်းတစ်လျှောက် လူရှင်းနေသည်။

ဦးဘိုအေးတစ်ယောက် ကန်သာရွာမှ မြို့ပေါ်သို့ ပြန်လာခဲ့သည်။ ထုံးစံအတိုင်း ဦးဘိုအေးသည် သူ့သူငယ်ချင်း ဦးမြဆောင်အား စက်ဘီးတွန်းပေးရန် ပြောလိုက်သည်။

“ကဲ … သူငယ်ချင်း မြဆောင်ကြီးရေ၊ ဒီနေ့တော့ မဖြစ်မနေ ငါ့ကို စက်ဘီးတွန်းပေးဦးကွာ၊ လေနီကြမ်းလည်း တိုက်တော့မယ်ကွ”

ဦးဘိုအေးပြောပြီး မကြာမီ စက်ဘီးမှာ မနင်းရဘဲ နင်းသည်ထက်ပင် ပြေးနေသည်။ ဦးဘိုအေးလည်း စက်ဘီးလက်ကိုင်ကို သတိထား၍ ကိုင်နေရသည်။ သူ့စိတ်ထဲမှာ သေသူ သူ့သူငယ်ချင်း ဦးမြဆောင် တွန်းပေးနေသည်ဟု မထင်။ ကုန်းဆင်းမို့ စက်ဘီး မြန်နေသည်ဟုသာ ထင်မိသည်။





ဦးဘိုအေးထင်သလို မဟုတ်။ ယခုတစ်ဖန် ကုန်းတက်သို့ ရောက်လာသည့်တိုင် စက်ဘီးမှာ သူ မနင်းရဘဲ ကုန်းဆင်းအရှိန်အတိုင်း ကုန်းပေါ်သို့ တက်လာသည်။ သည်တစ်ခါ ဦးဘိုအေး ယုံကြည်သွားသည်။ သူ့သူငယ်ချင်းမြဆောင် စက်ဘီးလိုက်တွန်းပေးနေတာပါလားဟု စိတ်ထဲက ထင်မြင်ယူဆမိသည်။ ဦးဘိုအေးတစ်ယောက် စက်ဘီးကို လုံးဝ မနင်းရဘဲ မြို့အဝင်တံတားထိပ်သို့ပင် ရောက်ရှိလာပြီ။

“ကဲ … သူငယ်ချင်း မြဆောင်ကြီးရေ၊ ငါလည်း သက်သက်သာသာနဲ့ မြို့ထဲ ရောက်တော့မယ်ကွ၊ မင်းပြန်တော့ကွာ”

ဦးဘိုအေးလည်း သေချာမှုရှိရန် စက်ဘီးပေါ်မှပင် သေသူ ဦးမြဆောင်ကို ပြောလိုက်သည်။ ထိုအခါ စက်ဘီးမှာ တုန့်ခနဲ ရပ်သွား၏။ သူကိုယ်တိုင် စက်ဘီးကို နင်းမှ သွားတော့၏။

“မြဆောင်ရေ မနက်ဖြန်ညနေ ညောင်ပင်ကနေ စောင့်နေဦးဟေ့၊ မင်းနဲ့ငါ ကစားကြရအောင်”

ဦးဘိုအေးလည်း သူ့သူငယ်ချင်း ဦးမြဆောင် စက်ဘီးလိုက်တွန်းပေးခဲ့သည့်အတွက် အော်၍ ပြောလိုက်သေးသည်။ ဦးဘိုအေးကား သရဲဖြစ်နေသည့် သေသူ ဦးမြဆောင်ကို ကြောက်ရမှန်းမသိ။ သူ့အား ကူညီခဲ့သည်ကိုပင် သဘောကျ၍ လေတချွန်ချွန်နှင့် စက်ဘီးနင်း၍ အိမ်သို့ ပြန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးဘိုအေး အိမ်ပေါက်ဝသို့ ရောက်သည်နှင့် လေနီကြမ်းကြီးက ဒလဟော တိုက်ခတ်တော့သည်။

ဦးဘိုအေးလည်း မြို့ပေါ်တွင် အရောင်းအဝယ်ကိစ္စ ရှိသဖြင့် ကန်သာရွာသို့ သုံးလေးရက်ခန့် မသွားဖြစ်ခဲ့ပေ။ သားရေးသမီးရေးကိစ္စ၊ စီးပွားရေးကိစ္စများနှင့် လုံးလည်ရိုက်နေသည်။ နောက်တစ်ပတ်ခန့်ကြာမှ ကန်သာရွာသို့ သွားဖြစ်သည်။

ကန်သာရွာသို့အသွား ညောင်ပင်ဝိုင်းသို့ ရောက်သည်နှင့် သေသူ သူငယ်ချင်း ဦးမြဆောင်အား တောင်းပန်သွားသေးသည်။ ဦးဘိုအေး ထူးထူးခြားခြား ဘာမျှ မတွေ့ရပေ။

"ဟေ့ကောင် မြဆောင်၊ ဒီညနေတော့ ဆက်ဆက်စောင့်နေကွာ၊ မင်းနဲ့ငါ မကစားရတာ ကြာပြီ"

သေချာမှုရှိစေရန် သူ့သူငယ်ချင်း ဦးမြဆောင်ကို ထပ်မံ၍ ချိန်းဆိုခဲ့သည်။

ဦးဘိုအေးလည်း ရွာထဲရောက်သည်နှင့် ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကို တစ်ဦးတစ်ယောက်ကိုမျှ ပြောပြခြင်း မရှိဘဲ သူ့လုပ်စရာအလုပ်များကိုသာ လုပ်သည်။ ညနေပိုင်းသို့ ရောက်မှ သူ့အကြိုက် အရက်ဦးရေတစ်ပုလင်း မှာယူ၍ သောက်သည်။ ပုလင်းတစ်ဝက် မရှိတရှိ ကုန်သွားသည့်အခါ လက်ကျန် အရက်ပုလင်းကို ခါးသို့ထိုးလျက် စက်ဘီးနင်းကာ ကန်သာရွာမှ ထွက်ခဲ့သည်။





ညောင်ပင်ဝိုင်းသို့ ရောက်သည့်အခါ နွားရိုင်းသွင်းချိန်သို့ပင် ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။ ရံဖန်ရံခါ နွားကျောင်းသားတို့၏ နွားငေါက်သံ၊ ဆူသံဆဲသံမှအပ အခြား မည်သည့်အသံကိုမျှ မကြားရ။ လေတိုက်သဖြင့် ညောင်ရွက်လှုပ်သံ တရှဲရှဲကိုမူ ညောင်ပင်အောက် မဝင်မီကပင် ဦးဘိုအေး ကြားနေရသည်။ ဦးဘိုအေးမှာ ညောင်ပင်အောက်တွင် အိပ်ပျော်၍ အိပ်မက်သဖွယ် ဖြစ်သွားသည်။

ဦးဘိုအေး ညောင်ပင်ဝိုင်းအောက်သို့ ဝင်လိုက်သည်နှင့် သရဲဖြစ်နေသော ဦးမြဆောင်သည် ညောင်ပင်ပေါ်မှ ခုန်ချလိုက်သည်။ ဦးဘိုအေးကိုယ်တိုင် မျက်ဝါးထင်ထင် မြင်လိုက်ရသည်။ ဦးမြဆောင်၏ မူလ ပုံရိပ်သဏ္ဌာန်အတိုင်း ထင်ထင်ရှားရှား မြင်တွေ့ရသဖြင့် အနည်းငယ် ကျောချမ်းသလို ဖြစ်သွား၏။ ဘာပြောလို့ ဘာဆိုရမှန်းမသိအောင် မှင်တက်မိနေ၏။ အတန်ကြာမှ သတိပြန်ဝင်လာသည်။

"ဟေ့ ... သူငယ်ချင်းမြဆောင်၊ မင်းက ငါမှာတဲ့အတိုင်း ကတိတည်သားပဲကွ"

ခါးကြားမှ အရက်ဦးရေကို ရေမရောဘဲ မော့သောက်ပြီး ပြောလိုက်သည်။ ဦးဘိုအေးသည် အကြောက်ပြေစေရန် အရက်မော့သောက်လိုက်ဟန် ရှိသည်။ ထို့နောက် သူမြင်တွေ့နေရသည့်



www.burmeseclassic.com

www.burmeseclassic.com

ဦးမြဆောင်အနီးသို့ တိုးကပ်သွားသည်။ ဦးဘိုအေးက သူ့သူငယ်ချင်း သရဲမြဆောင်အား မသေခင်ကလို နပန်းလုံးရအောင်ဟု ပြောဆို၍ နပန်းလုံးကြသည်။

လှည်းလမ်း ဖုံတောထဲတွင် ဦးဘိုအေးနှင့် သရဲ ဦးမြဆောင်တို့ နပန်းလုံးကြသည်။ သရဲဦးမြဆောင်မှာ လူ့ဘဝကတည်းကသို့ပင် အားအင်ရှိသည်။ သရဲဖြစ်၍ အားပိုမရှိ။ ဘတစ်ပြန်ကျားတစ်ပြန် ဦးဘိုအေးနှင့် သရဲဦးမြဆောင်တို့ အထက်ရောက်လိုက်၊ အောက်ရောက်လိုက်နှင့် ဖြစ်နေသည်။

နွားရိုင်းသွင်းလာသည့် နွားကျောင်းသားများ ညောင်ပင်အနီးမှ ဖြတ်သွားစဉ် သရဲ ဦးမြဆောင်အား မမြင်တွေ့ရဘဲ ဦးဘိုအေးကိုသာ မြင်တွေ့ကြရသည်။ ဦးဘိုအေး အရက်မူး၍ မြေကြီးထဲ လူးလိမ့်နေသည် အထင်နှင့် နွားများကိုသာ ဆက်မောင်းသွားကြသည်။

ဦးဘိုအေးလည်း သူ့သူငယ်ချင်း သရဲဦးမြဆောင်နှင့် နပန်းလုံးရသည်မှာ မောသဖြင့် ရပ်လိုက်သည်။ သူ့အင်္ကျီပုဆိုးများတွင် ဖုံများနှင့် ညစ်ပေနေသည်။ ပုဆိုးအင်္ကျီများကို မချွတ်ဘဲ လက်နှင့်ခါသည်။ ဖုံများမပြောင်သဖြင့် သရဲဦးမြဆောင်က ကျောကို ပုတ်၍ ခါပေးလိုက်သည်။

"ဖျန်း"





"ဟော့ကောင် မြဆောင် နာတယ်ကွ၊ ဖြည်းဖြည်းလုပ်"

"မင်းကျောကို ငါ ... လက်ဝါးရာ ပေးလိုက်တာကွ၊ ဟား ... ဟား ..."

သရဲဖြစ်နေသည့် ဦးမြဆောင် ပြောလိုက်သည့် စကားကို ဦးဘိုအေး ထင်ထင်ရှားရှား ကြားလိုက်သည်။ ဦးဘိုအေး၏ နောက်ကျောပြင်မှာ သရဲမြဆောင် ပုတ်လိုက်သဖြင့် စပ်ဖျင်းဖျင်း ခံစားလိုက်ရသည်။

"မြဆောင် ငါပြန်ဦးမယ်ကွာ၊ မင်းနဲ့ နပန်းလုံးရတာ ငါ သောက်ထားတဲ့ အရက်ကလေးတောင် ဘယ်ပျောက်သွားမှန်း မသိဘူး"

ဦးဘိုအေးလည်း သရဲ ဦးမြဆောင်အား နှုတ်ဆက်၍ စက်ဘီးနှင့် ညောင်ပင်အောက်မှ ထွက်လာခဲ့သည်။ ထိုနေ့ကလည်း ဦးဘိုအေး၏ စက်ဘီးကို သရဲဦးမြဆောင်က လိုက်တွန်းပေးသည်။

ဤကဲ့သို့ပင် ဦးဘိုအေးသည် သရဲဦးမြဆောင်နှင့် မကြာခဏ ဆိုသလို နပန်းလုံးသည်။ ကစားသည်။ သူငယ်ချင်းလည်းဖြစ်၊ သူ့အား ဒုက္ခမပေးသဖြင့် သရဲဖြစ်နေသည့် ဦးမြဆောင်ကို အသက်ရှင်စဉ်ဘဝကလို ရင်းရင်းနှီးနှီးနေခဲ့သည်။ ဦးဘိုအေးသည် ရွာထဲတွင် အမဲပေါသည်နှင့်ကြုံလျှင် သူ့သူငယ်ချင်း မြဆောင်အတွက် အမဲသားများ ဝယ်သွားလေ့ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ရက်တွင် သရဲဦးမြဆောင်သည် နပန်းမလုံးဘဲ ထူးထူးခြားခြား စကားဆိုလာတော့သည်။

"ဘိုအေး၊ ဒီနေ့ မင်းနဲ့ နပန်းမလုံးချင်တော့ဘူးကွာ၊ ငါ ဘာလို့ သရဲဖြစ်နေတာလဲလို့ အခုမှ စဉ်းစားလို့ ရတယ်"

ဦးဘိုအေးလည်း သရဲဦးမြဆောင်၏ စကားကြောင့် အံ့သြသွားသည်။ သရဲဦးမြဆောင်ကမူ သရဲဘဝကို စဉ်းစားနေမိသည်။

"ဟော့ကောင် မြဆောင်၊ မင်း ရွာထဲက လူတွေကို လိုက်ခြောက်သေးတယ်ဆိုကွ"

ထိုအခါမှ သရဲဦးမြဆောင်လည်း သူ ပြောလိုသည့် စကားကို သတိရတော့သည်။ သူသရဲဖြစ်ရသည့်အကြောင်း ချက်ချင်း အမှတ်ရတော့သည်။

"ရွာထဲကလူတွေ ငါ လိုက်ခြောက်တာ မဟုတ်ပါဘူးကွ၊ သူတို့ဆီ ငါက အကူအညီတောင်းမလို့ပါ၊ သူတို့က ငါ့ကို မြင်ပြီး ပြေး၊ ငါက အကူအညီတောင်းချင်လို့ လိုက်နဲ့၊ အဲဒါ သရဲခြောက်သလို ဖြစ်နေတာပါ"

"မြေပဲခင်းကို ဖွဲပြီး ငါ သရဲဖြစ်နေတာကွ၊ မြေပဲခင်းတွေ လူနိုးမှာစိုးလို့ လူ့ဘဝတုန်းကလို ဟောဒီ ညောင်ပင်ပေါ်ကနေ မြေပဲခင်း စောင့်နေရတာကွ"





"သရဲဖြစ်ပေမယ့် သရဲကြီးတွေကို ကြောက်ရတာပဲကွ"

ဦးဘိုအေးလည်း သရဲဦးမြဆောင်ပြောသည့် စကားများကို အံ့သြစွာဖြင့် နားထောင်နေသည်။ ဦးဘိုအေးနှင့် သရဲဦးမြဆောင်တို့ ညောင်ပင်အောက်တွင်ထိုင်၍ စကားပြောနေစဉ် ရွာမှ လူအချို့ ဖြတ်သွားကြသည်။ ဦးဘိုအေးအား မြင်တွေ့ကြသော်လည်း သရဲဦးမြဆောင်ကို မမြင်ကြ။ ထို့အတူ ဦးဘိုအေး၏ စကားကိုသာ ကြား၍ သရဲဦးမြဆောင်၏ စကားသံကို အေးလူတို့ မကြားရပေ။ သို့အတွက် ဦးဘိုအေး အရက်မူး၍ တောင်ပြောမြောက်ပြော ပြောနေသည်ဟု ထင်မှတ်ကာ အမှတ်တမဲ့ ဖြတ်သွားကြသည်။

"ဒါနဲ့ မင်း ငါ့ဆီက ဘာအကူအညီတောင်းချင်လို့လဲ မြဆောင်၊ အမဲသား စားချင်လို့လား"

"မဟုတ်ဘူး ဘိုအေးရ၊ ငါ့အိမ်က အလှူပေးပြီး အမျှဝေရင် ငါ သရဲဘဝက လွတ်မယ်ကွ။ အဲဒါ ငါ့အိမ်ကို သွားပြောပေးစမ်းပါကွာ"

"ဒီနေ့တော့ အချိန်မရှိတော့ဘူးကွာ၊ မနက်ဖြန် မနက်ကျမှ မမြကို ငါဝင်ပြောလိုက်မယ်၊ အဲဒီအတွက် စိတ်ချပါကွာ"

ထိုနေ့က ဦးဘိုအေး သရဲဦးမြဆောင်နှင့် နပန်းမလုံးဖြစ်ခဲ့ပေ။ သရဲဦးမြဆောင် ပြောသည့်စကားများကို နားထောင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

ရသည်။ သရဲဦးမြဆောင် အကူအညီတောင်းသည့် စကားကို သာ မေ့မသွားစေရန် မှတ်သားပြီး မြို့ပေါ်သို့ ပြန်ခဲ့သည်။

နောက်တစ်နေ့ နံနက်စောစောတွင် ကန်သာရွာသို့ ဦးဘိုအေး စက်ဘီးစီး၍ ထွက်ခဲ့သည်။ ထိုနေ့နံနက် ညောင်ပင် အောက်မှ ဖြတ်သွားသည့်တိုင် သရဲဦးမြဆောင်ကို မမြင်တွေ့ခဲ့ ရပေ။ ဦးဘိုအေးလည်း သရဲဦးမြဆောင်ကို တွေ့လိုတွေ့ငြား ဖြင့် လမ်းဘေးဝဲယာကို လှည့်ပတ်ကြည့်မိသေးသည်။ မည်သည့် အရာကိုမျှ မတွေ့မြင်ရမှ စက်ဘီးကို ဆက်နင်းခဲ့သည်။

ကန်သာရွာသို့ရောက်လျှင် သူ့သူငယ်ချင်း ဦးမြဆောင် အိမ်သို့ ဝင်သည်။

"ကိုဘိုအေး မနက်စောစောစီးစီးပါလား၊ လာ ... ရေနွေး သောက်ဦး"

ဦးဘိုအေး အိမ်ထဲဝင်သည်နှင့် ဦးမြဆောင်၏ဇနီးက ဆီးကြိုနှုတ်ဆက်လိုက်သည်။ နံနက်စောစော ပဲပြုတ် ဆီဆမ်း၍ ရေနွေးကြမ်းနှင့် ထမင်းစားနေကြသဖြင့် ဦးဘိုအေးကိုလည်း ဦးမြဆောင်၏သမီးက ထမင်းတစ်ပန်းကန် လာချပေးသည်။

"ဦးကြီး ရော့ ထမင်းစားဦး"

"မစားတော့ဘူး သမီးရယ်၊ မမြ နင့်ကို ငါ အရေးကြီးတဲ့ စကား ပြောစရာရှိလို့ဟ"





"မနက်စောစောစီးစီး ဘာများ အရေးကြီးလို့လဲ ကိုဘိုအေး ရဲ့၊ အရက်ဖိုး ပိုက်ဆံပါမလာလို့ ချေးမလို့လား"

"မဟုတ်ပါဘူး မမြရာ၊ နင်ကလည်း ငါပြောတာ သေချာနားထောင်စမ်းပါဦးဟ၊ နင့်ယောကျ်ား မြဆောင် သရဲ ဖြစ်နေတယ်ဟ"

"ဘာ ... ဘာ ပြောတယ်တော့၊ ရှင် မနက်စောစောစီးစီး မူးပြီး လျှောက်ပြောမနေနဲ့တော့၊ ကျွန်မယောကျ်ား သရဲ မဖြစ်ဘူးတော့၊ မဖြစ်ဘူး"

ဒေါ်မြလည်း ဦးဘိုအေး၏ စကားကို မယုံကြည်သဖြင့် ထုံးစံအတိုင်း ရန်ထောင်တော့သည်။ ထိုအခါမှ ဦးဘိုအေးလည်း သူနှင့် ဦးမြဆောင် ညောင်ပင်ဝိုင်းအောက်တွင် နပန်းလုံးတမ်း ကစားခဲ့သည်ကို စီကာပတ်ကုံး ပြောပြသည်။ ဦးဘိုအေး မည်သို့ ယုံအောင် ပြောပြစေကာမူ ဒေါ်မြက တစ်စက်မျှမယုံ။

"ကဲ ... နင်မယုံရင်လည်းနေတော့ မမြရေ၊ နင့်ယောကျ်ား က သူ့သရဲဘဝက လွတ်အောင် ဘုန်းကြီးတွေကို အလှူအတန်း ပေးပြီး သူ့ကို အမျှဝေပါတဲ့။ အမျှဝေတဲ့အခါ သူ့ကို ညောင်ပင် အောက် လာခေါ်ဖို့ ငါ့ကို မှာလိုက်တယ်။ နင်လုပ်ချင်လုပ် မလုပ်ချင်နေဟာ ငါသွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဦးဘိုအေးသည် သူပြောလိုသည့် စကားများကို ပြော၍ ဦးမြဆောင်၏ဇနီး ဒေါ်မြအိမ်မှ ထွက်လာခဲ့သည်။ ဆေးအရောင်းအဝယ်ကိစ္စများ ငွေချေနေရသဖြင့် သရဲ ဦးမြဆောင် အကြောင်း မစဉ်းစားမိ။ မေ့မေ့ပျောက်ပျောက် ဖြစ်နေသည်။

ထိုနေ့မှစ၍ ဆေးချိန်၊ ဆေးဝယ်ကိစ္စများ လုပ်နေရသဖြင့် ဦးဘိုအေးလည်း မြို့ပေါ်သို့ မပြန်ဖြစ်သည်မှာ တစ်ပတ်ခန့် ရှိပြီ ဖြစ်သည်။

"မမြသမီးလေး သူ့အဖေ ဦးမြဆောင် ဝင်ပူးလို့တဲ့"

ကန်သာရွာသည် အိမ်ခြေတစ်ရာသာသာမျှသာ ရှိသဖြင့် ဦးမြဆောင် ဝင်ပူးသည့် သတင်းစကားများက တစ်ရွာလုံးသို့ ပြန့်သွားသည်။ ထိုသတင်းကို ဦးဘိုအေးလည်း ကြားရသည်။ ဦးမြဆောင်၏ဇနီးမမြက ယုံကြည်မှု မရှိသဖြင့် ဦးဘိုအေး မသွားဘဲ နေခဲ့သည်။

"ဟဲ့ ... မိမြ နင်က ငါသရဲဖြစ်နေပါတယ်ဆိုတာ မယုံဘူး မဟုတ်လား၊ ဘာလဲ ငါ သရဲဘဝက ကျွတ်အောင် အလှူအတန်းပေးရင် ငွေကုန်မှာ စိုးလို့လားဟ၊ ငါရှာထားတဲ့ ငွေတွေ အများကြီးပါ မိမြရာ"

"ဘိုအေးကို ငါပြောခိုင်းတာ နင်တို့ မယုံလို့ သူခိုင်းတဲ့အတိုင်း မလုပ်တာမဟုတ်လား။ သူ့ကို ငါမှာလိုက်တာ မယုံရင် သူ့ကျောမှာ ငါ့လက်ဝါးရာရှိတယ် ကြည့်ကြ"





"နင်တို့ ငါ့ကိုသနားရင် အလှူအတန်းလုပ်ပြီး ငါ့ကို အမျှပေးကြပါဟာ"

ဒေါ်မြအိမ်တွင် ဦးမြဆောင် သရဲအဖြစ်နှင့် ဝင်ပူးသည့် သတင်းကြောင့် ရွာသူရွာသားအချို့ လာကြည့်ကြသည်။ သရဲ ဦးမြဆောင် သူ့သမီးအား ဝင်ပူး၍ ပြောသည့်အသံမှာ ဦးမြဆောင် အသက်ရှင်စဉ်က ပြောသံကဲ့သို့ ဖြစ်သည်။ ဦးမြဆောင်၏ဇနီး ဒေါ်မြပင် သူ့ယောက်ျား သရဲဖြစ်နေသည်ကို ကိုယ်တိုင် ကြားသိရသဖြင့် အံ့သြနေသည်။ ဦးမြဆောင်လည်း သူ့သမီးကို ဝင်ပူးရာမှ ထွက်ခွာသွားတော့သည်။

ထိုစဉ် အိမ်ရှေ့မှ ဦးဘိုအေး စက်ဘီးစီး၍ ဖြတ်သွားသည်။ ဒေါ်မြလည်း သူ့ယောက်ျား ဝင်ပူးပြောစဉ်က စကားတစ်ခုကို အမှတ်ရသဖြင့် ဦးဘိုအေးအား လှမ်းခေါ်လိုက်သည်။ ဦးဘိုအေး အိမ်ထဲသို့ ဝင်လာပြီး ကုတင်ပေါ် ထိုင်သည်နှင့် မပြောမဆို ဦးဘိုအေး၏ နောက်ကျောကို အင်္ကျီလှန်၍ ကြည့်လိုက်သည်။ သူ့ယောက်ျား ဝင်ပူးပြောစဉ်ကအတိုင်း ဦးဘိုအေး၏ နောက်ကျောတွင် လက်ရာပုံစံ နီရဲနေသည်ကို တွေ့ရ၍ ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်သွားသည်။

နောက်တစ်နေ့တွင် ဒေါ်မြသည် သူ့ယောက်ျား ဦးမြဆောင် အား ရည်စူး၍ သံဃာတော်များကို ဆွမ်းကပ်ပြီးအမျှပေးဝေသည်။



www.burmeseclassic.com

www.burmeseclassic.com

အမျှမဝေမီ နံနက်ပိုင်းကပင် ညောင်ပင်ဝိုင်းသို့ သွား၍ ဦးဘိုအေး ကိုယ်တိုင် ဦးမြဆောင်ကို ဖိတ်ခဲ့သည်။

ထိုနေ့မှစ၍ ဦးဘိုအေးသည် ဦးမြဆောင်ကို သရဲအဖြစ်နှင့် မတွေ့ရသကဲ့သို့ ရွာသူရွာသားအချို့လည်း ဦးမြဆောင်၏ ပုံရိပ်သဏ္ဍာန်ကို မမြင်တွေ့ကြရတော့ဟု ပြောဆိုကြလေသည်။

● ● ●



## သစ်ခုတ်သမားနှင့်ဂုဏ်စိုးအိပ်မက်

ဦးဒေါင်းသည် အထက်အညာ မြို့ကလေးတစ်မြို့မှ ကြေးရတတ် လူချမ်းသာတစ်ဦး ဖြစ်သည်။ စီးပွားရေးလုပ်ငန်းအဖြစ် တောင်သူလုပ်ငန်းနှင့် ကုန်သည်လုပ်ငန်းကို ပူးတွဲလုပ်ဆောင်သူ ဖြစ်သည်။ စီးပွားရေး လာဘ်မြင်သူတစ်ဦးလည်း ဖြစ်သည်။ သို့သော် ဦးဒေါင်းသည် တရားသဖြင့် လုပ်ငန်းကို ဆောင်ရွက်သကဲ့သို့ မတရားမှု၊ မကောင်းမှုလုပ်ငန်းများကိုလည်း တွဲဖက်လုပ်ဆောင်တတ်သူ ဖြစ်သည်။ အကျိုးအမြတ်ရလျှင် ယောက္ခမကိုပင် ခေါင်းတုံးတုံးမည့်လူစားမျိုး ဖြစ်သည်။

တောင်သူ အခုင်းချင်း ငွေတိုးချသည်။ ရွှေပေါင်ခံသည် ရွှေကို အတုနှင့်အစစ် လဲယူတတ်သည်။ ရွှေလာပေါင်ထားပါ လျက် မပေါင်ဟု ပြောင်ငြင်းကာ မတရားသဖြင့် ရယူတတ် သည်။ မကြာခဏ အမှုဖြစ်လေ့ရှိသဖြင့် ရပ်ကွက်ထဲက လူအချို့ က "ရဲစခန်းနဲ့ တရားရုံးမှာ အိမ်တစ်လုံးစီ ဆောက်ထား



www.burmeseclassic.com

www.burmeseclassic.com



ပါလား"ဟု ဦးဒေါင်းအား မကြားတကြား နောက်ပြောင်ကြသည်။

ဦးဒေါင်းသည် လောဘရမက်ကြီးသူပီပီ သူ့ယာအနီးမှ ဓာတ်ပေါင်းစု ဘုရားပိုင်မြေကိုပင် နိုးယူ၍ သူပိုင်လုပ်သည်။ ရှေးဦးစွာ ယာစည်းရိုးကိုဖျက်၍ ဝတ္တကမြေအတွင်း တိုးချဲ့သွားသည်။ ယင်းဘုရားအနီးမှ ညောင်ပင်အိုကြီးတစ်ပင်ကိုပါ ယူသွားသည်။ ဓာတ်ပေါင်းစုဘုရားမှာ သူ့ယာမြေအတွင်းသို့ ထည့်သွင်းသည်။ ဓာတ်ပေါင်းစုဘုရားမှာ ဂေါပကလူကြီးဟူ၍ သတ်သတ်မှတ်မှတ် မရှိသဖြင့် ပြဿနာ လုပ်မည့်သူ မရှိ။ ဦးဒေါင်းယူလိုသမျှ ယူ၊ ချဲ့လိုသမျှ ချဲ့၊ လုပ်ချင်သလို လုပ်နေသည်။

ဝတ္တကမြေကို သူပိုင် ယာမြေအဖြစ် ကြေညာကာ ညောင်ပင်အိုကြီးကို ထင်းအဖြစ် ရောင်းချရန် မျက်စိကျလာသည်။ သို့အတွက် သစ်ခုတ်သမား ဦးမောင်ထူးကို ခေါ်၍ ဘုရားအနီးမှ ညောင်ပင်အိုကြီးကိုပြကာ ခုတ်ခဈေး မေးသည်။ ထို့နောက် ဦးဒေါင်းတစ်ယောက် ထင်းဖိုးနှင့် ခုတ်ခကို စိတ်ထဲမှ ဈေးတွက်တွက်၍ ညောင်ပင်အိုကြီးကို ဦးမောင်ထူးပြောသည့်ဈေးနှင့် သဘောတူခဲ့သည်။ ဦးမောင်ထူးလည်း စရံငွေတောင်း၍ ခုတ်မည့်ရက်ချိန်းပေးလိုက်သည်။





ဦးမောင်ထူးက ငွေယူ၍ သူ့တပည့်များကို စုသည်။ လူနှင့်ပစ္စည်း အရံသင့်စုဆောင်း၍ နံနက်စောစောထနိုင်ရန် အိပ်ရာစောစောဝင်သည်။ ထိုနေ့ညဉ့်ပင် ဦးမောင်ထူး အိပ်မက်မက်သည်။

"မောင်ရင် ဒီညောင်ပင်ကြီးကို မခုတ်ပါနဲ့၊ အန္တရာယ်များတယ်။ ယူထားတဲ့ စရံငွေတွေ ပြန်ပေးလိုက်ပါ"

အိပ်မက်ဟု ဆိုသော်လည်း လူတစ်ဦးက လာပြောနေသကဲ့သို့ ဦးမောင်ထူး ကြားရသဖြင့် အိပ်ရာမှ လန့်နိုးသည်။ ဦးမောင်ထူးလည်း ငွေကြေး ချို့တဲ့သူပီပီ စရံငွေများကို ပြန်မပေးလိုသဖြင့် "သွေးလေခြောက်ခြားလို့ အိပ်မက်တာ၊ ငါ့စိတ်တွေ ညောင်ပင်ခုတ်ဖို့ စွဲနေလို့ပါ" ဟု စိတ်ပြေအောင် ဖြေသည်။ ညောင်ပင်ကြီးကို ခုတ်ဖြစ်အောင် ခုတ်မည်ဟု ဆုံးဖြတ်ချက်ချသည်။

နောက်တစ်နေ့ နံနက်တွင် သူ့ဆုံးဖြတ်ချက်အတိုင်း ညောင်ပင်အိုကြီးရှိရာသို့ သူ့တပည့်များနှင့်အတူ သွားသည်။ သစ်ခုတ်သမားတို့၏ ထုံးစံအတိုင်း ညောင်ပင်အိုကြီးအောက်တွင် ကန်တော့ပွဲပေး၍ တောင်းပန်ကြသည်။ ထိုစဉ် ညောင်ပင်အိုကြီးပေါ်ရှိ ငှက်သံများနှင့် ဓာတ်ပေါင်းစုဘုရားအနီးမှ မန်ကျည်းပင်အို၊ ထနောင်းပင်အိုများပေါ်မှ ငှက်ပေါင်းစုံတို့၏ အော်ဟစ်သံတို့ကား ဆူညံသွားသည်။ သစ်ခုတ်သမားအားလုံး ငှက်အော်သံ



www.burmeseclassic.com

www.burmeseclassic.com

တို့၏ ထူးခြားချက်ကို သိရှိလိုက်ကြသည်။ သို့သော် ရိုးရိုး သစ်ပင်များ ခုတ်သည်ထက် ငွေနှစ်ဆ ပိုရသဖြင့် မသိကျိုးနွံပြု၍ ညောင်ပင်အိုကြီးအား ခုတ်ရန် လုံ့လပြုကြသည်။

ညောင်ပင်အိုကြီးမှာ နှစ်ပေါင်းတစ်ရာကျော်ခန့် အသက်ရှိမည်ထင်ရသည်။ လူလေးငါးယောက်ဖက်၍ ပင်စည်ကို ပတ်မိမည် မဟုတ်။ သို့သော် အကိုင်းအခက်တို့ကား တွဲလျားကျ၍ မြေကြီးနှင့် ထိလုမတတ် ရှိသည်။ အပင်ပေါ်သို့ လှေကားထောင်ရန်မလိုဘဲ လွယ်ကူစွာ တက်နိုင်သည်။

"ဟေ့ ... မောင်တိုး၊ အပင်ပေါ်တက်လေကွာ၊ ဘာကြောင့်ကြည့်နေတာလဲ"

ညောင်ပင်ပေါ် ပထမဦးဆုံးတက်မည့် မောင်တိုးမှာ ဓားမကို ခါးထိုးလျက် ညောင်ပင်ခြေရင်းတွင် မှင်တက်မိ၍ ငြိမ်နေသဖြင့် ဦးမောင်ထူးက သတိပေးလိုက်သည်။ ထိုအခါမှ မောင်တိုးလည်း သတိပြန်ဝင်ကာ ညောင်ပင်ပေါ်သို့ တက်သည်။ ညောင်ပင်ခွကြားရောက်မှ မောင်တိုး လိမ့်ကျသည်။

"အား"

မောင်တိုး လက်အနည်းငယ် နာသွားသည်။ မောင်တိုး၏ မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြင့် စိတ်အားငယ်နေသည်။ ကြောက်လန့်နေသည်။ ညောင်ပင်အောက်ခြေတွင် ညောင်ရွက်ကြွေများ





ရှိပြီးမြေမှာ သဲဆန်မြေဖြစ်သဖြင့် သွေးထွက်သံယို မဖြစ်သော်လည်း မောင်တိုး ညောင်ပင်ပေါ်သို့ ထပ်မတက်ရဲတော့ပါ။

"ဟေ့ ... မောင်တိုး ပြန်တက်လေကွာ၊ မင်း ဘာမှ မဖြစ်ဘူး မဟုတ်လား"

"မတက် မတက်ရဲတော့ပါဘူး ဦးမောင်ထူးရာ၊ ညောင်ပင်ခွကြားက လက်မဲကြီးနဲ့ တွန်းချတယ်ဗျ"

"ဟေး ... လှဦး တက်ကွာ၊ ဒီကောင် အလကား လျှောက်ပြောနေတာ၊ ပိုက်ဆံကျ လိုချင်တာ ငန်းနေတာပဲ"

ဦးမောင်ထူးလည်း မောင်တိုး ထပ်မတက်ရဲသဖြင့် သူ့တပည့် လှဦးကို တက်ခိုင်းသည်။ လှဦးလည်း မောင်တိုးထက် သတ္တိကောင်းသကဲ့သို့ ဟန်ဟန်ပန်ပန်နှင့် ညောင်ပင်ပေါ်သို့ တက်သွားသည်။ လှဦးလည်း မောင်တိုးကဲ့သို့ပင် ညောင်ပင်ခွကြားမှ လိမ့်ကျပြန်သည်။

"လက်မဲကြီးနဲ့ တွန်းချသဗျ၊ ဆရာ ... လုပ်ပါဦး"

သည်တစ်ခါ ညောင်ပင်ခွကြားမှ တွန်းချသည့် လက်မဲကြီးအား လှဦးနှင့်အတူ သူ့ဆရာ ဦးမောင်ထူးနှင့် တပည့် သုံးလေးယောက်ပါ မြင်တွေ့လိုက်ကြရသည်။ အားလုံး လန့်ဖျပ်သွားသည်။ ညောင်ပင်ပေါ်သို့ တက်ရဲသူ မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာရယ် ဒီညောင်ပင်ကြီးကို မခုတ်ပါနဲ့တော့ ကျွန်တော်တို့ကို ပေးထားတဲ့ ငွေတွေ အားလုံးစုပြီး ပြန်ပေးပါ့မယ်"

"အေးကွာ၊ ငါ သစ်ပင်ခုတ်လာတာ အနှစ်သုံးလေးဆယ် ရှိရော့မယ်။ ဒီလိုအဖြစ်မျိုး တစ်ခါမှ မကြုံဖူးဘူး။ ညက အိပ်မက်က သတိအပေးသား၊ ပိုက်ဆံပိုရလို့သာ လာခုတ်ရတာ ဟင်း"

"ကဲ ... အားလုံး ပစ္စည်းတွေ သိမ်းကြကွာ၊ ပြန်ကြမယ်"

သစ်ခုတ်သမား ဦးမောင်ထူးနှင့်အဖွဲ့လည်း ညောင်ပင်အို ကြီးကို ဆက်၍ မခုတ်ရဲတော့သဖြင့် ပြန်ခဲ့ကြသည်။ မြို့နှင့် နှစ်မိုင်အကွာရှိ ဘုရားတတ်ပေါင်းစုအနီးမှ ညောင်ပင်အိုကြီး အကြောင်းနှင့် ပတ်သက်၍ သစ်ခုတ်သမားလောကဝယ် သတင်း ပြန့်သွားသည်။

သို့အတွက် စီးပွားရေးအကြံသမား ဦးဒေါင်းခများ မခံချိ မခံသာ ဖြစ်သွားသည်။ မြို့ထဲရှိ သစ်ခုတ်သမားများကို ဈေးကြီး ပေး၍ ခုတ်ခိုင်းသည်။ ခုတ်မည့်သူ မရှိ။ နောက်ဆုံး သာမ သစ်ခုတ်ခထက် ငါးဆပေး၍ ညောင်ပင်အိုကြီးအား ခုတ်ခိုင် ပြန်သည်။ ထိုစဉ် သစ်ခုတ်သမား သူရဲကောင်းတစ်ဦး ပေါ်လာ သည်။ ထိုသစ်ခုတ်သမားမှာ နွားကျောင်းသားကလေးများ အုပ်စုပင် ဖြစ်သည်။ လွှ၊ ရဲဒင်း၊ ကြိုး၊ ဓား စသည်တို့က





သစ်ခုတ်သမားများထံမှ ငှားရမ်းသည်။ ပညာယူလိုသော ဝါရင့် သစ်ခုတ်သမားများကလည်း လိုက်ကြည့်ကြမည် ဖြစ်သည်။ ညောင်ပင်အိုကြီးအား ခုတ်မည့်အရေးသည် သစ်ခုတ်သမားများ အဖို့ သူနိုင်ငါနိုင် အပြိုင်နွှဲမည့် ပွဲကြီးပွဲကောင်း ဖြစ်နေသည်။

သစ်ခုတ်သမားရသည့်နေ့တွင်မူ ဦးဒေါင်းတစ်ယောက် အပျော်ကြီး ပျော်နေသည်။ "ငွေနှင့် လမ်းခင်းလျှင် ဘာမဆို ဖြစ်တယ်" ဟူသော အတွေးဖြင့် အခြားလုပ်ငန်းများကိုပင် မတွေးတော့ဘဲ စောစောစီးစီး အိပ်ရာဝင်လိုက်သည်။ နှစ်နှစ် ခြိုက်ခြိုက်ပင် ဦးဒေါင်း အိပ်ပျော်သွားသည်။ နံနက် လင်းကြက် တွန်သံပင် ကြားရပြီဖြစ်သည်။

"အော့ အီး အွတ်"

"ဒကာ မောင်ဒေါင်း၊ ဒကာ မောင်ဒေါင်း"

ဦးဒေါင်းအား တစ်စုံတစ်ယောက်သောသူက နာမည်ခေါ်၍ နှိုးနေသည်။ အသံကြားသည့်တိုင် ဦးဒေါင်းက မျက်လုံး ဖွင့်မကြည့်ဘဲ ဘယ်ညာပြောင်း၍ပင် အိပ်လိုက်သည်။ ဦးဒေါင်း ၏ ဇနီး မညိုကမူ တခေါခေါနှင့် အိပ်မောကျဆဲပင်။ သူ့အမည် ကို အကြိမ်ကြိမ် ခေါ်သံကြားသဖြင့် ပက်လက်လှန်ကာ မျက်လုံး ဖွင့်ကြည့်လိုက်သည်။

"အလို ဘုန်းကြီးတစ်ပါးပါလား"



www.burmeseclassic.com

www.burmeseclassic.com

ရဟန်းအသွင်ဖြင့် ရွှေအဆင်းကဲ့သို့ အလင်းရောင်များ တောက်ပလျက်ရှိသည့် ပုဂ္ဂိုလ်သဏ္ဍာန်ကို ဦးဒေါင်း၏ မျက်နှာရှေ့ အပေါ်တည့်တည့်တွင် မြင်တွေ့လိုက်ရသည်။ ဤမြင်ကွင်းကို ဦးဒေါင်းတစ်ယောက် သံသယဖြစ်ကာ မျက်လုံးကိုပင် ပွတ်၍ ကြည့်လိုက်သည်။ ထိုစဉ် -

"ဒကာ မောင်ဒေါင်း၊ မနက်ဖြန် ဓာတ်ပေါင်းစုဘုရားက ညောင်ပင်အိုကြီးကို မခုတ်ဘို့ မေတ္တာရပ်ခံပါတယ်။ အဲဒီအပင်ကြီးမှာ ရက္ခစိုးနတ်မင်းနဲ့တကွ မကျွတ်မလွတ်သေးတဲ့ သတ္တဝါများစွာ နေကြပါတယ်။ ညောင်ပင်အိုကြီးကို ခုတ်လိုက်ရင် ရက္ခစိုးနတ်မင်းရဲ့ ဗိမာန်လည်း ပျက်မယ်။ ရက္ခစိုးကို မှီပြီး နေထိုင်ကြတဲ့ မမြင်အပ်တဲ့ သတ္တဝါတွေလည်း ခိုကိုးရာမဲ့ ဖြစ်ကုန်ကြလိမ့်မယ်"

"ကိုယ့်အိမ်ကိုယ့်ယာကို ဖျက်ဆီးတဲ့သူကို သူတော်ကောင်းတွေကလွဲလို့ ဘယ်သူမှ ကျေနပ်ကြမှာ မဟုတ်ဘူး။ ဒကာ မောင်ဒေါင်း ကံမြင့်နေတဲ့အတွက် မနိုင်လို့ သည်းခံကြပေမယ့် တစ်ချိန်ကျ ဒကာမောင်ဒေါင်းကို ဒုက္ခပေးကြလိမ့်မယ်"

"ဒုက္ခပေးနိုင်တဲ့သူပေးကြ၊ သစ်ခုတ်ခငွေတွေ အကုန်ပေးပြီးပြီ။ မဖြစ်မနေ ခုတ်နိုင်းရမှာပဲ"





ရက္ခစိုးဟု ထင်ရသည့် ရဟန်းအသွင်ဖြင့် ပုဂ္ဂိုလ်ကြီးက လွန်စွာတိုးညှင်းပြတ်သားကြည်လင်သည့် အသံဖြင့် သတိပေးတရား ဟောကြားသည်။ ဦးဒေါင်းက လက်မခံ။ အသံထွက်၍ပင် အော်ကာ ပြန်ပြောလိုက်သည်။ သူ့အနီးမှ ဇနီး ဒေါ်ညို လန့်နိုးလာသည်။ ဒေါ်ညိုက ဦးဒေါင်းအား မမေးမီ တဒင်္ဂ အချိန်ကလေးအတွင်း၌ပင် -

"ဒကာ မောင်ဒေါင်းရဲ့ ကံပဲလေ"

ရဟန်းအသွင်ဖြင့် ပြောကြားသွားသည့် သတိပေးစကားကို ဦးဒေါင်းနှင့်အတူ ဇနီး ဒေါ်ညိုပါ နောက်ဆုံး ကြားလိုက်ကြရသည်။ ဦးဒေါင်းလည်း နောက်ထပ် ဘာမျှ ပြန်မပြောနိုင်ဘဲ ရေငုံနှုတ်ပိတ် ဖြစ်နေသည်။ ဇနီး ဒေါ်ညိုကမူ ဦးဒေါင်းအား လှုပ်၍ အမေးစကား စတင်ပြောလိုက်သည်။

"ကိုဒေါင်း ဘာဖြစ်လို့လဲဟင်"

"အိပ်မက်တော့ မဟုတ်ဘူး မညို၊ ငါ့ရှေ့ကနေ ရဟန်းတစ်ပါးက ညောင်ပင်အိုကြီးကို မခုတ်ဘို့ လာတားနေတာ၊ ငါတော့ ရက္ခစိုးမင်းကြီးလို့ ထင်တာပဲ"

"အို ... ကိုဒေါင်းရယ်၊ ရက္ခစိုးနတ်မင်းဆို ရဟန်းဝတ်နဲ့ မြင်ရပါ့မလားတော့၊ ရှင် စိတ်စွဲနေလို့ နေမှာပါတော်၊ ငွေတွေလည်း ပေးပြီးနေပြီ၊ ရှင် သွားတားမနေနဲ့"


www.burmeseclassic.com

www.burmeseclassic.com

ဦးဒေါင်းလည်း ဇနီးသည် ဒေါ်ညိုစု၏စကားကို မလွန်ဆန်ဝံ့သဖြင့် ဘာမျှ ပြန်မပြောဘဲ ငြိမ်နေလိုက်သည်။ နံနက်အရုဏ်တက်ချိန် ရောက်ပြီဖြစ်သဖြင့် ဦးဒေါင်းတို့ ဇနီးမောင်နှံ နှစ်ဦးစလုံး အိပ်ရာမှ ထလိုက်ကြသည်။ ဦးဒေါင်းက နံနက်စာ စား၍ ယာထဲသို့ သွားသည်။ ဒေါ်ညိုကမူ မီးဖိုချောင်အလုပ်ဖြင့် ရှုပ်ထွေးနေသည်။

ဖွားကျောင်းသား ခွေးနီဦးဆောင်သည့် သစ်ခုတ်သမားများလည်း နံနက်လင်းသည်ကပင် ညောင်ပင်အိုကြီးဆီသို့ စုရုံးရောက်ရှိနေကြသည်။ ခွေးနီက ညောင်ပင်အိုကြီးအောက် ရောက်ရှိသည်နှင့် အသင့်ယူဆောင်လာသည့် လွတ်အိတ်စုတ်ကလေးထဲမှ သိမ်ဝင်သပိတ်ကွဲများနှင့် ညောင်ပင်ကြီးအား အကြိမ်ကြိမ်ပစ်ပေါက်သည်။

"ဒီညောင်ပင်ကြီးမှာနေတဲ့ မကောင်းဆိုးဝါးကောင်တွေ သွားကြ၊ ငါတို့ ပိုက်ဆံရလို့ သစ်ပင်ခုတ်တာကွ"

"ပြုစားချင်ရင် အပင်ခုတ်ခိုင်းတဲ့ ဦးဒေါင်းကို ပြုစားကြ၊ အန္တရာယ်ပေးကြ"

အကြိမ်ကြိမ် အော်ဟစ်ဆူပူလျက် သိမ်ဝင်သပိတ်ကွဲများနှင့် ပစ်ပေါက်သည်။ နောက်လိုက်သစ်ခုတ်သမားများက ခွေးနီ ပြောဆို ပြုမူနေသည်ကိုသာ ငေး၍ ကြည့်နေကြသည်။ ထို့နောက်





ခါးတောင်းကျိုက်လျက် ဓားမကို ခါးတွင် ထိုးကာ ညောင်ပင်အိုကြီးပေါ်သို့ လွှားခနဲ တက်သွား၏။ လွယ်ကူစွာပင် ညောင်ပင်ကြီးပေါ်သို့ ရောက်သွားသည်။ တစ်စုံတစ်ယောက်ကိုမျှ တောင်းပန်ခယ ပူဇော်ခြင်း အလျဉ်းမရှိဘဲ လျင်မြန်သွက်လက်စွာဖြင့် ခါးကြားမှ ဓားမကို ဖြုတ်ကာ ညောင်ကိုင်းတစ်ကိုင်းကို ခုတ်လိုက်သည်။ ညောင်ကိုင်းမှာ သေးငယ်သဖြင့် တစ်ချက်ခုတ်ရုံဖြင့် ပြတ်ကျ၏။

"အောင်ပြီကွ၊ အောင်ပြီ"

ခွေးနီသည် ကျယ်လောင်စူးရှသော အသံဖြင့် အော်ဟစ်လျက် ညောင်ကိုင်းများကို အဆက်မပြတ် ခုတ်ချလိုက်သည်။ ညောင်ပင်အိုကြီးပေါ်မှ ငှက်များလည်း လန့်ပျံသွားကြသည်။ အနည်းငယ်ကြာသည့်အခါ ခွေးနီ ညောင်ပင်ကြီးပေါ်မှ ပြန်ဆင်းလာသည်။

"ကဲ ... ကိုကြီးဌေးနဲ့ ဦးလေးထွန်း လွှယူပြီး အရှေ့ဘက်ကျနေတဲ့ ကိုင်းကို စဖြတ်ကြဗျာ"

ထို့နောက် သူနှင့်အတူ ပါလာသည့် သူနှစ်ဦးအား ငါးမန်းလွှကြီးနှင့် ညောင်ကိုင်းများကို တက်၍ ဖြတ်စေသည်။ ဦးထွန်းနှင့် ကိုဌေးလည်း ပြောသည့်အတိုင်း တက်၍ ဖြတ်ကြသည်။ အန္တရာယ် တစ်စုံတစ်ရာ မရှိဘဲ ဖြတ်တောက်ချနိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အချို့သူများက အပင်အောက်မှနေ၍ ညောင်ကိုင်းများကို ဖြတ်တောက် စုပုံကြသည်။

ဓာတ်ပေါင်းစုဘုရားအနီးမှ ညောင်ပင်အိုကြီးကို စတင်ခုတ်သည့်နေ့၌ပင် အန္တရာယ်ကင်းစွာဖြင့် ခုတ်လှဲနိုင်ကြသဖြင့် ချွေးနီတို့အဖွဲ့ အောင်ပွဲရသွားသည်။

ချွေးနီခေါင်းဆောင်သည့် သစ်ခုတ်သမား နှစ်ဆယ်ဦးလည်း ညောင်ပင်အိုကြီးအား အရက်နှစ်ဆယ်တိုင် ခုတ်လှဲလိုက်သည့်အခါ ညောင်ကိုင်းမှန်သမျှ မြေပြင်သို့ ကျခဲ့ရသည်။ အချို့ညောင်ကိုင်းများကား ဖြတ်တောက်ပြီး သယ်ဆောင်ရန် အသင့်ဖြစ်နေသည်။

ညောင်ပင်အိုကြီး ငုတ်တိုဖြစ်ခါမှ ဦးဒေါင်း ရောက်လာသည်။

"မောင်ချွေးနီတို့ကို ဦးဒေါင်းက ဆုချရဦးမယ်ဟေ့"

ဦးဒေါင်းက သူ့အိတ်ကပ်အတွင်းမှ ငွေငါးရာကို ပြောပြောဆိုဆိုနှင့် ထုတ်ပေးသည်။ ထိုအချိန်က ငွေငါးရာမှာ အဖိုးတန်လှသည်။ ချွေးနီလည်း ဦးဒေါင်းထုတ်ပေးသည့် ငွေကို ကျေနပ်စွာ လက်ခံရယူ၍ ညောင်ပင်မြစ်များကို တူးပေးမည့်အကြောင်း ဦးဒေါင်းအား ပြောလိုက်သည်။





နှစ်လသုံးလခန့်အကြာတွင် ဓာတ်ပေါင်းစုဘုရားအနီးမှ ညောင်ပင်အိုကြီးမှာ အမြစ်ပါမကျန် ခုတ်လှဲနှုတ်ပယ်ပြီး ဖြစ်သွားသည်။ ညောင်ပင်အိုကြီးမှ ဖြတ်တောက်ပြီး ညောင်ကိုင်းအချို့ကို ဦးဒေါင်းက ရောင်းစား၍ ကျန်ညောင်တုံးများကိုမူ ကားဖြင့် သူ့အိမ်သို့ သယ်ယူသည်။ ကားခုနစ်စီးခန့် တိုက်ရသည်။ ဦးဒေါင်း၏ နေအိမ်ဝိုင်းကွက်လပ်တွင် ညောင်ကိုင်းများကို လူတစ်ရပ်ခန့်မျှ စုပုံထပ်ထားခဲ့သည်။

သုံးလေးလခန့်အထိ ဦးဒေါင်းနှင့် သစ်ခုတ်သမားချွေးနီတို့အဖွဲ့ အန္တရာယ်တစ်စုံတစ်ရာ ဖြစ်သည်ကို မကြားရပါ။

ညောင်ပင်အိုကြီးခုတ်အပြီး ခုနစ်လခန့်အကြာတွင်မူ ဦးဒေါင်းတစ်ယောက် ဓာတ်ပေါင်းစုဘုရားအနီးရှိ (ညောင်ပင်အိုခုတ်လှဲထားသည့်) ယာမြေသို့ စက်ဘီးနှင့် သွား၍ကြည့်စဉ် တံတားပေါ်မှ လှရောစက်ဘီးပါ လိမ့်ကျသေဆုံးသွားသည်။ ထိုအတူဦးဒေါင်းကွယ်လွန်ပြီး နှစ်ဆယ်ရက်ခန့်အကြာတွင် ဦးဒေါင်း၏ဇနီး ဒေါ်ညိုမှာ စုပုံထပ်ထားသည့် ညောင်တုံးများအနီး ဖြတ်သွားစဉ် ညောင်တုံးတစ်တုံးမှာ တကျိုကျိုမြည်လျက် ပြုတ်ကျသဖြင့် ခြေထောက်ကျိုးပြန်သည်။

ထိုအတူ ဦးဒေါင်းနှင့် ဒေါ်ညိုတို့၏ သမီးလေးမှာ စက်ဘီးနှင့် ကျောင်းသို့အသွား မြေညီလူရှင်းလှသည့် လမ်းမ




www.burmeseclassic.com

www.burmeseclassic.com

ကြီးတွင် တစ်စုံတစ်ယောက်က ဇွန်းလှဲလိုက်သကဲ့သို့ ခံစားရကာ လဲကျ၍ လက်ကျိုးရပြန်သည်။ နွားကျောင်းသား သစ်ခုတ်သမား ခွေးနီတို့အုပ်စုမှာ ယနေ့တိုင် တစ်စုံတစ်ရာ အန္တရာယ်ဖြစ်သည်ကို မကြားရပေ။

ဦးဒေါင်းနှင့် ဒေါ်ညိုတို့၏ ဆွေမျိုးသားချင်းများ မိတ်သင်္ဂဟများကမူ ဦးဒေါင်းသေသည်မှာ ညောင်ပင်ခုတ်သဖြင့် မကောင်းဆိုးဝါးများကြောင့် သေရသည်ဟု ထင်မြင်ကြသည်။ ထို့အတူ ဒေါ်ညိုနှင့် သမီးမှာလည်း ညောင်ကိုင်းအား စွဲလန်း၍ ကပ်ပါလာသည့် နတ်ဆိုးများ၊ မကောင်းဆိုးဝါးများကြောင့် ဖြစ်ရသည်ဟု ပြောဆိုကြသည်။ အချို့ကမူ တိုက်ဆိုင်၍ ဖြစ်သည်ဟု ယုံကြည်ယူဆလျက်ပင် ရှိနေကြပေသည်။

● ● ●



# ညှော်သည်အစိမ်းသဘက်

"ခွက်စုတ်ကလေးနဲ့ ပက်တဲ့ရေ ရှိတာပေါ့၊ ရှိတာပေါ့"

"ကိုယ့်ဘာသာကိုယ် ပက်တာ ဘာဖြစ်လဲ ဘာဖြစ်လဲ"

"သင်္ကြန်နှစ်ဦး တူးပို့ တူးပို့ ထူးတဲ့ မြူးသာယာ"

မန္တလေးမြို့ သင်္ကြန်အတက်နေ့ ရေကစားသူများ၏ အသံများကား နေရာအနှံ့မှာ ပျံ့လွင့်နေသည်။ သင်္ကြန်ရေကစားသူများမှာ တစ်နှစ်တာ သင်္ကြန်ပွဲတော်၏ နောက်ဆုံးနေ့ဖြစ်၍ နှုတ်ဆက်ပွဲအဖြစ် အပျော်ကြီး ပျော်နေကြသည်။ အမြူးကြီးမြူးလျက် သံကုန်ဟစ်၍ ကဲကြသည်။ တစ်ဦးနှင့်တစ်ဦး နောက်ပြောင်ကျီစယ်ကြသည်။

သင်္ကြန်နွှေ နေ့လည်ခင်း၏ အပူရှိန်ကိုပင် အန်တုကာကားနှင့် တစ်မျိုး၊ မြင်းလှည်းနှင့်တစ်ဖုံ၊ စက်ဘီးနှင့်တစ်သွယ် သင်္ကြန်ပွဲတော်ကို ဆင်နွှဲကြသည်။ သင်္ကြန်အကျနေ့နှင့် သင်္ကြန် အကြတ်နေ့များတွင် ရေကစားကြသူများသည် နေ့ခင်းဘက်တွင်

ကြည်လှမောင်စာပေ

www.burmeseclassic.com

မဟာမြတ်မုနိဘုရားရိပ်မှာ ခေတ္တ အနားယူ ခိုလှုံကြသည်။ အချို့ကမူ မန္တလေးတောင်ရိပ်ကို ခိုကြသည်။ အခြား အခြားသော သူတို့ကမူ ရန်ကင်းတောင်ရိပ်တွင်လည်းကောင်း၊ ဦးပိန်တံတားထိပ်တွင်လည်းကောင်း စသည်ဖြင့် နေရာအသီးသီးတွင် အဖွဲ့လိုက် နားခိုကြသည်။

သင်္ကြန်အတက်နေ့ ရောက်ပြီမို့ ရေကစားကြသူများ အားလုံးလိုလို ကုန်ဆုံးသွားမည့်အချိန်ကို နှမြောတသကာ နေ့ခင်းဘက်တွင် အနားမယူကြတော့ဘဲ တစ်နေကုန် တစ်နေခမ်း ပျော်ရွှင်လျက် ရှိသည်။

သင်္ကြန်ရာသီ ပြေးနေ၏ မွန်းတည့်နေကား တရှိန်ရှိန် တည်းညည်းနှင့် အားမာန်အပြည့် ပူပြင်းလှသည်။

ထိုအတူ ၇၄–လမ်းနှင့် ၂၉–လမ်းထောင့်၊ မန္တလေး ဆေးရုံကြီး၏ မြောက်ဘက် စိတ္တမဟီရပ်ထဲမှ အိမ်တစ်အိမ်မှာလည်း အိမ်ဦးသခင် ဖခင်ကြီး၏ ကျန်းမာရေးအခြေအနေကြောင့် လှုလုံးမလှ အပူလုံးကြွလျက် ရှိနေသည်။

ဖခင်ဖြစ်သူ ဦးထင်အောင်၏ သေရေးရှင်ရေး အခြေအနေကြောင့် ဇနီးဖြစ်သူနှင့် မိသားစုအားလုံးမှာ စိတ်နလုံး မသာမယာ ဖြစ်နေကြရသည်။ ဦးထင်အောင်၏ အသက်ရှူနှုန်းကား နှေးကွေးလေးလံလှသည်။ နံနက်ပိုင်းအချိန်မှ စတင်၍





ဦးထင်အောင် အမောဖောက်လာသည်။ ရံဖန်ရံခါ သတိလစ်သွားသည်။ မိသားစု ဆရာဝန်မှာလည်း အချိန်မလပ် ဂရုပြု၍ စောင့်ကြပ် ကုသပေးနေရသည်။

ခက်သည်က အများပြည်သူတို့၏ သင်္ကြန်ပွဲတော် နွှဲပျော်ကြသည့် ဆူညံသံတို့ကား မည်သို့မျှ တားဆီးပိတ်ပင်၍ မရခြင်းပင် ဖြစ်သည်။ ထို့အတူ ဦးထင်အောင်တို့ အိမ်ရှေ့မှ အသုဘချခြင်းကိစ္စကား အမြဲထာဝရလိုလို ရှိနေတတ်သည်။ အချို့သူများက ဆေးရုံကြီးမြောက်ဘက် ရင်ခွဲရုံ (လူသေများထားရာ အဆောက်အဦ) ရှိရာလမ်းကို အလောင်းစည်သူလမ်းဟူ၍ပင် နောက်ပြောင်ခေါ်ဆိုကြသည်။

ဦးထင်အောင်၏ မိခင်ကြီး ဒေါ်ဖွားသင်ကမူ သူ့သားအား ပတ်ဝန်းကျင်မှ ဆူညံသံများကြောင့် မကောင်းသည့် စိတ်စွဲလန်းမှု အာရုံ အကုသိုလ်အာသန္နကံနှင့် မသေစေလိုသည်မှာ အမှန်ပင် ဖြစ်သည်။ ကောင်းမှု ကုသိုလ်စိတ် အာစိဏ္ဏကံဖြင့် သေလွန်၍ သား ဦးထင်အောင်ကို ဘဝကူးကောင်းစေချင်သည်။

ဦးထင်အောင် သတိမရတစ်ချက် ရတစ်ချက် အချိန်ကလေး အတွင်း၌ပင် အိမ်ရှေ့လမ်းမဘက် အသုဘချလာသည့် ကားတန်းဆီမှ ယောဂီများ၏ တရားသံပြိုင်ရွတ်ဆိုသံကို ကြားလိုက်ရသည်။ ယင်းအသံတို့၏ သင်္ကေတမှာ အသုဘချလာပြီဆိုသည့် သဘောပင်။



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ ... ဟဲ့ ငါ့မြေး၊ အသုဘချလာတာနဲ့တူတယ်၊ အသည်း အသန်ဖြစ်နေတဲ့ လူမမာရှိလို့ ဒီနားမှာ မရွတ်ပါနဲ့ဦးလို့ သွားတားလိုက်ပါဦးကွယ်"

ဒေါ်ဖွားသင်၏ မြေးဖြစ်သူ မောင်ဝင်းကလည်း အိမ်တွင်းမှ အလျင်အမြန် ထွက်၍ တရားသံပြိုင်ရွတ်ဆိုရာ ကားဆီသို့ အပြေးသွား၍ တားသည်။ အလိုက်သိတတ်သော မြန်မာလူမျိုးများ၏ ဓလေ့သဘာဝဖြစ်၍ သံဝေဂ မမ္ဗလကံ်ာရွတ်ဆိုသံတို့ကို ချက်ချင်းပင် ရပ်ဆိုင်းပေးလိုက်ကြသည်။ အပြေးသွားစဉ်က ဈာပနကားကို မောင်ဝင်း မကြည့်ခဲ့မိသော်လည်း အပြန်တွင် ဂရုစိုက် ကြည့်လိုက်မိသည်။

ဈာပနကား၏ ဘေးတစ်ဖက်မှ လွမ်းသူ့ပန်းခွေတွင် -

"မောင်တင့်နိုင် အသက် (၂၃)နှစ်အတွက် လွမ်းသူ့ပန်းခွေ" ဟူသော စာတမ်းကို ဖတ်လိုက်မိသည်။

အထက်ပါစာတမ်းကို မြင်ရ၍ မောင်ဝင်း စိတ်မကောင်းဖြစ်သွားသည်။ သကြံန်အကြတ်နေ့က အပျော်ကျူး၍ သင်္ကြန်ကားပေါ်မှ လိမ့်ကျကာ ရုတ်တရက်ကွယ်လွန်ခဲ့သည့် မောင်တင့်နိုင် ဖြစ်နေသောကြောင့်ပင်။ အသက်ငယ်ငယ်ရွယ်ရွယ်တွင် အပျော်အပါးနှင့် အသက်ကို လဲလှယ်သကဲ့သို့ ဖြစ်နေသည်။ စိတ်မကောင်းခြင်းများစွာဖြင့်ပင် မောင်ဝင်းတစ်ယောက် အိမ်ထဲသို့





ဝင်ခဲ့သည်။ အသုဘ ဈာပနကားကလည်း အိမ်ရှေ့သို့ပင် ရောက်ရှိနေပြီဖြစ်သည်။

ထိုစဉ် အသည်းအသန် လူမမာ ဦးထင်အောင်၏ ကုတင်ဘက်ဆီမှ အော်ဟစ်သံများက ဆူညံသွားသည်။

"ကျွန်တော် တင့်နိုင်ပါ၊ ကျွန်တော့်ကို ကယ်ကြပါ"

"ပေး ... ငါ့ရွှေတွေ ပြန်ပေး၊ ငါ့ရွှေတွေ ပြန်ပေးကြကွ"

ဦးထင်အောင်၏ နှုတ်ဖျားဆီမှ ဦးထင်အောင်၏ အသံနှင့် မတူသော အသံဖြင့် အော်ဟစ်တောင်းဆိုနေသည်။ အနီးအပါးမှ မိသားစုများမှာ နားမလည်နိုင်အောင် ဖြစ်သွားသည်။ စကားကောင်းကောင်း မပြောနိုင်သော ဦးထင်အောင်၏ အသံမှာ ယခုအခါ မာကြောလှသည်။ ဦးထင်အောင်တစ်ယောက် သေခါနီးဆဲဆဲ စွဲမိစွဲရာ ကယောင်ကတန်းဖြင့် အော်ဟစ်ပြောနေသည်ဟု မိသားစုက ယူဆကြသည်။

ဤအကြောင်းအရာကို သိရှိနားလည်လိုက်သူမှာ မောင်ဝင်း တစ်ယောက်သာ ရှိသည်။

ရုတ်တရက်ကွယ်လွန်ခဲ့သူ မောင်တင့်နိုင်သည် သူ့ခန္ဓာကိုယ်အား စွဲလန်း၍ အစိမ်းသဘက်ဖြစ်ကာ ကပ်ပါလာဟန်ရှိသည်။ သူသေဆုံးစဉ်က သူ ဝတ်ဆင်ထားသည့် ရွှေများကို တစ်စုံတစ်ယောက်က ဖြုတ်ယူခဲ့ဟန် ရှိသည်။ ဤအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

အရာတို့ကို အကူအညီတောင်းလိုသဖြင့် ကံနိမ့်နေသူ ဦးထင်အောင်အား အခါအခွင့်သင့်၍ အစိမ်းသဘက်ဘဝဖြင့် ပူးကပ်ဝင်ရောက်ပြောဆိုခြင်း ဖြစ်မည်။ မောင်တင့်နိုင်၏ အလောင်းတင်ထားသည့် ကားမှာ ဦးထင်အောင်၏ နေအိမ်ကို ကျော်လွန်သွားသဖြင့် လည်းကောင်း၊ ဦးထင်အောင်၏နေအိမ်ကို စောင့်ရှောက်သည့် နတ်များမှ ကြာရှည်စွာ နေခွင့်မပေးသဖြင့် လည်းကောင်း ကြာရှည်စွာ ပူးကပ်ပြောဆိုနိုင်ခြင်း မရှိဘဲ ဇည့်သည် အစိမ်းသဘက်အဖြစ်နှင့်သာ ခေတ္တဝင်ရောက် ပူးကပ်သွားခြင်း ဖြစ်သည်။ ကွယ်လွန်သူ မောင်တင့်နိုင်ခမျာ သူပြောလိုသည့် အကြောင်းအရာကို ပြည့်စုံစွာ ပြောမသွားရသဖြင့် လူနာစောင့် မိသားစုများလည်း ဝိုးတိုးဝါးတားဖြင့် တွေဝေ၍ ကျန်နေခဲ့သည်။

နောက်တစ်လခန့်အကြာတွင် ဦးထင်အောင် ကောင်းစွာ ကျန်းမာလာပြီ ဖြစ်သည်။ သို့သော် ဦးထင်အောင်ခမျာ သေခြင်းတရားကို ကြောက်ရွံ့လာဟန်ရှိသည်။ အိမ်ရှေ့မှ အသုဘ ချသွားလေ့ရှိသည့် ကားတန်းများကို မကြည့်လို မမြင်လို ဖြစ်နေသည်။ မိခင်ဖြစ်သူ ဒေါ်ဖွားသင်ကလည်း ကျက်သရေ မရှိသော အမင်္ဂလာ အမြင်အကြားတို့ကို မမြင်တွေ့လိုကြောင်း စကားဆိုလာသည်။

သို့အတွက် ဦးထင်အောင်တို့မိသားစုလည်း ဆေးရုံကြီး မြောက်ဘက်မှ နေအိမ်ကို ရောင်းချ၍ မန္တလေးမြို့၏ အခြား တစ်နေရာ ရပ်ကွက်တစ်ခုသို့ ပြောင်းရွှေ့သွားလေတော့သည်။



# ဝှတ်ဝင်ခံရသောဒေါ်ရွှေသော့

ဒေါ်ရွှေသော့သည် ခါးပိုင်ရွာမှ ဦးလွန်းမောင်၏ဇနီး ဖြစ်သည်။ အသက်(၇၂)နှစ်ခန့် အရွယ်ရှိပြီ ဖြစ်သည်။ ဦးလွန်းမောင်နှင့် ဒေါ်ရွှေသော့တို့မှ သားတစ်ယောက်၊ သမီးနှစ်ယောက် ထွန်းကားသည်။ သားနှင့် သမီးများမှာ အရွယ်ရောက်ပြီဆိုကတည်းက အသီးသီး အသကအသက အိမ်ထောင်ကျခဲ့သည်။ သားသမီးများပင် ထွန်းကားနေပြီ ဖြစ်သည်။

သမီးများမှာ ယောက္ခမများအိမ်တွင် လိုက်နေသဖြင့် သားဖြစ်သူ မောင်ထွန်းဦးတစ်ယောက်သာ မိဘများနှင့်အတူ နေသည်။

ဖခင်ဦးလွန်းမောင်မှာ အသက်အရွယ် ထောက်လာပြီ ဖြစ်သဖြင့် မောင်ထွန်းဦးသည် ဖခင်ကြီး၏ လက်ငုတ်လက်ရင်း လယ်ယာလုပ်ငန်းများကို ဆက်လက် အမွေခံ လုပ်ဆောင်နေရသည်။ မောင်ထွန်းဦးမှာ မိဘနှစ်ပါးအပေါ် ရိုသေကိုင်းရှိုင်းသူ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ အဝတ်အထည် အစားအသောက်များမှစ၍ လိုလေသေး မရှိအောင် ထားသည်။ ထို့အတူ ချွေးမဖြစ်သူ မခင်တင့်ကလည်း သူ့မိဘများ တိမ်းပါးသွားသဖြင့် မိဘများကိုယ်စား ယောက္ခမများဖြစ်သည့် ဦးလွန်းမောင်နှင့် ဒေါ်ရွှေသော့တို့ကို မိခင်ဖခင် အရာထား၍ အစစ အရာရာ ကျွေးမွေး ပြုစုစောင့်ရှောက်သည်။

ဦးလွန်းမောင်မှာ ဘုရားသွား ကျောင်းတက်၊ ရပ်ရွာလူမှုရေးကိစ္စများကို လုပ်ကိုင်ဆောင်ရွက်ရင်း ကျန်းမာပျော်ရွှင်စွာ ရှိသော်လည်း ဒေါ်ရွှေသော့မှာမူ လူကြီးရောဂါဖြင့် မကြာခဏဆိုသလို နေထိုင်မကောင်း ဖြစ်သည်။ တရှောင်ရှောင်နှင့် မကျန်းမာသည့် ကြားထဲကပင် စီးပွားရေးချို့တဲ့သော သမီးကြီးအတွက် အမြဲတမ်း ပူပင်သောက ဖြစ်နေသည်။

ကျန်းမာရေး မကောင်းရသည့်အထဲ သမီးကြီးအတွက် ပူပင်စိုးရိမ်စိတ်ဖြစ်ကာ စိတ်ထောင်း၍ ကိုယ်ကျေဖြစ်လျက် အိပ်ရာထက်၌ ဘုန်းဘုန်းလဲတော့သည်။

မိခင်ကြီး ဒေါ်ရွှေသော့ နေထိုင်မကောင်း မကျန်းမာဖြစ်သည်ဆိုကတည်းကပင် သားနှင့်ချွေးမဖြစ်သူ မောင်ထွန်းဦးနှင့် မခင်တင့်တို့ ဇနီးမောင်နှံမှာ ပျာပျာသလဲ ပြုစုစောင့်ရှောက်ကြသည်။ သမီးကြီးဖြစ်သူ မတင်ပိုနှင့် သမီးငယ် မခင်ပိုတို့ကမူ





လက်လုပ်လက်စားများ ဖြစ်သဖြင့် ရံဖန်ရံခါသာ လာရောက်ပြုစုနိုင်ကြသည်။ ကြည့်ရှုနိုင်ကြသည်။

ဒေါ်ရွှေသော့၏ ရောဂါမှာ လူကြီးရောဂါ ဖြစ်သဖြင့် ဆေးဆရာများနှင့် ဒေါ်ယူ ကုသသော်လည်း ကျန်းမာပျောက်ကင်းသွားသည်ဟူ၍မရှိ။ အိပ်ရာထက်၌သာ လဲလျောင်းနေတော့သည်။ တစ်ခါတစ်ရံ မြို့မှ မှာယူ၍ စားကောင်းသောက်ဖွယ်များဖြင့် ကျွေးမွေးသော်လည်း ဟုတ်တိပတ်တိ မစားနိုင်တော့။

နာတာရှည် လူမမာရောဂါသည်ကြီးဘဝနှင့် ဒေါ်ရွှေသော့ခမျာ အိပ်ရာထက်၌သာ လဲလျောင်းနေတော့သည်။ စကားသံကလည်း ယခင်ကလို ကျယ်ကျယ် မပြောနိုင်တော့ပေ။

ခင်ပွန်းဖြစ်သူ ဦးလွန်းမောင်နှင့် မောင်ထွန်းဦးတို့ ဇနီးမောင်နှံကမူ သည်တောင်က ကျော်နိုင်တော့မည် မဟုတ်ဟု တွေးထင် ယူဆထားကြသည်။

အများ တွေးထင်ထားသည့်အတိုင်းပင် ဒေါ်ရွှေသော့ခမျာ ထမင်းဟင်းလျာများကို ကြောင်စာသာသာမျှသာ စားနိုင်သည်။ ရေကိုပင် ကောင်းကောင်းမသောက်နိုင်တော့ပေ။ ခန္ဓာကိုယ်မှာလည်း အရိုးပေါ်အရေတင်ရုံမျှသာ ရှိသည်။ ရံဖန်ရံခါ အမောဖောက်ဖောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်သူအိမ်သားများကမူ မိခင်ဖြစ်သူ ဒေါ်ရွှေသော့ သေမည့်နေ့ကို စောင့်လျက် ပြုစုနေကြရသည်။

ဆောင်းအကုန် နွေအကူး အညာနွေ၏ တပေါင်းနေက ပူပြင်းလှသည်။ တစ်နေ့သော နေ့လည်ပိုင်းအချိန်တွင် နွေနေ၏ အပူရှိန်က လူကောင်းများအဖို့ပင် အခံရခက်လှသည်။

လေပွေနှင့်အတူ လေပူများ ဦးလွန်းမောင်တို့ အိမ်ကလေးကို ဖြတ်သန်းတိုက်ခတ်သွားသည်။

ထိုအချိန်တွင် ဒေါ်ရွှေသော့မှာ အပြင်းအထန် အမော ဖောက်ကာ အသည်းအသန်ဖြစ်လျက် ရှိသည်။ နှာခေါင်းမှ ကောင်းကောင်း အသက်ရှူနိုင်ဟန် မတူ။ ပါးစပ်ဟလျက် နှုတ်ခမ်းကလေး လှုပ်ခါလှုပ်ခါနှင့် ဖြည်းညှင်းစွာ မနည်း အသက်ရှူနေရသည်။ ဝင်သက်တစ်ချက် ထွက်သက်တစ်ချက် မှာ အလှမ်းကွာဝေးလှသည်။ ဒေါ်ရွှေသော့၏ ခန္ဓာကိုယ်ကြီး ကမူ ငြိမ်သက်လျက် ရှိသည်။

သို့နှင့်ပင် ညနေစောင်း နွားရိုင်းသွင်းချိန်သို့ပင် ရောက်ရှိခဲ့သည်။ ဒေါ်ရွှေသော့ကမူ ဖြည်းညှင်းသောနှုန်းဖြင့် အသက် ရှူနေဆဲပင်။

ထိုစဉ် အိမ်နောက်ဖေး မန်ကျည်းပင်မှ ကျီးတစ်အုပ် စုပေါင်း အာသံကြားရသည်။ ခြံစည်းရိုး အကာအရံကင်းမဲ့သော လမ်းမဘက်ဆီမှ ခွေးအူသံများကလည်း ဆူညံသွားသည်။





ဒေါ်ရွှေသော့၏ အသက်ရှူသွင်းမှုမှာ ပါးစပ်အဟောင်း သားဖြင့် ထွက်သက်တစ်ချက်တွင် ရပ်သွားသည်။ သမီးများ နှင့် ချွေးမဖြစ်သူတို့က ဒေါ်ရွှေသော့ သေသည်နှင့် အော်ဟစ် ၍ ငိုလိုက်ကြသည်။ အားလုံးကပင် ဒေါ်ရွှေသော့ သေပြီဟု ယူဆလိုက်ကြသည်။

ဒေါ်ရွှေသော့၏ နှုတ်ခမ်းများက ပြန်လည် သက်ဝင်လာ သည်။ တိုးညှင်းသော အသံဖြင့် စကားစလာသည်။

"သမီးတို့ ဘာလို့ ငိုကြတာလဲကွယ်၊ အမေ ဘာဖြစ်လို့ လဲဟင်"

ဒေါ်ရွှေသော့၏ စကားသံကြောင့် သမီးများနှင့် ချွေးမ တို့၏ ငိုသံများ တိတ်သွားသည်။

ဒေါ်ရွှေသော့အနီးမှ အိမ်သူအိမ်သားအားလုံးပင် မျက်လုံး အဝိုင်းသားနှင့် ငြိမ်သက်စွာကြည့်လျက် အံ့အားသင့်နေကြသည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက်နှင့်ပင်။ ထိုစဉ် သမီးကြီးဖြစ်သူက -

"အမေ ... အမေ မသေသေးဘူးနော်။ ဝမ်းသာလိုက်တာ အမေရယ်"

ဝမ်းသာအားရနှင့် ငို၍ ပြောလိုက်သည်။ ဒေါ်ရွှေသော့ မှာ အချိန်အနည်းငယ်အတွင်း၌ပင် မျက်လုံးများ ဖွင့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

ချက်ချင်းလက်ငင်းဆိုသလို ကျန်းမာသယောင်ယောင် ရှိလာသည်။ အိပ်ရာထက်မှ မထဘဲ ခြေလက်အနည်းငယ် လှုပ်ရှားလာသည်။

ဒေါ်ရွှေသော့၏ မိသားစုအားလုံးသည် အခြားမည်သည့် အကြောင်းမျှ တွေးထင်မှု မရှိကြဘဲ မိခင်ပြန်လည် ကျန်းမာ သက်သာလာသည်ဟု ထင်ကြသည်။

ထိုနေ့ညက လမ်းမဘက်ဆီမှ ခွေးအူသံများကား ဆူညံပွက်လောရိုက်လျက် ရှိနေခဲ့သည်။

ထိုနေ့ည၌ ဒေါ်ရွှေသော့သည် ငြိမ်သက်စွာဖြင့် အိပ်ရာထက်၌ လဲလျောင်းနေခဲ့သည်။

သန်းခေါင်ယံ ကြက်တွန်သံပင် ကြားရပြီ ဖြစ်သည်။ အိမ်သူအိမ်သားများလည်း ဒေါ်ရွှေသော့အား ပြုစုရသဖြင့် စိတ်ရောလူပါ ပင်ပန်း၍ အိပ်မောကျလျက် ရှိ၏။

ထိုစဉ် ဒေါ်ရွှေသော့သည် အိပ်ရာထက်မှ ထ၍ မီးဖိုချောင်ဘက်သို့ သွားသည်။ ထမင်းဟင်းများကို ရှာဖွေစားသောက်သည်။ ထို့နောက် အိပ်ရာတွင် ပြန်လည် လဲလျောင်းနေသည်။

နံနက်လင်းသည့်တိုင်အောင် ညက ဒေါ်ရွှေသော့ ထမင်းထစားသည်ကို မသိကြ။ ရိပ်လည်း မရိပ်မိကြပေ။





နံနက်လင်း၍ ချွေးမဖြစ်သူ ထမင်းထချက်ရန် မီးဖိုချောင်သို့ ဝင်သည်။ ထမင်းအိုး ဟင်းအိုးများ လက်ရာပျက်နေသဖြင့် ကမန်းကတန်း ဖွင့်ကြည့်လိုက်သည်။

"ကုန်ပါပြီတော်၊ မနက်ဖို့ ချန်ထားတဲ့ဟင်းတွေ၊ ထမင်းတွေ ကုန်ပါပြီ။ သေခြင်းဆိုး ခွေးနာတွေ ညက ဒါကြောင့် ဆူနေကြတာကိုး"

ထို့နောက် ခွေးများ ခိုးစားသည်အထင်နှင့် ပြောဆိုမြည်တွန်လိုက်၏။ ယောက္ခမဖြစ်သူ စားနိုင်လို စားနိုင်ငြား ဆန်ပြုတ်အိုး တည်သည်။ ချွေးမဖြစ်သူ မခင်တင့်၏ မြည်တွန်ပြောဆိုသံကြောင့် အိမ်သားများလည်း နိုးထလာကြသည်။

သားကြီးဖြစ်သူ မောင်ထွန်းဦးကမူ အိပ်ရာမှ နိုးနိုးချင်း မိခင် ဒေါ်ရွှေသော့ထံသို့ သွားကြည့်သည်။

"အမေ နိုးနေပြီလား၊ နေရထိုင်ရတာ သက်သာတယ်နော်"

ကြင်နာယုယစွာဖြင့် နဖူးကို စမ်းလျက် မေးလိုက်သည်။ ဒေါ်ရွှေသော့ကမူ မျက်စိဖွင့်လျက် ဖြည်းညင်းစွာ ခေါင်းညိတ်ပြသည်။ မောင်ထွန်းဦးလည်း မိခင်ကြီးအနီးမှခွာ၍ မျက်နှာသစ်သွားတိုက်ရန် ထသွားသည်။ ဒေါ်ရွှေသော့ကမူ မောင်ထွန်းဦးအား မျက်လုံးပြူးကြောင်စွာဖြင့်ကြည့်လျက် ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ရွှေသော့၏ ကျန်းမာရေးသည် ယခင်ကထက် ပို ကောင်းလာသည်ဟု အိမ်သူအိမ်သားများက ထင်ကြသည်။ ယခင်က ခြေလက် မလှုပ်နိုင်သော ဒေါ်ရွှေသော့ ခြေလက် လှုပ်နိုင်ပြီ။ စကားမပြောနိုင်သော ဒေါ်ရွှေသော့ ယခု စကား ပြောနိုင်ပြီဖြစ်၍ အားလုံး ဝမ်းသာနေကြသည်။

သို့နှင့်ပင် နှစ်လသုံးလခန့်ကြာသည်။

နှစ်လသုံးလအတွင်း ဒေါ်ရွှေသော့၏ ထူးခြားသည့် လက္ခဏာမှာ မျက်လုံးများ နီရဲနေခြင်းပင် ဖြစ်သည်။ ကျင်ကြီး ကျင်ငယ်လည်း မသွား။ နေ့ခင်းဘက် အိမ်သူအိမ်သားများ ကျွေးသည့် ထမင်းဟင်းလည်း ဟုတ်တိပတ်တိ မစား။ သို့ အတွက် အိမ်သူအိမ်သားများက အစာမစားလို့ ဆီးမသွား၊ ဝမ်းမသွားဟုပင် အမှတ်မထင် နေခဲ့မိသည်။

ခက်သည်က မီးဖိုချောင်တွင်းမှ ထမင်းဟင်းများ၊ ငပိအိုးမှ ငပိများ ပျောက်ပျောက်နေခြင်းပင် ဖြစ်သည်။

တစ်ရက်တွင် ညဘက် သန်းခေါင်ယံအချိန်၌ အိုးသံ ပန်းကန်သံကြား၍ မောင်ထွန်းဦးကိုယ်တိုင် ထကြည့်သည်။ ထမင်းဟင်းများကို အားပါးတရစားနေသော မိခင်ဖြစ်သူ ဒေါ်ရွှေသော့ကို တွေ့ရသည်။

"အမေ ဘာလုပ်နေတာလဲ"





"ဗိုက်ထဲက ဆာသလိုလို ရှိတာနဲ့ ထမင်းထစားနေတာ ပါ သားရဲ့"

"ထမင်းဆာရင်လည်း ကျွန်တော့်ကို နှိုးရောပေါ့ အမေရာ၊ ကျွန်တော် ခူးပေးမှာပေါ့"

"ငါ့သား အိပ်နေပြီမှတ်လို့ကွယ်"

ဒေါ်ရွှေသော့၏ ညည်းညူပျော့ပျောင်းသော စကားကြောင့် သား မောင်ထွန်းဦးမှာ ဒေါ်ရွှေသော့အပေါ် သင်္ကာမကင်း မဖြစ်မိ။ ဒေါ်ရွှေသော့လည်း စားသောက်ပြီး အိပ်ရာထက်၌ ပြန်၍ လှဲနေသည်။

နောက်ပိုင်းတွင် မိခင် ဒေါ်ရွှေသော့၏ ထူးခြားချက်များ ကို မောင်ထွန်းဦး သတိထားမိလာသည်။ နေ့ခင်းဘက် ထမင်း ဟင်းလျာများ ကျွေးသော်လည်း မစား၊ ညဘက် အချိန်မတော် ထ၍ ထ၍ စားနေခြင်းပင် ဖြစ်သည်။ ပို၍ ထူးခြားသည်မှာ မိုးကုန်ခါနီးက သိပ်ထားသော ငါးစင်ရိုင်းငါးပိ အစိတ်ဂင်အိုးမှာ ဒေါ်ရွှေသော့ အစိမ်းစားပစ်သဖြင့် ဖင်ကပ်မျှသာ ကျန်တော့သည်၊ ငါးပိများ အစိမ်းစားနေသည်ကို မောင်ထွန်းဦး မျက်စိဖြင့် တပ်အပ် နှစ်ကြိမ်သုံးကြိမ် မြင်ခဲ့ရသည်။

သို့အတွက် စကားကြုံတိုင်း ရွာထဲက လူကြီးများကို မောင်ထွန်းဦး ပြောပြမိသည်။ ရွာလူကြီးများကမူ မောင်ထွန်းဦး ကို အားနာ၍ ပြန်မပြောဘဲ နေခဲ့သည်။ တစ်နေ့တွင်–



www.burmeseclassic.com

www.burmeseclassic.com

"ထွန်းဦး ငါတို့ငယ်ငယ်က ကြားဖူးသလို မင်းအမေ ဖုတ်ဝင်နေတာနဲ့ တူတယ်ကွယ့်"

"ဟာ ... ဦးကြီးကလည်း မဲ့ဟုတ်ကဟုတ်က ပြောရှော့ မယ်။ ကျွန်တော့်အမေမှ ကျွန်တော့်အမေပါဗျ"

မောင်ထွန်းဦးနှင့် ဆွေမျိုးမကင်းသူ ဦးကြီးထူး၏ စကားကို ကြားခဲ့ရသည်။ သို့သော် မောင်ထွန်းဦးကမူ သူ့အမေ ဖုတ်ဝင်ကြောင်းပြောသည်ကို နည်းနည်းမျှ မယုံကြည်ခဲ့ပေ။

တစ်နေ့တွင် လေ့တွင်းရွာမှ ပယောဂကုဆရာ အဘပု တစ်ယောက် မောင်ထွန်းဦးတို့ အိမ်ရှေ့မှ ဖြတ်သွားသည်။ ဒေါ်ရွှေသော့ အိပ်ရာထက်၌ လဲလျောင်းနေသည်ကိုလည်း မြင်တွေ့ရသည်။ အဘပုလည်း သေချာမှုရှိစေရန် ဦးလွန်းမောင်အား နှုတ်ဆက်သလိုလိုနှင့် ဒေါ်ရွှေသော့ကို လူမမာအဖြစ် ဝင်မေးလိုက်သည်။ ဒေါ်ရွှေသော့ကမူ ပယောဂကုဆရာ အဘပုကို မြင်လိုက်၍ မလိုသော မျက်နှာနှင့် တစ်ဘက်သို့ စောင်းငဲ့သွားလေသည်။

အဘပုက ဒေါ်ရွှေသော့အား ကြည့်ကာ တစ်ချက်ပြုံးလိုက်သည်။

"ကဲ ... ဦးလွန်းမောင်၊ ကျုပ်ပြန်ဦးမယ်၊ ခင်ဗျားလည်း ခဏ လိုက်ခဲ့ဦး၊ ဟဲ့ ... ဒါနဲ့ မောင်ထွန်းဦးလဲ မမြင်ပါလား"





"နွားရေသွားခပ်တယ် အဘပု"

"အေး ... အေး ပြန်လာရင် ရွာလူကြီး ဦးသာအိမ်ကို လွှတ်လိုက်ဦး ခင်တင့်"

ပယောဂကုဆရာကြီး အဘပုလည်း ဒေါ်ရွှေသော့၏ ခင်ပွန်း ဦးလွန်းမောင်အား ခေါ်ဆောင်၍ လာခဲ့သည်။ ထို့အတူ ဒေါ်ရွှေသော့၏သား မောင်ထွန်းဦးလည်း လိုက်ခဲ့ရန် သူ့ဇနီး မခင်တင့်ကို မှာခဲ့သည်။ လမ်းသွားရင်း အဘပုနှင့် ဦးလွန်းမောင်တို့ စကား မပြောဖြစ်ကြ။ မောင်ထွန်းဦးလည်း အဘပုတို့ နောက်မှ သုတ်သုတ်နှင့် လိုက်လာသည်။

"အဘပုနဲ့ ဘကြီးလွန်းမောင်တို့ သားအဖပါလား။ အကြောင်းထူးကိစ္စ ပေါ်လာပြီနဲ့ တူတယ်၊ လာထိုင်ကြဗျာ"

အိမ်ပေါက်ဝသို့ ဝင်သည်နှင့် ရွာလူကြီး ဦးသာက ဆီးကြိုနှုတ်ဆက်လိုက်သည်။ အဘပုတို့ သုံးဦးသား အိမ်ရှေ့ ကွပ်ပျစ်တွင် ထိုင်မိကြသည်။ ကွပ်ပျစ်ကြမ်း မနွေးမီမှာပင် အဘပုက စတင် စကားဆိုလိုက်သည်။

"ကဲ ... ဦးလွန်းမောင်နဲ့ မောင်ထွန်းဦးရေ၊ အဘ ပြောရမှာတော့ အားနာတယ်၊ မပြောလို့လည်း မဖြစ်ဘူး"

"အဘပု ကျွန်တော်တို့သားအဖကို ဘာပြောစရာရှိလို့လဲ ပြောစရာရှိရင် ပြောပါ အားမနာပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com

"မင်းအမေကိစ္စပါကွာ၊ အဘပု မပြောခင် မင်းအမေရဲ့ ကျန်းမာရေးအခြေအနေနဲ့ မင်းတို့ မြင်တွေ့ရတာအားလုံး ပြောပြပါဦး"

အဘပုလည်း ပိုမိုတိကျ သေချာမှုရှိစေရန် ဒေါ်ရွှေသော့၏ အခြေအနေမှန်သမျှကို မောင်ထွန်းဦးထံမှ မေးမြန်းလိုက်သည်။ မောင်ထွန်းဦးလည်း မိခင်ဒေါ်ရွှေသော့နှင့် ပတ်သက်သမျှ ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်သည်။

"ဒါဆိုရင်တော့ မင်းအမေ ဖုတ်ဝင်နေတာ သေချာနေပြီကွ"

"ဗျာ"

"ဦးလွန်းမောင်နှင့် မောင်ထွန်းဦးတို့ သားအဖနှစ်ဦး ပါးစပ် အဟောင်းသားနှင့် အံ့အားသင့်သွားကြသည်။

"ဟုတ်ရဲ့လား အဘပုရာ"

အဘပုကလည်း ဒေါ်ရွှေသော့ ဖုတ်ဝင်နေကြောင်း အခိုင်အမာ ပြောဆိုသည်။ ရွာလူကြီး ဦးသာအား သက်သေထား၍ အဘပု၊ ၁ သူ့အစီအစဉ်များကို ပြောပြသည်။ ဦးလွန်းမောင်နှင့် မောင်ထွန်းဦးတို့လည်း အဘပု၏အစီအစဉ်ကို လက်ခံ သဘောတူကြရသည်။





"အမေ့ကို မရိုက်မနှက်ဘဲနဲ့ ဖုတ်ထုတ်ပေးမယ် ဆိုရင်တော့ ...."

"စိတ်ချပါ မောင်ထွန်းဦးရယ်၊ မင်းအမေကို လက်ဖျားနဲ့တောင် မတို့ပါဘူး။ ဟောဒီ သိမ်ဝင်ပုတီးစွပ်ပြီး၊ ရေမန်းပက်ဖျန်းပေးမှာပါ။ မင်းတို့ သဘောမတူရင် ပြဿနာဖြစ်မှာစိုးလို့ ဦးသာအိမ်မှာ ခေါ်ပြောရတာ"

အဘပု အစီအစဉ်အတိုင်း ရွာဦးကျောင်းမှအခေါင်းဟောင်းတစ်ခုကို ခါးပိုင်ရွာမှ ကာလသားများ အကူအညီဖြင့် ဦးလွန်းမောင်အိမ်သို့ ယူစေသည်။ မီးသဂြိုဟ်ရန် သုသာန်တွင် ထင်းများစီစဉ်ခိုင်းသည်။ ထို့နောက် အဘပုနှင့် ဦလွန်းမောင်တို့သားအဖ ရွာလူကြီး ဦးသာတို့နှင့်အတူ ဒေါ်ရွှေသော့ရှိရာသို့ လာကြသည်။ ဒေါ်ရွှေသော့အနီးသို့ အဘပုတို့အဖွဲ့ ရောက်သည်နှင့်ပင် -

"ဟီး ... ဟီး ... ဟီး"

ဒေါ်ရွှေသော့ခမျာ ချုံးပွဲချ ငိုတော့သည်။ ထိုစဉ် အဘပုက ဒေါ်ရွှေသော့အား ကြည့်လျက် ဝင်နေသော ဖုတ်အား ဆုံးမစကား ပြောသည်။

"ကဲ ... ငိုမနေနဲ့တော့၊ အသင်လည်း ဒီအိမ်သားတွေကို ဒုက္ခပေးရတာ ကြာသွားပြီ။ ဒီရွာမှာနေလို့ မဖြစ်ဘူး။ ငါပြုသမျှ ကုသိုလ်အဖို့ဘာဂကို အမျှပေးမယ်၊ လွတ်ရာကျွတ်ရာ သွားပေတော့"



www.burmeseclassic.com

www.burmeseclassic.com

အဘပုသည် သောက်ရေခွက်တစ်ခွက်ကို ခပ်၍ တတွတ်တွတ်နှင့် မန်းပြီး ပုတီးကို အရင်စွပ်ပေးလိုက်သည်။ ထို့နောက် ရေမန်းနှင့် ဒေါ်ရွှေသော့၏ ခန္ဓာကိုယ်ကို ပက်ဖျန်းပေးလိုက်သည်။ ဒေါ်ရွှေသော့ခမျာ ဘာမျှ ပြန်မပြောတော့ဘဲ တညည်းညည်း တညူညူနှင့် လူးလွန့်နေသည်။ အချိန်အနည်းငယ်မျှအကြာတွင် ဒေါ်ရွှေသော့၏ ခန္ဓာကိုယ်ကြီးမှာ ငြိမ်သက်သွား၏။ အဘပု ဖုတ်ထုတ်သည်ကို ကြည့်နေသော ပရိသတ်များလည်း ငြိမ်သက်စွာဖြင့် ကြည့်နေကြသည်။

"ဟင်" "အို" "ဟင် ... နံလိုက်တာ"

ဒေါ်ရွှေသော့၏ ခန္ဓာကိုယ်မှ အသားအရေများမှာ ရှိရွဲနေပြီး အပုပ်နံ့ပင် ထွက်နေသဖြင့် အနီးအနားမှ ပရိသတ်များလည်း နှာခေါင်းပိတ်လျက် အံ့သြခြင်းများစွာ ဖြစ်နေသည်။ ဦးလွန်းမောင်နှင့် မောင်ထွန်းဦးတို့သားအဖလည်း ဒေါ်ရွှေသော့၏ ခန္ဓာကိုယ်ကြီးကို ကြည့်ကာ မှင်တက်မိနေသည်။ ထိုအခါ အဘပုက သူ့အစီအစဉ်အတိုင်း ကာလသားများကို ခေါ်လိုက်သည်။

"ဟေး ... လာကြ အခေါင်း မြန်မြန်ယူခဲ့ကြကွ"

"ကဲ ... ဦးလွန်းမောင်နဲ့ မောင်ထွန်းဦးတို့လည်း အံ့သြမင်နည်းမနေကြနဲ့၊ သင်္ဂြိုဟ်ဖို့ကိစ္စ စီစဉ်ကြရအောင်"





ဒေါ်ရွှေသော့ ဖုတ်ထုတ်လိုက်သည်ကို တစ်ရွာလုံး အုန်းအုန်း ကျွက်ကျွက် ဖြစ်သွားသည်။ သမီးများကမူ အသံကုန်ဟစ်၍ ငိုကြွေးကြသည်။ ပုပ်စော်နံ၍ ရှိရွဲနေသော ဒေါ်ရွှေသော့၏ အလောင်းကိုမူ နေ့ချင်းပြီး ချက်ချင်း သင်္ဂြိုဟ်လိုက်ကြရလေတော့သည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## ပြဿနာဘဝမရောက်မီတဘုံဌာနရှာခဲ့ရသူ

ဒုတိယကမ္ဘာစစ် မဖြစ်မီအချိန်က ဦးဘဖြူနှင့် ဒေါ်မြရှင်တို့ မိသားစုသည် ရန်ကုန်မြို့၊ မြေနီကုန်းတွင် နေထိုင်ခဲ့ကြသည်။ ဦးဘဖြူနှင့် ဒေါ်မြရှင်တို့တွင် မညွန့်တင်နှင့် မညွန့်ရှင်အမည်ရှိ သမီးနှစ်ယောက် ထွန်းကားခဲ့သည်။

ထိုစဉ်က မြေနီကုန်းဝန်းကျင်ဒေသနှင့် ယခု ဝင်ဒါမီယာဝန်းကျင်နေရာတို့သည် စည်စည်ကားကား မရှိ။ တိုက်တာနေအိမ်အဆောက်အဦများပင် ခပ်ကျဲကျဲမျှသာ ရှိသည်။ ထို့အတူ သစ်ကြီးဝါးကြီးများ ပေါက်ရောက်နေသဖြင့် တောရွာကြီးတစ်ရွာမျှသာသာ ဖြစ်သည်။

သွားလာရန် ကားစီးရေပမာဏမှာလည်း လွန်စွာမှ နည်းပါးလှသည်။ ၎င်းအတွက် လူခြေတိတ်သည့် ဆိတ်ငြိမ်သောနေရာ ဖြစ်ခဲ့သည်။





ဦးဘဖြူနှင့် ဒေါ်မြရှင်တို့ ဇနီးမောင်နှံမှာ ၎င်းအရပ်ဒေသမှပင် ရွှေတိဂုံဘုရားသို့ ခြေလျင်လျှောက်၍ နို့ဗူးနံကုန်ပစ္စည်းများကို ရောင်းချကာ အသက်မွေးဝမ်းကျောင်း ပြုကြသည်။ ဒေါ်မြရှင်မှာ ခွဲလုံ့လရှိသူပီပီကြိုးစားသည်။ နံနက်စောစော အိပ်ရာမှ ထကာ ထမင်းဟင်းများ ချက်ပြုတ်၍ ဈေးရောင်းထွက်သည်။

ရွှေတိဂုံဘုရားကို အမှီပြု၍ ဘုရားဖူးလာသူများအား ချိုသာသော အသံစာစာကလေးဖြင့် လိမ္မာယဉ်ကျေးစွာ ခေါ်ယူရောင်းချလေ့ ရှိသည်။ ဒေါ်မြရှင်သည် ရိုးသားသူ၊ ကြိုးစားသူ၊ စေတနာပါသူပီပီ ပစ္စည်းကောင်းများကို ဈေးမှန်ရောင်းချခဲ့သဖြင့် ဘုရားဖူးရင်း ဈေးဝယ်လာသူများနှင့် မိတ်ဆွေဖြစ်လျက်ရှိသည်။ ထို့အတူ ဒေါ်မြရှင်မှာ စကားပြောကောင်းသူ ဖြစ်သဖြင့် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာသူများနှင့်ပင် ခင်မင်ရင်းနှီးနေသည်။ ဖောက်သည်ဖြစ်နေသည်။

ဒေါ်မြရှင်၏ ကြိုးစားမှုကြောင့် ဦးဘဖြူတို့ ဇနီးမောင်နှံမှာ တရိပ်ရိပ်နှင့် စီးပွားတက်လာသည်။ သို့သော် ဒေါ်မြရှင်မှာ ငြိမ်းသာလိုစိတ်ဖြင့် ကြိုးစားခဲ့ရာမှ အသက်အရွယ်က ထောက်လာသည်။ စိတ်အလိုကို လူက မလိုက်နိုင်ဘဲ ဖြစ်ခဲ့ရသည်။ ဒေါ်မြရှင်ခမျာ စီးပွားရေးတက်လာခဲ့သော်လည်း သူ၏ ကျန်းမာ



www.burmeseclassic.com

www.burmeseclassic.com



ရေး အခြေအနေကား တစ်နေ့တစ်ခြား ဆုတ်ယုတ်လာခဲ့သည်။ သို့သော် ဒေါ်မြရှင်မှာ သူ၏ ကျန်းမာရေး ချို့တဲ့မှုကို ခေတ္တမျှသာ ဖြစ်မည်ဟု ထင်မှတ်လျက် နိစ္စဓူဝ ကိစ္စမှန်သမျှ ဆောင်ရွက်မြဲ ဆောင်ရွက်ခဲ့သည်။

နောက်ဆုံး ဒေါ်မြရှင်တစ်ယောက် အိပ်ရာထက် ဘုန်းဘုန်း လဲတော့သည်။ ထိုခေတ်က ငွေကြေးအသင့်အတင့် အဆင်ပြေရုံ မျှနှင့် ဆရာဝန်အား အိမ်ခေါ်၍ ကုသလေ့မရှိသဖြင့် ဒေါ်မြရှင် လည်း ဗမာဆေးဖြင့်သာ ကုသနေခဲ့သည်။ သို့သော် ကျန်းမာရေး အခြေအနေမှာ တိုးတက်၍ မလာဘဲ ဆုတ်ယုတ်လျက်သာ ရှိတော့သည်။

ဓာတ်စာအဖြစ် ဆေးဆရာက စားခိုင်းသည့် အသီးအနှံများ ကိုပင် မစားနိုင်တော့ပေ။ ကျန်းမာစဉ်က ဝဝဖြိုးဖြိုးရှိခဲ့သော ဒေါ်မြရှင်မှာ ယခုအခါ အရိုးပေါ် အရေဖုံးလျက်သာ ရှိသည်၊ သူ၏ စကားတို့မှာလည်း တိုးညှင်းလှသဖြင့် ပီပီသသ မရှိ တော့ပေ။

ခင်ပွန်းဖြစ်သူ ဦးဘဖြူနှင့် မိသားစုကမူ ဒေါ်မြရှင်အား နေ့သေမလား၊ ညသေလေမလားနှင့် စိုးရိမ်စိတ်ကြီးစွာဖြင့် စောင့်စားကာ နေရသည်။

တစ်နေ့သော နံနက်တွင်မူ





"အမယ်လေး လာကြပါဦး၊ အဖေ မြန်မြန်လာပါဦး၊ အမေ အသက်မရှုတော့ဘူး၊ အမေ ... အမေ သမီးတို့ကို ထားခဲ့ပြီလား၊ ဟီး ... ဟီး ... ဟီး"

သမီးငယ်ဖြစ်သူ မညွန့်ရှင်၏ အော်ဟစ်ခေါ်သံနှင့် ငိုသံ တို့ကြောင့် ဦးဘဖြူတို့ တစ်အိမ်လုံး ဆူညံသွားသည်။ မိသားစု အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်လျက် ဒေါ်မြရှင်ရှိရာသို့ စုအုံ ရောက်ရှိလာကြသည်။

"အမေရေ ... အီးဟီး၊ အမေ့ အမေ့ အမေ့ကို မကယ်နိုင် တော့ဘူးလား၊ ဟီး ... အီး ... ဟီး"

ဒေါ်မြရှင်အနီးသို့ ရောက်ရှိလာသူ သမီးကြီး မညွန့်တင် ကလည်း ဖခင်၏လက်ကို ကိုင်ကာ အသံကုန်ဟစ်၍ ငိုကြွေး လေတော့သည်။ ခင်ပွန်းဖြစ်သူ ဦးဘဖြူကမူ ဇနီးအား မျက်တောင်မခတ်ဘဲ ငေးစိုက်ကြည့်လျက်သာရှိသည်။ အတန်ငယ် ကြာမှ ဇနီး၏နဖူးကို ဖွဖွလေးကိုင်ကာ –

"အော် ... မမြရှင်၊ မမြရှင်၊ လူ့ဘဝသက်တမ်းစေ့အောင် တောင် နေမသွားရပါလားကွယ်"

တိုးညှင်းလှသည့် စကားသံသည် ဦးဘဖြူ နှုတ်ခမ်းဖျားမှ ထွက်ပေါ်လာသည်။ ရင်တွင်း၌လည်း ပူလောင် ကြေကွဲသော ဝေဒနာအစိုင်အခဲကြီးတစ်ခု ဖြစ်ပေါ်နေဟန် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

သမီးဖြစ်သူ မညွန့်တင်နှင့် မညွန့်ရှင်တို့နှစ်ယောက်ကမူ ငယ်ရွယ်သူများပီပီ ဝမ်းနည်းကြေကွဲလျက် သံကုန်ဟစ်၍ ငိုကြွေးနေကြဆဲပင်။

ဒေါ်မြရှင်မှာမူ သူ့စိတ်အလိုအတိုင်း ကြံတောသုသာန်ဆီသို့ ရောက်ရှိနေသည်။ သုသာန်၌ လှည့်လည်ကြည့်ရှုနေသည်။ သုသာန်မြေနေရာအသီးသီးတွင် ကွယ်လွန်သူ မိတ်ဆွေသင်္ဂဟဆွေမျိုးများကို တွေ့ရသည်။ ထို့အတူ သူမမြင်ဘူးသည့် မျက်နှာစိမ်းများကိုလည်း တွေ့ရသည်။

မကွယ်လွန်မီက လူ့ဘဝကကဲ့သို့ ပုံသဏ္ဌာန်ရှိသူများကိုလည်း တွေ့ရသည်။ အချို့မှာ မျက်နှာပုံသဏ္ဌာန်သာ တူညီ၍ ခန္ဓာကိုယ် အစိတ်အပိုင်းများက ပြောင်းလဲနေသည်။ နီ၍ ကြမ်းရှည်သော အမွေးများ ပေါက်နေသည့်သူများကို လည်းကောင်း၊ တစ်ကိုယ်လုံးတွင် အမွေးများပေါက်လျက် ခြေသည်း လက်သည်းရှည်ကြီးများနှင့်လည်းကောင်း၊ ဆံပင်ဖားလျားချ၍ အစွယ်များ ရှည်ထွက်နေကြသူများကို လည်းကောင်း ဒေါ်မြရှင် တွေ့မြင်ရသဖြင့် ကြောက်လန့်သွားသည်။

ထိုသူတို့အနီးသို့သွားလျှင် အားလုံးက နှင်ထုတ်ကြသည်။ ဒေါ်မြရှင်အား လက်ခံလိုသည့် သူ တစ်ဦးမျှ မရှိ။ ရှေ့သို့ဆက်၍ မသွားရဲအောင် ဖြစ်နေသည်။ ထိုစဉ် –





"ဟဲ့ ... မြရှင် နင်နေစရာ မရသေးဘူးလား၊ ဟောဟို ကုက္ကိုပင်ကြီးအောက်မှာ နင်တို့အတွက် နေစရာပေးနေတယ်၊ အဲဒီကိုသွားတောင်းဟဲ့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ဒေါ်ကြီးကြွေ"

လူ့ဘဝက မန်းမရွေး၊ ပေါက်ပေါက်ဆုပ် ရောင်းခဲ့သည့် ကွယ်လွန်သူ ဒေါ်ကြွေနှင့် အမှတ်မထင် တွေ့၍ လမ်းညွှန်ပေးသဖြင့် ကုက္ကိုပင်ကြီးဆီသို့ သွားသည်။ ကုက္ကိုပင်ကြီးအောက်တွင်မူ နှုတ်ခမ်းမွေးကားကား၊ ရောင်ထုံးနှင့် ခါးတောင်းကျိုက်ထားသည့် လူကြီးက သရဲတစ္ဆေအသစ်များကို နေရာချထားပေးနေသည်။

နေရာရရန် တန်းစီနေသည့် သူများကလည်း များပြားလှသည်။ ဒေါ်မြရှင်မှာ နောက်ဆုံးမှ တန်းစီသူဖြစ်သဖြင့် သူ့နောက်တွင် တစ်ယောက်မျှ မရှိ။ သို့အတွက် အခြားသူများကိုကျော်၍ တန်းစီသည်။ ဒေါ်မြရှင်ကို အင်အားကြီးမားသူတို့က မောင်းထုတ်ကြသည်။ ငယ်ရွယ်သူများကမူ နှုတ်မှ တဖွဖွ ပြောဆိုရေရွတ်လျက် မကျေမနပ် ဖြစ်ကြသည်။ သို့တိုင် ဒေါ်မြရှင်ကမူ နေရာရရန် အကြိမ်ကြိမ် ကြိုးစားသည်။ ဒေါ်မြရှင်အား အခြားသူများက လုံးဝ ခွင့်မပြုကြပေ။ ကြာတော့ ဒေါ်မြရှင်လည်း စိတ်ဓာတ်ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးအကြိမ်အဖြစ် တန်းကျော်စီရန် ကြိုးစားစဉ် ဝတ်ရုံအဖြူဝတ်ဆင်ထားသည့် အဘိုးအိုတစ်ဦးကို ဒေါ်မြရှင် တွေ့လိုက်ရသည်။ ထိုအဘိုးအိုကြီးကလည်း ဒေါ်မြရှင်အား တွေ့သွား၏။

"ဟိုကလေးမ ဒီကို ဘာလာလုပ်နေတာလဲ"

"ဒီမှာ နေရာရဖို့ တန်းလာစီတာပေါ့ အဘိုးရဲ့"

အဘိုးအိုကြီးအမေးကို ဒေါ်မြရှင်က ဘုဆတ်ဆတ် ပြန်ပြောသည်။ ထို့နောက် အဘိုးအိုကြီးက ဒေါ်မြရှင်အား သေချာစွာ စူးစိုက်ကြည့်လျက် –

"ကလေးမ ပြန်တော့၊ ဒီနေရာက နင်နဲ့ ဘာမှ မဆိုင်ဘူး"

"အို ... အဘိုးကလည်း နေရာမရရတဲ့အထိ ဒုက္ခပါပဲ"

"တယ် ... ဒီကလေးမ ဘာမှန်းမသိ နေရာလာယူနေ၊ ငါ တယ် လုပ်လိုက်ရ"

အဘိုးအိုကြီးက ပြောပြောဆိုဆို တောင်ဝှေးနှင့် လိုက်ရိုက်သည်။ ကြိုတောသုသာန်အပြင်ဘက်သို့ ရောက်သည့်တိုင် အဘိုးအိုက ဒေါ်မြရှင်အား လိုက်ရိုက်နေသည်။ နောက်ဆုံး ဒေါ်မြရှင် နေအိမ်ရောက်မှ အဘိုးအိုက လိုက်ရာမှ ရပ်သွားသည်။





ထိုအခါ ဒေါ်မြရှင်မှာ သတိမေ့မြောနေရာမှ ပြန်လည် သက်ဝင်လာသည်။ ဒေါ်မြရှင်၏ ခင်ပွန်း ဦးဘဖြူနှင့် သမီးတို့မှာ ပရိဒေဝမီး တောက်လောင်နေကြသဖြင့် ဒေါ်မြရှင် တစ်ချက်တစ်ချက် ခြေလက်ကလေးများ လှုပ်ရှားလာသည်ကိုပင် သတိမထားမိတော့ချေ။

"ရေ ... ရေ ... ပေးကြပါ၊ သမီး ရေပေးပါ"

ဒေါ်မြရှင်၏ နှုတ်ခမ်းဖျားမှ တိုးညှင်းစွာ ထွက်ပေါ်လာသည့် အသံကို ကြားရမှ အားလုံး အံ့အားသင့်သွားကြသည်။ မိခင်၏ အလောင်းကို ငေးစိုက်ကြည့်ကာ ကြောင်နေကြသည်။

"ဟဲ့ ... သမီး နင့်အမေ မသေဘူး၊ ရေသွားခပ်ကြစမ်း"

သမီးကြီး မညွန့်တင်က သောက်ရေတစ်ခွက်ကို အပြေးအလွှား ခပ်၍ မိခင်အား တိုက်သည်။

"သမီး အရမ်းမတိုက်နဲ့ သီးနေမယ်၊ ဇွန်းစကလေး ဆွတ်ပြီးတိုက်"

ဖခင်ကြီးပြောသည့်အတိုင်းပင် မညွန့်တင်က မိခင် ဒေါ်မြရှင်အား ရေစက်ချ၍ ပေးသည်။ ဒေါ်မြရှင်မှာ ပြေးလွှားလာရသဖြင့် မောနေ၏။ တဖြည်းဖြည်း အမောပြေသွားသည်။ ဒေါ်မြရှင် တကယ် မသေတော့ပါ။ မြောနေရာမှ ပြန်လည် သက်ဝင်လာသည်။ နှစ်နာရီ၊ သုံးနာရီခန့် ကြာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မိသားစုအားလုံးလည်း သေရာမှ ရှင်လာသည့် ဒေါ်မြရှင်အတွက် အားလုံး ဝမ်းသာနေကြသည်။

နောင်တွင် ကျန်းမာလာသည့်အခါ ဒေါ်မြရှင်သည် စီးပွားရေးကို အာရုံစိုက်၍ လောဘကြီးသည့်စိတ်၊ ဝန်တိုဇိတ်တို့ကြောင့် သရဲတစ္ဆေဘဝ ခေတ္တခဏရောက်ခဲ့သည့်တိုင် နေစရာရှာခဲ့ရကြောင်း အသိမိတ်ဆွေများအား တဖွဖွ ပြောပြလျက် ရှိနေပေတော့သည်။

● ● ●



## ကျောက်နီတုန်းရွာသစ်တအငြိမ့်ပွဲ

"ဗျို့ ... ကိုရင်၊ ဗျို့ ... ကိုရင်"

ညီအစ်ကို မသိတသိအချိန်၌ ဦးဖေခင်တစ်ယောက် အရိုးလှခင်အိမ်သို့သွားစဉ် သူ့နောက်မှ လူနှစ်ယောက်က လှမ်းခေါ်နေ၏။ ဦးဖေခင်လည်း သူမသိသော လူစိမ်းများမို့ သတိပြု၍ နောက်သို့ လှည့်ကြည့်လိုက်မိ၏။ ထို့နောက် -

"ကျုပ်ကို ခေါ်တာလား"

"ဟုတ်သပ ကိုရင်ရေ၊ ဟုတ်ပ"

ဦးဖေခင်လည်း လူစိမ်းနှစ်ဦးအား ပြန်လှန်မေးခွန်းထုတ်ပြီး သူ့အားခေါ်ကြောင်း သေချာမှ ခြေစုံရပ်၍ နောက်သို့ လှည့်လိုက်၏။

လူစိမ်းနှစ်ဦးအား အကဲခတ်သော ကြည့်နည်းဖြင့် ရူးစိုက်ကြည့်လိုက်သည်။ တစ်ဦးက ခေါင်းထုံးကို တစ်ပတ်လျှိုထုံးလျက်



www.burmeseclassic.com

www.burmeseclassic.com

တိုက်ပုံအင်္ကျီကဲ့သို့သောအဝတ်ကို ဝတ်ထား၏။ ညာဘက်ပခုံးတွင်မူ ခပ်နွမ်းနွမ်း လွယ်အိတ်ဟောင်းတစ်လုံးကို လွယ်ထား၏။ နောက်တစ်ယောက်ကမူ ညစ်နွမ်းသော အင်္ကျီအဝတ်အစားနှင့် တောင်ရှည်ပုဆိုးကွက်ကျဲကို ဝတ်ထားသည်။ ထူးခြားသည်မှာ လူစိမ်းနှစ်ဦးစလုံး၏ မျက်လုံးအစုံတို့မှာ စူးရှတောက်ပလှသည်။ သို့သော် နှစ်ဦးစလုံး၏ ခြေထောက်တွင်မူ ဖိနပ်မပါချေ။

"ဘာအကြောင်းများလဲ ဆိုပါဦး နောင်ကြီးတို့ရဲ့"

ထိုစဉ်က နယ်ချဲ့အင်္ဂလိပ်များ အုပ်စိုးစဉ်ကာလဖြစ်၍ တောကြောင်ဓားပြများရန်ကမအေး။ သို့အတွက် ဦးဖေခင်လည်း လူစိမ်းများအား အနီးသို့ အကပ်မခံဘဲ ခပ်လှမ်းလှမ်းမှ မေးလိုက်သည်။

"အကြောင်းထူးရယ်လို့ မရှိပါဘူး ကိုရင်၊ ဒီမြို့မှာ အငြိမ့်ထောင်လေး ဘာလေးများ ရှိမလားလို့"

"အငြိမ့်ထောင်ဦးဘဟန်ရဲ့ ရွှေခြံသူမမြိုင်အငြိမ့်ဆိုတာတော့ ရှိတယ်။ ဒါနဲ့ နောင်ကြီးတို့က ဘာအကြောင်းရှိလို့တုန်း"

"ဒီလိုလေ ကိုရင်ရဲ့၊ ကျုပ်တို့ရွာသစ်တည်ပွဲအတွက် အငြိမ့်ငှားချင်လို့၊ အငြိမ့်ထောင်အိမ်ကို လမ်းညွှန်ပါဦးဗျ"

"ဒီကနေ ရှေ့နည်းနည်းလျှောက်သွားဗျာ၊ တစ်လမ်းကျော်ရင် နောက်တစ်လမ်းက လမ်းဆုံနေရာ၊ လမ်းဆုံရောက်ရင်





ဘယ်ချိုးပြီး သုံးအိမ်ကျော်ကအိမ်ဟာ အငြိမ့်ထောင်အိမ်ပဲ နောင်ကြီးတို့"

ဦးဖေခင်လည်း လူစိမ်းနှစ်ဦးအား အငြိမ့်ထောင်ဦးဘဟန်အိမ်သို့ စိတ်ရှည်လက်ရှည် ညွှန်ပြခဲ့သည်။ ရောင်ထုံးနှင့်လူစိမ်းက ခေါင်းကိုကုတ်လိုက်၏။ ဦးဖေခင်လမ်းညွှန်မှုကို နားမလည်သည့် ဟန်အမူအရာကိုပြ၏။

"ကိုရင်လမ်းညွှန်ပေးတာကို ကျေးဇူးတင်ပ၊ ဒါပေမယ့် ကျုပ်တို့က လူစိမ်းတွေဆိုတော့ အိမ်ရှာမတွေ့ရင် ခက်ဦးမယ်။ အဲ... လူစိမ်းတွေဆို ခွေးတွေက ဟောင်တတ်ပါဘိသနဲ့၊ ဖြစ်နိုင်မယ်ဆိုရင် အငြိမ့်ထောင်အိမ်ကို လိုက်ပို့ပေးပါ ကိုရင်"

"ကောင်းပါပြီနောင်ကြီး၊ ပို့မယ့်ပို့ ကူးတို့ထိ ပို့ရသပ"

ဦးဖေခင်သည် လူရိုးလူဖြောင့် ကူညီတတ်သူပီပီ လူစိမ်းနှစ်ဦးအား အငြိမ့်ထောင်ဦးဘဟန်အိမ်သို့ လိုက်ပို့၏။ ဦးဖေခင်နှင့် လူစိမ်းနှစ်ဦးတို့သွားရာ လမ်းတစ်လျှောက် ခွေးများက ဟောင်ကြသည်။ လူစိမ်းနှစ်ဦးကမူ ဦးဖေခင်အားကိုးနှင့် ခပ်ဆိတ်ဆိတ်သာ လိုက်ခဲ့သည်။

"တယ် ဒီခွေးတွေကလည်း ဟောင်လိုက်ညံ့လိုက်တာ"

ဦးဖေခင်က ဘုမသိဘမသိနှင့် ခွေးများကို အပြစ်ပြော... လိုက်သည်။ ခွေးပိုင်ရှင်အချို့က ခွေးဟောင်သံကြောင့် မီးတိုင်...

www.burmeseclassic.com

www.burmeseclassic.com



ငယ်ကလေးကို မြှောက်၍ မေးလိုက်တိုင်း ရွာခံဖြစ်သူ ဦးဖေခင်ကပင် ဒိုင်ခံဖြေရှင်းပေး၏။ သို့နှင့်ပင် ဦးဖေခင်နှင့် လူစိမ်းနှစ်ဦးလည်း အငြိမ့်ထောင် ဦးဘဟန်အိမ်ရှေ့သို့ ရောက်လာ၏။

"ဗျို့ ဦးဘဟန်၊ ဦးဘဟန်"

"ဘယ်သူတွေတုန်း၊ လာကြလေကွယ်"

"လာဗျာ သူ့ခြံထဲ ဝင်သွားကြရအောင်၊ ဦးဘဟန်ကြီး ရှိသားပဲ"

"အိုး ... ဟိုး မလုပ်နဲ့ ကိုရင်ရ၊ ကျုပ်တို့ သူ့အိမ်ခြံထဲ ဝင်လို့မဖြစ်ဘူးဗျ

"ဘာဖြစ်လို့တုန်း နှောင်ကြီးရဲ့၊ ကျုပ်ပါသားပဲ"

"နှောင်ကြီးပါတာတော့ ဟုတ်ပါရဲ့၊ တော်ကြာ ခွေးတွေဆွဲမှဖြင့်"

ဦးဖေခင်က လူစိမ်းနှစ်ဦးကို ဦးဘဟန်အိမ်ခြံအတွင်းသို့ ဝင်ရန် ပြော၏။ လူစိမ်းနှစ်ဦးက ခွေးကို အကြောင်းပြု၍ ခြံထဲမဝင်ရဲကြောင်း ပြောပြသည်။ သို့အတွက် –

"ရွာအနောက်ပိုင်းကမောင်ဖေခင်ပါဗျာ၊ ဟောဒီ ဧည့်သည်နှစ်ယောက်က ဦးဘဟန်နဲ့ တွေ့ချင်လို့တဲ့၊ ထွက်ခဲ့ပါဦး"

"အေး ... အေး ... လာပြီလကွယ့်"





ဦးဘဟန်လည်း ဧည့်သည်ပါသည်ဆိုသဖြင့် ကမန်းကတန်းပင် အိမ်ခြံရှေ့သို့ ထွက်လာ၏။ ဦးဖေခင်နည်းတူ ဦးဘဟန်လည်း လူစိမ်းနှစ်ဦးကို သတိပြု၍ ကြည့်မိသည်။ မြို့ခံဦးဖေခင်ပါလာသဖြင့် ဦးဘဟန်သည် စိတ်ချစွာဖြင့် လူစိမ်းနှစ်ဦးအား အိမ်ထဲသို့ကြွရန် ဖိတ်မန္တကပြုသည်။ လူစိမ်းနှစ်ဦးက အတန်တန်ငြင်းလျက် လာရင်းအကြောင်းကိုသာ ပြောတော့၏။

"အငြိမ့်ထောင်ကြီးဆီလာတာ တခြားအကြောင်းထူးတော့ မရှိပါဘူး။ အငြိမ့်ငှားချင်လို့ပါပဲ၊ ငွေကြေးကတော့ ပူစရာမလိုဘူး၊ ဟောဒီမှာ"

ရောင်ထုံးနှင့်လူစိမ်းက လွယ်အိတ်ထဲမှ ငွေဒင်္ဂါးပြားများကို ထုတ်ပြ၍ မဲဆွယ်လိုက်သည်။ ဦးဘဟန်ရော၊ ဦးဖေခင်ပါ ငွေဒင်္ဂါးများဆီသို့ မျက်လုံးများက ဆုံကျသွားသည်။ မှောင်ရီပျိုးစမို့ လူစိမ်းပြသည့် ငွေဒင်္ဂါးပြားများကား အရောင်တဖိတ်ဖိတ်မတောက်သော်လည်း ထင်ရှားလှ၏။ ဦးဘဟန်လည်း ငွေဒင်္ဂါးပြား အများအပြားကို တွေ့ရ၍ သူ့စိတ်က ယိုဖိတ်သွား၏။

"အငြိမ့်က ဘယ်နေ့အတွက် ငှားမှာလဲ မောင်ရင်တို့ရဲ့"

"ဒီနေ့ညကဖို့ပေါ့ အငြိမ့်ထောင်ကြီးရဲ့"

"ဟေ ... အခုချက်ချင်းကြီးဆိုရင်တော့ မဖြစ်ဘူးကွယ့်"



www.burmeseclassic.com

www.burmeseclassic.com

"အို ... အငြိမ့်ထောင်ကြီးရယ် မဖြစ်ဘူး မပြောပါနဲ့. ဟောဒီအိတ်ထဲကဟာတွေ အကုန်ပေးမယ်ဗျာ၊ ဖြစ်အောင်လုပ်စမ်းပါ"

"ဒါနဲ့ မောင်ရင်တို့ရွာက ဘယ်နားမှာလဲ ဆိုပါဦး"

"ကျောက်နီကုန်းရွာသစ်ကပါ အငြိမ့်ထောင်ကြီးရဲ့"

"အဲဒီရွာ မကြားဘူးပါလား၊ ဘယ်နားမှာလဲ"

"ကျောက်နီကုန်းရွာက ဒီနေ့မှတည်တဲ့ ရွာသစ်ပါ၊ မန်ကျည်းစုနဲ့ လက်ယက္ခရွာကြားမှာ"

"အနီးလေးပဲ၊ ဒါဆို ဆိုင်းသမားတွေနဲ့ အငြိမ့်သားတွေ စုလိုက်ဦးမယ်"

ဦးဘဟန်လည်း ငွေဒင်္ဂါးအား စွဲမက်သည့်လောဘနှင့် သူ့အိမ်တွင်းသို့ အပြေးဝင်သွားကာ ပတ်မကြီးကို တထိထိနှင့် တီးလေတော့၏။ အငြိမ့်ထောင်ကြီး၏ ပတ်မတီးသံ ကြားရုံမျှဖြင့် ဆိုင်းသမားများနှင့် အငြိမ့်သားများ ရောက်ရှိလာ၏။ ဦးဘဟန်လည်း ဆိုင်းသမားများနှင့် အငြိမ့်သားများကို အကျိုးအကြောင်း ရှင်းပြ၍ လှည်းများကို စီစဉ်နိုင်းလေတော့သည်။ လှည်းများ ရောက်လာသည့်အခါ ပစ္စည်းများကို တက်သုတ်ရိုက်တင်ကြသည်။ ထို့နောက် အိမ်ရှေ့သို့ တန်းစီထွက်လာကြသည်။





"ကဲ ... မောင်ရင်တို့ ကျုပ်တို့ကတော့ အဆင်သင့်ဖြစ်ပြီ။ မောင်ရင်တို့က ရှေ့လှည်းပေါ်တက်လိုက်ပြီး လမ်းပြကြပေရော့"

လှစိမ်းနှစ်ဦးအနီးသို့ လှည်းများ ရောက်သွားသည်နှင့် နွားများက လန့်၍နောက်သို့ ဆုတ်သွားသည်။ လှည်းသမားများက နွားများကို စုတ်သတ်၍ ကြိုးဆွဲထားရသည်။

"မြို့အထွက်မှာ ကျုပ်တို့လှည်း ရှိတယ်ဗျ"

"ဟေး ... ကိုရင် ကျုပ်တို့ရွာကို အငြိမ့်လိုက်ကြည့်ပါဦးလား"

"ရော့ဗျို့ အငြိမ့်ထောင်ကြီး ပွဲငှားခ"

ရောင်ထုံးနှင့်လှစိမ်းက ဦးဖေခင်အား ကျောက်နီကုန်းရွာသစ်တည်ပွဲသို့ အငြိမ့်လိုက်ကြည့်ရန် ဖိတ်ခေါ်၏။ ဦးဖေခင်လည်း လှစိမ်း၏ ဖိတ်ခေါ်မှုအရ ဘာမပြော ညာမပြောနှင့် ဦးဘဟန်စီးလာသည့် လှည်းပေါ်သို့ တက်လိုက်သည်။ ထိုစဉ် လှစိမ်းက ဦးဘဟန်အား ပွဲငှားခအဖြစ် သူလွယ်ထားသည့် ငွေဒင်္ဂါးလွယ်အိတ်ပေးသဖြင့် အငန်းမရ ယူထားလိုက်၏။

လှစိမ်းနှစ်ယောက်လည်း ဟန်ပါပါနှင့် မြို့ဝင်ပေါက်ဆီသို့ သွားစဉ် ခွေးတစီစီနှင့် ရှိသည်၊

"ဝမ်းသာလိုက်တာ မောင်ဖေခင်ရယ်၊ မင်းခေါ်လာတဲ့ လူတွေက သူဌေးတွေနဲ့ ... ဘယ်ကွ ဟီ ... ဟိ"



www.burmeseclassic.com

www.burmeseclassic.com

ဦးဘဟန်သည် တစ်ခါမျှ မကိုင်ဘူးသော ငွေဒင်္ဂါးအများအပြားကိုရ၍ ဝမ်းသာနေသည်။ ဦးဖေခင်ကမူ လူစိမ်းများနှင့် ဆေးသွားမှ သတိပြန်ဝင်လာကာ သူ့အိမ်သို့ မပြောခဲ့ရကြောင်း မှတ်မိတော့၏။

"ဦးဘဟန် ဒီလူတွေကြည့်ရတာ တယ်ပြီး မဟန်ဘူးဗျ၊ ခွေးတွေကဟောင်၊ နွားတွေကလန့်နဲ့"

"မင်းကသာမဟန်နေ၊ ဟောဒီမှာပွဲခ ငွေဒင်္ဂါးလွယ်အိတ်ကြီးတောင် ပေးထားဘိ"

မြို့ထိပ်အရောက်တွင် လူစိမ်းနှစ်ဦးက အသင့်စောင့်နေသည့် လှည်းယဉ်ကလေးပေါ်သို့ တက်၍ လမ်းပြခေါ်ဆောင်သွားသည်။ မြို့ပြင်ရောက်သည့်အခါ အနောက်သချိုင်းအနီးမှ ဖြတ်သွားရသည်။ သချိုင်းကုန်းလွန်သည့်အခါ လမ်းမှာ တဖြည်းဖြည်း ကြမ်းလာ၏။

"ဟဲ့ ... အို ဒီနွားနဲ့"

"ဂျိုင်း ဝုန်း ဒုန်း"

နွားငေါက်သံ၊ လှည်းများ ချိုင့်များကျင်းများသို့ ကျ၍ ထွက်ပေါ်လာသည့် အသံများက ဆူညံနေသည်။ သို့သော် လူစိမ်းများစီးလာသည့် လှည်းယဉ်မှာ ချူလုံးသံ တချွင်ချွင်နှင့်ပင်။





"ရှေ့က ဟေး မောင်ရင်တို့၊ မောင်ရင်တို့ ရွာသစ်ကို မရောက်သေးဘူးလားကွယ့်၊ ခရီးက အတော်ပေါက်လာပြီ"

"ဟိုရှေ့နားဆို ရောက်ပါပြီဗျ"

အငြိမ့်ထောင်ဦးဘဟန်က စိတ်မရှည်သဖြင့် ပွဲငှားလာသည့် လူစိမ်းအား လှမ်း၍ အော်မေးလိုက်သည်။ ဦးဘဟန်နှင့်အတူ စီးလာသည့် အငြိမ့်မင်းသမီး ရွှေခြံသူမမြိုင် ကမူ လှည်းလမ်းက ကြမ်းလွန်းသဖြင့် မျက်စိမှိုက်နှာပျက်လျက် စကားပင် မပြောနိုင်။

မကြာမီ အောက်လင်းဓာတ်မီးများနှင့် ထိန်ထိန်ညီးလျက်ရှိသည့် ပွဲဈေးတန်းသို့ ရောက်ရှိလာသည်။ အငြိမ့်စင်ကလည်း အရံသင့်။ အငြိမ့်စင်ဘေးသို့ ကပ်၍ လှည်းများကို ရပ်သည်။ လှည်းပေါ်မှ ဆိုင်းများ၊ အငြိမ့်ပစ္စည်းများကို ချ၍ ပွဲထွက်နိုင်ရန် အလျင်အမြန် ပြင်ဆင်ကြသည်။

ပွဲဈေးတန်းတွင် တဖြည်းဖြည်း လူများ စည်ကားလာသည်။ ပွဲကြည့်ပရိသတ်များလည်း တဖွဲဖွဲနှင့် ရောက်ရှိလာကြသည်။ ထိုစဉ် ဦးဘဟန်တို့လှည်းများမှ နွားများချွတ်၍ ချည်ထားစဉ် ပရိသတ်များကိုကြည့်၍ နွားများ အော်ဟစ်ခုန်ပေါက်ကာ ထွက်ပြေးကုန်သည်။ လှည်းသမားများက နွားများကို ပြေးလိုက်သော်လည်း မမီ။

"ပွဲထွက်ပါတော့ဗျို့"



www.burmeseclassic.com

www.burmeseclassic.com

ပွဲကြည့်ပရိသတ်များက အော်ဟစ်၍ ပြောကြ၏။ သို့အတွက် ဆိုင်းသမားများနှင့်ညှိ၍ ပွဲစတင်ထွက်ရတော့သည်။ ပွဲမထွက်မီ ပွဲငှားလာသည့် လူစိမ်းနှစ်ဦးက ဦးဘဟန်အား သန်းခေါင်ကျော်ထိ ကပေးလျှင် ကျေနပ်ပါပြီဟု လာပြောသွားသည်။

ဆိုင်းသမားများလည်း ပတ်သံဗုံသံပေး၍ ပွဲစထွက်လေတော့သည်။ ပွဲကြည့်ပရိသတ်များမှာ ကလေးအမေ၊ အမယ်အို၊ အဘိုးအို၊ အပျို၊ လူပျိုများနှင့် လူတန်းစားစုံလှသည်။ ရယ်စရာတွေ့လျှင်လည်း ဟက်ဟက်ပက်ပက် ရယ်မောကြ၏။ ညဉ့်နက်လာသည့်အခါ ပွဲကြည့်ပရိသတ်ထဲမှ ကလေးငယ်များနှင့် ပရိသတ်အချို့ တဖြုတ်ဖြုတ်နှင့် ပျောက်သွားသည်။ ဈေးဆိုင်တန်းဘက်မှ ဈေးဆိုင်များနှင့် လူများလည်း ပျောက်ကွယ်သွားသည်။

အငြိမ့်ကလည်း ကကောင်းဆဲ၊ ဆိုင်းကလည်း တီးကောင်းဆဲပင် ဖြစ်သည်။ ဦးဘဟန်ကမူ ပွဲခငွေဒင်္ဂါး လွယ်အိတ်ကို ပိုက်လျက် ပြုံးပျော်နေသည်။ ညဉ့်သန်းခေါင်ကျော် တစ်နာရီ နှစ်နာရီခန့်ပင် ရှိပေပြီ။ သို့အတွက် ဦးဘဟန်တို့ အငြိမ့်အဖွဲ့ ပွဲသိမ်းလိုက်ကြသည်။

အငြိမ့်သားများနှင့် ဆိုင်းသမားအချို့မှာ ဆိုရတီးရနှင့် ခရီးကလည်း ပန်းလာသဖြင့် အိပ်မောကျကုန်၏။ ပတ်မတီးဆရာ





ဦးကျင်တစ်ယောက်သာ ဆေးလိပ်တဖွာဖွာနှင့် မအိပ်ဘဲ ကျန်နေ၏။ ပရိသတ်ထဲမှ အသက်ကြီးကြီး၊ အရွယ်ကြီးကြီးသူများက ကျန်ရှိနေသဖြင့် တမင်မအိပ်ဘဲနေသည်။

အစက ဦးကျင်သည် ဆေးလိပ်ဖွာလျက် ဆိုင်းတီးခ ညကြေး ငွေဒင်္ဂါး ဘယ်နှစ်ပြားရမလဲဟု တွေးနေမိသည်။ ပရိသတ်ဘက်သို့ တစ်ချက် လှမ်းကြည့်လိုက်သောအခါတွင်မူ အချို့လူကြီးများ၏ ပါးစပ်မှ အစွယ်ဖွေးဖွေးကို တွေ့ရသည်။ တဖြည်းဖြည်း ကြည့်ရင်းကြည့်ရင်း ထိုသူတို့၏ မျက်နှာများမှာ ကြောက်စရာကောင်းလာ၏။

"အင်း ... ဒါတွေကတော့ မကောင်းဆိုးဝါးတွေနေမှာ၊ ငါအိပ်လိုက်တာနဲ့တို့တစ်ဖွဲ့သားလုံး စားခံရတော့မယ်၊ မဖြစ်ဘူး၊ မဖြစ်ဘူး"

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

"ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

"တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

"ထိ ... ထိ ... ထိ"


www.burmeseclassic.com

www.burmeseclassic.com

ပတ်မတီးဆရာ ဦးကျင်လည်း ကြောက်ကြောက်လန့်လန့်နှင့် သရဏဂုံသုံးပါးကို ရွတ်ဆိုလျက် ပတ်မကြီးကို တထိထိတီးလိုက်လေတော့သည်။ ထိုစဉ် မီးရောင်များလည်း ပျောက်ကွယ်သွား၏။ ပရိသတ်များကိုလည်း မတွေ့ရတော့။ ပတ်မသံကြောင့် ဆိုင်းသမားများနှင့် အငြိမ့်သားများလည်း နိုးလာသည်။

ဆိုင်းသမားများနှင့် အငြိမ့်သားများထံမှ ဆူညံသံများထွက်ပေါ်လာသည်။ အချို့က ကျောက်စရစ်ခဲများပေါ် ရောက်နေ၍ အချို့ကား ချုံကြားများတွင် ရောက်၍နေ၏။ အချို့မှာ ချုံပုတ်များအကြား ရောက်ရှိနေ၏။ ဆိုင်းများ၊ အငြိမ့်ပစ္စည်းများကမူ တစ်စစီပြန့်ကျဲလျက်ရှိသည်။

"ဗျို့ ... ဦးဘဟန်၊ အငြိမ့်ထောင်ကြီး"

ဆိုင်းသမား၊ အငြိမ့်သမားများက အငြိမ့်ထောင်ဦးဘဟန် ပျောက်နေသဖြင့် အော်၍ခေါ်သည်။ ပြန်ထူးသံ မကြားရသဖြင့် မီးတိုင်ထွန်း၍ ရှာကြရတော့၏။ နံနက်မိုးစင်စင်လင်းခါနီးမှ မြေနီတောင်ပို့တစ်ခုအနီးတွင် ထမိန်စုတ်နှင့် ထုပ်ထားသည့် အိုးခြမ်းပဲ့များကို ပိုက်လျက် တခေါခေါနှင့် အိပ်မောကျနေသည့် ဦးဘဟန်ကို တွေ့ရှိတော့သည်။

နံနက်လင်းမှ ပစ္စည်းပစ္စယများကို တစ်စစီကောက်၍ လူစုကာ စိစစ်ရတော့၏။ လှည်းသမားများလည်း မြို့ပေါ် ပြန်၍ ကိုယ့်နွားကိုယ်ယူကာ ပစ္စည်းများကို ပြန်တိုက်၏။





"ဒီလူတွေ မဟာန်ဘူးလို့ ကျုပ်ပြောသားပဲ၊ ဦးဘဟန်ကြီးကိုက လောဘတက်နေတာ"

"ထင်တော့ အထင်သားကွ၊ အိမ်ထဲဝင်ပါဆိုတော့ မဝင်"

"ဘယ်ဝင်မလဲဗျ၊ ဦးဘဟန်က နေ့စဉ် (၂၄)ပစ္စည်းရွတ်ပြီး ခြံဝိုင်းကို စည်းချထားတာဥစ္စာ၊ ဒီပြင်တွေးမနေပါနဲ့ဗျာ၊ နွေးတွေ ဆူ၊ နွားတွေလန့်နဲ့ ဖြစ်နေတာ ကျုပ်တို့ သတိမထားမိလို့ဗျ"

"အေး ... တိရစ္ဆာန်တွေက မကောင်းဆိုးဝါးတွေကို မြင်ရတယ်ကွ၊ တို့ကသာ မမြင်ရတာ"

"ကျုပ်တို့က ဘုမသိ ဘမသိနဲ့ လိုက်လာရလို့ဗျ၊ ကျောက်နီကုန်းမှန်းသိရင် မလိုက်ပါဘူး၊ အဲဒီနေရာက ကျတ်ကုန်းဗျ။ ကျတ်ကုန်း"

"ကျတ်တွေ လှည့်စားတာ ကျုပ်တို့လူတွေ ခံလိုက်ရတာပေါ့ဗျာ"

ဦးဖေခင်နှင့် ဆိုင်းသမားများ၊ အငြိမ့်သားများကမူ မကောင်းဆိုးဝါးကျတ်ကောင်များ၏ လှည့်စားမှုကို ခံရသဖြင့် မခံချိမခံသာဖြစ်လျက် မြို့သို့ ပြန်ခဲ့ရလေတော့သည်။

• • •


www.burmeseclassic.com

www.burmeseclassic.com

## သရဲပူး၍တသောနတ်တကော်

သုတ်သီလက္ခန်ပါဠိတော် ဗြဟ္မဇာလသုတ်၊ မဟာသီလခန်းတွင် မှန်အတွင်းနတ်သွင်း၍ မေးသည့်အတတ်ပညာ (အာဒါသပဉှာ)၊ အမျိုးသမီးများ၏ကိုယ်၌ နတ်သွင်း၍မေးသည့်အတတ်ပညာ (ကုမာရိကပဉှာ)၊ ကျွန်မ (အခိုင်းအစေ)၏ကိုယ်၌ နတ်သွင်း၍မေးသည့် အတတ်ပညာ (ဒေဝပဉှာ) စသည်တို့ကို ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သည်။

၎င်းအတတ်ပညာမျိုးများသည် ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မမူမီ ရှေးရှေးပဝေသဏီကပင် ရှိခဲ့သည်။

ရှေးခေတ်ကာလများကပင် နတ်ပူး၊ နတ်သွင်း၊ နတ်ခေါ်နိုင်သည့်ဆရာမှာ လွန်စွာနည်းပါးလှသည်။ ယခုခေတ် ယခုအခါကာလများတွင်မူ ဆိုဖွယ်ရာ မရှိပေ။ စစ်မှန်သည့် နတ်ကတော်၊ နတ်ထိန်းများမှာ အလွန့်အလွန်ရှားပါးလှသည်။ အများအားဖြင့် ယနေ့မျက်မှောက်ခေတ်ကာလ နတ်ကတော်၊ နတ်ထိန်းအချို့သည်





အမှန်တကယ် နတ်မဝင်ဘဲ နတ်ဝင်ချင်ယောင်ဆောင်၍ နတ်ကိုကွယ်သူ၊ မကိုးကွယ်သူတို့အား ယုံကြည်လာအောင် သမ်းလည်လှည့်စားကာ စည်းရုံးသွေးဆောင်ကြသည်။ နတ်ဟန်နှိမ့် အတုအယောင်တို့ကို ပြသကြသည်။ နတ်အစစ်များထက် နတ်အတုများ၏ တန်ခိုးက သာလွန်နေတတ်သည်။

အနံ့ကိုစားသောနတ်၊ အငွေ့အသက်ကိုစားသောနတ်၊ သားစိမ်းငါးစိမ်းစားသောနတ်၊ ချက်ပြုတ်ကြော်လှော်ပြီးမှ စားသည့် နတ်ဟူ၍ အမျိုးမျိုးရှိသည်။ ယင်းနတ်အမျိုးအစားများထဲတွင် မီးစားသည့်နတ်၊ အရက်ဆေးလိပ် စသည် သောက်သည့်နတ်ဟူ၍လည်း အတန်းအစား ခွဲခြားထားပြန်သည်။

တကယ့်နတ်များသည် စတိသဘောမျှသာ စားကြသည်။ သို့သော် နတ်ဝင်သည်၊ နတ်ကတော်အတုများကမူ နတ်ကတော်အချင်းချင်း ပြိုင်ဆိုင်လိုသဖြင့် သာမန်လူများ မလုပ်နိုင်သည်တို့ကို လုပ်ပြ၊ စားပြ၊ သောက်ပြကြသည်။ ဥပမာအားဖြင့် အရက်အမူးပြေစေသည့် ထောပတ်၊ ကြောရာဓိမြစ်တို့ကို စား၍ ရမ် (RUM) ကဲ့သို့သော အရက်ပြင်းတစ်ပုလင်းလုံးကုန်အောင် သောက်ပြကြသည်။ ထို့အတူ မီးအပူဒဏ် ခံနိုင်သည့် ငှက်သိုင်းတစ်မျိုးကို လူးလိမ်း၍ မီးရှို့ပြကြ၊ မီးစားပြကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နတ်ပရိသတ်များအား နည်းအမျိုးမျိုးဖြင့် အစွမ်းကုန် လှည့်စားလိမ်လည်နေကြသည်။ အမှန်အားဖြင့် ယုံကြည်သူများ ရှိ၍ လိမ်လည်လှည့်စားသူများ ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ဗုဒ္ဓဘုရားရှင်လက်ထက်တော်က မင်္ဂလိပြိတ္တာအမည်ရှိ နတ်ကတော် အလိမ်အညာတစ်ဦး၏ ဇာတ်ကြောင်းကို ပါရာဇိကကဏ်ပါဠိတော် ဝိနိတဝတ္ထုတွင် ဖော်ပြထားသည်။ ယင်းနတ်ကတော် အလိမ်အညာမသည် နတ်မဝင်ဘဲ ဝင်ချင်ယောင်ဆောင်၍ အချောင်ကြီးပွားလိုသူများအား လိမ်ညာလှည့်ပတ်၍ မိစ္ဆာအယူဝါဒကို ယူစေခဲ့သည်။

၎င်းနတ်ကတော်မ ကွယ်လွန်သည့်အခါတွင်မူ စက်ဆုပ်ရွံရှာဖွယ်ကောင်းသည့် အဆင်းသဏ္ဌာန်ရှိ၍ ခန္ဓာကိုယ်သည် ပုပ်စော်နံလျက် ဂိစ္ဆကုဋ်တောင်ယံကောင်းကင်ထက်ဝယ် ကျီး၊ လင်းတ၊ စွန်တို့၏ ထိုးဆိတ်ခြင်း ခံရသည့် မင်္ဂလိပြိတ္တာမ ဖြစ်ခဲ့ရသည်။

သို့အတွက် ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မမူမီကာလကပင် စတင်၍ ယနေ့တိုင် နတ်ကတော်၊ နတ်ထိန်း အလိမ်အညာများက ရှိနေဆဲပင် ဖြစ်သည်။ စစ်မှန်သည့် နတ်ကတော်၊ နတ်ထိန်းများ ရှိသည်ဆိုသော်လည်း လွန်စွာရှားပါးလှသည်။





စစ်မှန်သော ဗုဒ္ဓဘာသာဝင်တို့သည် နတ်ကိုးကွယ်မှု၊ ပူဇော်ပသမှုတို့ကို တွန်းလှန်ပယ်ဖျက်၍ ကံ, ကံ၏အကျိုး (ကမ္မဿကတာ)ကို လက်ကိုင်ပြုကြသည်။ ယုံကြည်ကြသည်။ နတ်ယုံကြည်မှု၊ ကိုးကွယ်မှု၊ ပူဇော်ပသမှုတို့ကို အစဉ်တစိုက် ထောက်ခံအားပေးသည်မှာ ဗြာဟ္မဏဝါဒပင် ဖြစ်သည်။

နတ်ကိုးကွယ်မှုသည် ဗုဒ္ဓဘာသာနှင့်အတူ ဟိန္ဒူဗြာဟ္မဏဝါဒ အယူအဆအရ ဗြဟ္မာ၊ ပိဿနိုး၊ သိဝ၊ မဟာပိန္နဲ၊ သူရဿတီ စသည့် နတ်များရောနှော၍ မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိလာခဲ့သည်။ အေဒီ (၄)ရာစုမှ (၁၆)ရာစုနှစ်အထိပင် အတွင်း (၃၇)မင်း၊ အပြင် (၃၇)မင်း၊ ဝင်း (၃၇)မင်း (၁၁၁) ပါးသော နတ်မင်းများ ပေါ်ပေါက်လာသည်။ ဒေသဆိုင်ရာ နတ်များပါ ထည့်သွင်းရေတွက်လျှင် မရေမတွက်နိုင်သော နတ်များ အများအပြား ရှိပေသည်။ ယင်းနတ်များသည်ကား နတ်ပြည် (၆)ထပ်နှင့် လုံးဝမသက်ဆိုင်သောနတ်များသာ ဖြစ်ပေသည်။

အများအားဖြင့် အပြင် (၃၇)မင်းနတ်စာရင်းဝင်သူများအား ထောက်ရှုသုံးသပ်လျှင် ကျား၊ မြွေ၊ မီး၊ စိတ္တဇ စသည်တို့နှင့် ကွပ်မျက်ခံရ၍ အသေဆိုးနှင့်သေခဲ့ရသူ (၂၃)ဦး၊ အများရောဂါနှင့်သေသူ (၁၁)ဦး၊ ဘိန်းအရက်ကြောင့်သေသူ (၂)ဦးနှင့် နှာရောဂါကြောင့်သေသူ (၁)ဦးအဖြစ် လေ့လာတွေ့ရှိရ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ၎င်းကဲ့သို့ သေသူများသာ (၃၇)မင်းနတ်စာရင်းဝင်လာကြသည်။

ယင်းနတ်များကို အကြောင်းပြု၍ နတ်ကတော်၊ နတ်ထိန်းများ ပေါ်ပေါက်လာသည်။ နတ်ပွဲများ ကျင်းပလာကြသည်။

'နတ်ကရာကြည့်မောာ' ဆိုသကဲ့သို့ ကျွန်တော်လည်း နတ်ပွဲတွေ့လျှင် အပျင်းပြေကြည့်ရင်း မောခဲ့ရဖူးသည်။

နတ်ပွဲများတွင် သက်ဆိုင်ရာနတ်သီချင်းများနှင့် ဆိုကြ၊ တီးကြ၊ ကကြသည်။ ရုပ်ရှင်မင်းသားဝင်းဦး နာမည်ကြီးစဉ်က နတ်ပွဲများတွင် မှုံရွှေရည်သီချင်းကို နတ်တီးလုံးပြောင်းကာ က[illegible]ကြသည်။ ယခုခေတ်ဆိုလျှင် နာမည်ကြီး ခေတ်ပေါ်စတူဒီယိုသီချင်းများနှင့် နတ်ကတော်များ ကတတ်နေကြပြီဖြစ်သည်။

ဝန်ထမ်းဘဝဖြင့် နယ်တွင် ကျွန်တော် တာဝန်ထမ်းဆောင်စဉ်က နတ်ကတော်တစ်ဦး၏ ထူးဆန်းသည့် အဖြစ်အပျက်တစ်ခုကို ကြားသိခဲ့ရဖူးသည်။ ကျွန်တော် တာဝန်ထမ်းဆောင်ရာ ဒေသတွင် ဗုဒ္ဓဘာသာဝင်များ ရှိသော်လည်း နတ်ကိုးကွယ်ပူဇော်ပသသူများကလည်း အများအပြား ရှိနေပြန်သည်။ လွန်လွန်ကဲကဲပင် နတ်ပူဇော်ကြသည်။ ထိုဒေသတွင် ဝက်သားစားခြင်းကို အိမ်ထောင်စုအလိုက်၊ မိသားစုအလိုက် အထူးရှောင်ကြဉ်ကြရုံမျှမက ဝက်သားစကားပြောလျှင်ပင် အိမ်သို့ အလာမခံ။ အိမ်ပေါ်ရောက်နေလျှင် နှင်ချတတ်သည်။





ကျွန်တော်သည် ဝက်သားအလွန်ကြိုက်သူဖြစ်သဖြင့် အမှတ်မထင် ဝက်သားအကြောင်းပြောမိ၍ အလွန်ခင်မင်ရင်းနှီးသော အိမ်ရှင်မိသားစုက အိမ်ပေါ်မှ နှင်ချခဲ့ဖူးသည်။

နတ်ကိုးကွယ်မှု တစ်ဖက်စွန်းရောက်နေသူများအဖို့ နတ်များကို ယုံကြည်ကိုးစားခြင်းသည် အဆန်းမဟုတ်သကဲ့သို့ နတ်မကြိုက်သည့်အလုပ်ကို ဝေးစွာရှောင်ကြဉ်ခြင်းသည်လည်း အဆန်းမဟုတ်ပေ။ သို့သော် နတ်ကိုးကွယ်သူများသည် နတ်ကတော်များ၊ နတ်ထိန်းများ မဟုတ်ကြသဖြင့် နတ်ကတော်များ၊ နတ်ထိန်းများ၊ နတ်ဝင်သည်များကိုသာ အားထားကြရသည်။

နာမည်ကြီး နတ်ကတော်များ၊ လူအထင်ကြီးအောင် လုပ်ပြတတ်သည့် နတ်ကတော်များကို သူ့ထက်ငါ အပြိုင်ငှားရမ်း၍ နတ်ပွဲများ ကျင်းပပူဇော်ကြရသည်။

ထိုအခါ နတ်ကတော်အချို့တို့သည် နတ်များကို အကြောင်းပြု၍ လိမ်ညာမှု နည်းပရိယာယ်အမျိုးမျိုးဖြင့် နတ်ယုံကြည်သူများ အထင်ကြီးအောင် ယုံကြည်အောင် နတ်တန်ခိုးအတုအယောင်များပြ၍ မြူဆွယ် လာကြတော့သည်။

ထိုစဉ်က အမေရေယဉ်နှင့် အမေဂျမ်းတို့ကို အကြောင်းပြု၍ နတ်ကတော်ယောကျ်ား (မိန်းမစိတ်ဝင်နေသူ) တစ်ဦး ပေါ်လာသည်။ အမေရေယဉ် (အနောက်မယ်တော်)၏ ရုပ်ပုံ


www.burmeseclassic.com

www.burmeseclassic.com

နတ်ရုပ်တု၊ ပန်းချီကား စသည်တို့တွင် လက်တစ်ဖက်ဖြင့် ဓား ရှည်ကိုကိုင်၍ ထမ်းထားသည်။ အမေဂျမ်း၏ရုပ်ပုံ၊ နတ်ရုပ်တု၊ ပန်းချီကား စသည်တို့တွင်မူ ပြောင်းပူးဖက်ဆေးလိပ်က တစ်ဖက် ကိုင်ကာ တစ်ဖက်က ဓားရှည်ကိုကိုင်၍ မြေသို့ထိုးစိုက်ထားသည်။

အမေရေယဉ် (အနောက်မယ်တော်) ဝင်နေသည့် နတ် ကတော်သည် နတ်ဝင်ချိန်တွင် ဖယောင်းတိုင်လေးငါးတိုင်ခန့်ကို လက်တစ်ဖက်စီတွင် ဆုပ်ကိုင်၍ မီးစားပြတတ်သည်ဟုဆိုသည်။

ကျွန်တော်ကြားသိခဲ့ရသည့် နတ်ကတော်ယောကျ်ားသည် လည်း နတ်ကတိုင်း မီးစားပြသည်။ အခြားနတ်ကတော်များထက် သာလွန်ထူးခြားသည်မှာ ငှက်ကြီးတောင်ဓားရှည်ဖြင့် သူ့ဝမ်းဗိုက် ကို သူ ထိုးပြခြင်းပင် ဖြစ်သည်။ အမေရေယဉ် (အနောက် မယ်တော်) ဝင်၍ကခြင်းဖြစ်သည်ဟု ဆိုသည်။ သို့သော် ယင်း နတ်ကတော်ယောကျ်ားသည် အမေရေယဉ်၏ သမိုင်းကြောင်းနှင့် စုန်းတိုက်၊ နတ်တိုက်၊ တစ္ဆေသရဲ၊ မှင်စာ၊ အမှောင့်ပယောဂ များ နိုင်ကြောင်းကိုမူ စိုးစဉ်းမျှသိသူမဟုတ်ပေ။

နာမည်ကြီးနတ်ကတော်များကပင် ယင်းနတ်ကတော် ယောကျ်ားကို လက်သပ်မွေးထားကြရသည်။ ယင်းနတ်ကတော် ယောကျ်ားပါသည့် အဖွဲ့ကိုပင် နတ်ယုံကြည်ကိုးစားသူများက ရွေးချယ်ငှားရမ်းကြလေသည်။





တစ်ခါက ကျေးရွာကြီးတစ်ရွာတွင် ငွေကြေးပြည့်စုံသူ ရွာခံတစ်ဦးက ကမကထပြု၍ ၎င်းအဖွဲ့ကို ငှားရမ်းလာကြသည်။ ထူးထူးခြားခြား ကပြမည့်နတ်ပွဲဖြစ်၍ နတ်ကိုးကွယ်သူ ရွာသူ ရွာသားများက အထူးစိတ်ဝင်စားနေကြသည်။ ယင်းနတ်ပွဲအတွက် ကျယ်ကျယ်ပြန့်ပြန့် ရှိစေရန် ဘုရားစေတီနှင့် ဘုန်းကြီးကျောင်း အနီးကွင်းပြင် ကုက္ကိုပင်ရိပ်တွင် နတ်ကနားထိုးထားကြသည်။

နတ်ပွဲစသည့်နေ့တွင် နတ်ကနားအတွင်းရှိ စင်မြင့်ထက် တွင် သက်ဆိုင်ရာ နတ်ရုပ်တုများနှင့် ပူဇော်ပသမှုဆိုင်ရာ ပစ္စည်းပစ္စယများ စားဖွယ်သောက်ဖွယ်များက အသီးသီး နေရာ ယူထားကြသည်။ နတ်ပွဲစတင်သည့်အခါ၌မူ ဆိုင်းသံ၊ ဗုံသံ၊ နတ်သီချင်းသံတို့က ဆိတ်ငြိမ်မှုကို လွှမ်းမိုးနေရာယူလိုက်ကြ သည်။

အလှည့်ကျ နတ်ကတော်မိန်းမ၊ ယောကျ်ား အသီးသီး တို့လည်း မိမိတို့နှင့် သက်ဆိုင်သည့် နတ်အလိုက် ဆိုကြ၊ တီးကြ၊ ကကြသည်။

အမေရေယဉ် (အနောက်မယ်တော်) အလှည့်သို့ ရောက်ရှိ သည့်အခါတွင်မူ နာမည်ကြီး နတ်ကတော်ယောကျ်ား ပူးဝင် ကပြရမည် ဖြစ်သည်။ နတ်ပွဲကြည့် ပရိသတ်များကလည်း အထူးစိတ်ဝင်စားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

နတ်စင်ပေါ်ရှိ မယ်တော်လေးပါး၏ ရုပ်တုများထဲတွင် မားရှည်ကို ထမ်းထားသည့် အမေရေယဉ် (အနောက်မယ်တော်) လည်း ရှိသည်။ ၎င်းရုပ်တုများရှေ့တွင် မယ်တော်လေးပါးအတွက် အုန်း၊ ငှက်ပျော၊ ကွမ်း၊ လက်ဖက် စသည်တို့ ပါဝင်သည့် ကန်တော့ပွဲတစ်ပွဲနှင့် ထမင်း လေးပန်းကန်၊ အမဲအူစုံ အသည်းစုံဟင်း လေးပန်းကန်၊ ဟင်းရွက်စိမ်း လေးပန်းကန်၊ မတ်စေ့လေးစေ့ထည့်ထားသည့် ရေဖန်ခွက် လေးခွက်၊ မီးညှိထားသည့် ပြောင်းဖူးဖက်ဆေးလိပ် လေးလိပ်၊ မီးထွန်းညှိထားသည့် ဖယောင်းတိုင်လေးတိုင်တို့က အသီးသီး နေရာယူထား၏။

နာမည်ကြီးနတ်ကတော်ယောကျ်ားသည်လည်း အလှည့်ကျ၍ မန္တလေးကြီးစတမ်းဟူသော ပုံစံဖြင့်နတ်ရုပ်တုများကို ဟန်ပါပါနှင့် ကန်တော့သည်။ ထိုစဉ် အမေရေယဉ်နှင့် သက်ဆိုင်သည့် နတ်တီးလုံးများကို တီးခတ် သီဆိုကြသည်။ နတ်ကတော်ယောကျ်ားလည်း ခုန်ပေါက်၍ စည်းချက်ကျအောင် ကရင်းသူ့နှုတ်ဖျားမှ မိန်းမသံကြီးကဲ့သို့ စကားအမျိုးမျိုး ပြောလေတော့သည်။

အတန်ငယ် ကြာသော် နတ်ကတော် ယောကျ်ားသည် နတ်စင်ပေါ်မှ ငှက်ကြီးတောင်မားကိုဆွဲ၍ မားရေးပြတော့သည်။ ဆိုင်းသံ၊ ဗုံသံတို့ဖြင့် စည်းချက်ကျကျ မားရေးကသည်မှာ





အလွန် ကြည့်၍ကောင်းသည်။ နတ်ပွဲကြည့်လာ ပရိသတ်များလည်း စိတ်ဝင်စားစွာဖြင့် ငေးမောကြည့်ရှုနေကြသည်။ နတ်ကတော်ယောကျ်ားလည်း ယခင်က ကခဲ့သည့် နတ်ပွဲများကဲ့သို့ပင် ကရင်း ကရင်းဖြင့် ဝမ်းဗိုက်ကို မားသွားနှင့် မထိတထိ ပွတ်၍ပွတ်၍ ဆွဲသည်။

ထို့နောက် ဝမ်းဗိုက်ကို မားဦးချွန်ဖြင့် ထိုးစိုက်ချလိုက်သည်။

"ဟင်" "အို" "ဟာ"

ပရိသတ်များထဲမှ အာမေဋိတ်သံအမျိုးမျိုး ထွက်လာသည်။ နတ်ကတော်ယောကျ်ားသည် ဝမ်းဗိုက်အား ထိုးစိုက်ထားသည့် မားရှည်ကို ပြန်နှုတ်လိုက်သည့်အခါတွင်မူ သွေးများ ရဲခနဲ ဖြာထွက်လာတော့သည်။ နတ်ကတော်ယောကျ်ားလည်း အားခနဲ တစ်ချက်သာ အော်၍ ခွေကျသွားသည်။

ထိုစဉ် ဘေးတွင်ထိုင်၍ကြည့်နေသည့် နတ်ကတော်၊ နတ်ထိန်းများ ဝိုင်းအုံရောက်ရှိလာကြပြီး ပွေ့ဖက်ခါ ဆေးရုံသို့ ပို့ရန် ပြင်ဆင်ကြတော့သည်။ ကြည့်ရှုနေသည့် ပရိသတ်များထဲမှ အသံများ ဆူညံပွက်လောရိုက်သွားတော့သည်။ ဝေဖန်စကားသံတို့ကို အမျိုးမျိုး ကြားရတော့သည်။

"တကယ်နတ်မဝင်ဘဲ လုပ်ပြတာကိုးကွ"

"ဒီနတ်ကတော် ဘာတွေအများလုပ်ခဲ့မှန်းမှ မသိဘာ"



www.burmeseclassic.com

www.burmeseclassic.com

"အမေရေယခု မီးစားပြတာလေးတောင် မကြည့်လိုက်ရတာ နာသကွာ"

"ဟာ ... နတ်ကန္နားထိုးတဲ့လူတွေ အသုံးမကျတာကွ၊ ဟောဒီသိမ်တိုင်ကြည့်၊ သိမ်ဟောင်းထဲ နတ်ကန္နားထိုးတာ ဟုတ်မှ မဟုတ်ဘဲ၊ မသေကံကောင်းပေါ့ကွာ"

ထိုနေ့က နတ်ကန္နားပွဲ ပျက်သွားသည်။ ဓားဒဏ်ရာရသွားသည့် နတ်ကတော်ယောကျ်ားကိုလည်း နီးစပ်ရာဆေးရုံသို့ အမြန်ပို့လိုက်ကြသည်။ နတ်မယုံကြည်သည့် ရွာသူရွာသားအချို့ကမူ အမျိုးမျိုး ဝေဖန်တိုက်ခိုက်တော့သည်။

"နတ်ကတော်အတုတစ်ယောက်တော့ သွားရှာပြီဟေ့"

"အေးဟဲ့ ... အန္တရာယ်ရှိတဲ့အလုပ်လုပ်ပြပြီး နတ်ဆွယ်တာခံသွားရတာပေါ့"

"အရင်နတ်ပွဲတွေတုန်းက ဒီလိုပဲလုပ်ပြတာ ဘာမှ မဖြစ်ဘူးဆိုပါလား"

သုံးလေးရက်ကြာသည့်တိုင် ဒဏ်ရာရသွားသည့် နတ်ကတော်ယောကျ်ားနှင့် ပတ်သက်၍ မည်သည့်သတင်းမှ မကြားရပေ။ သေသည်ရှင်သည်ကိုပင် မသိကြ။ သိလိုသည့်ဆန္ဒလည်း ရှိကြဟန်မတူ။





သို့သော် ထူးခြား အံ့ဩဖွယ် သတင်းစကားတစ်ခု တစ်ယောက်စကား တစ်ယောက်နားဖြင့် သယ်ဆောင်ထွက်ပေါ်လာခဲ့သည်။ ၎င်းသတင်းကား ဆယ့်သုံးလေးနှစ်အရွယ် မိန်းကလေးတစ်ဦးအား သရဲဝင်ပူးသည်ဆိုသော သတင်းပင်ဖြစ်သည်။ သရဲပူးခံရသည့် မိန်းကလေးမှာ နတ်ကတော်ယောကျ်ား၏ တူမဖြစ်သည်။ ထိုမိန်းကလေးအား သရဲဝင်ပူးစဉ်က -

"ကျွန်မ သရဲမ ရွှေခင်ပါရှင်၊ သူ့ကိုချစ်ခင်လို့ လွန်ခဲ့တဲ့တစ်နှစ်ခန့်က စတင်ပြီး နတ်ကသွားလေရာ လိုက်ပါပြီး စောင့်ရှောက်ကူညီခဲ့ပါတယ်။ သူနတ်ကတဲ့အခါတိုင်းလည်း ကျွန်မကပဲ ပူးကပ်ဝင်ရောက်ပြီး အစွမ်းပြခဲ့ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ နတ်ပွဲတုန်းက သိမ်ဟောင်းထဲမှာ နတ်ကန္နားထိုးထားတော့ သူ့ကို ဝင်ပူးဖို့နေနေသာသာ သိမ်ဝိုင်းထဲတောင် ကျွန်မ မဝင်နိုင်ပါဘူးရှင်"

"ကျွန်မ ဝင်မပူးနိုင်လို့ အခုလို အဖြစ်မျိုးနဲ့ ကြုံရတာပါ"

"ကျွန်မကို သနားရင် သရဲဘဝကလွတ်အောင် အလှူဒါန ပြုပြီး အမျှအတန်းဝေပေးကြပါရှင်"

သရဲမဒေါ်ရွှေခင် ပူးပြောသည့်စကားကို မိသားစုအားလုံး ကြားသိလိုက်ကြရသည်။ သို့အတွက် သရဲမဒေါ်ရွှေခင်အတွက် အလှူဒါနပြု၍ အမျှပေးဝေခဲ့ကြလေသည်။ ထို့အတူ သမီး



www.burmeseclassic.com

www.burmeseclassic.com

မရွှေခင် ပူးပြောသွားသည့်စကားကို ကြားသိလိုက်ရသူတိုင်း သိမ်များအတွင်းသို့ မကောင်းဆိုးဝါး သရဲမိစ္ဆာများ မဝင်ရောက်နိုင်ကြောင်း တထစ်ချ ယုံကြည်စွဲမှတ်သွားလေတော့သည်။

● ● ●



# တစ္ဆေလူနီကြီး

"လူနီကြီး ... လူနီကြီး"

လေးငါးနှစ်အရွယ် ကလေးငယ်တစ်ဦး ဦးဖိုးထွန်းအိမ်ရှေ့မှ အော်ဟစ်၍ ပြေးလာသည်။ လမ်းမဘက် ထွက်ကြည့်လိုက်သည့်အခါ လူနောက်ကလေး မောင်ကြည်သိန်း ဖြစ်နေသည်။ မောင်ကြည်သိန်း အော်ဟစ်၍ ပြေးလာသည်ကို အိမ်နီးနားချင်းအားလုံးက ကြားကြသည်။ သို့သော် မောင်ကြည်သိန်း နောက်ပြောင်လာသည်အထင်နှင့် အမှတ်မထင်သာ နေခဲ့ကြသည်။ နွားရိုင်းသွင်းချိန်ဖြစ်၍ လူလုံးကွဲစွာ မြင်နေရသည်။

လမ်းမပေါ်တွင် လူအသွားအလာကျဲသော်လည်း ရပ်ကွက်ထဲမှ တစ်ယောက်စ နှစ်ယောက်စ သွားလာနေကြဆဲပင် ဖြစ်သည်။

မောင်ကြည်သိန်း အော်ဟစ်ပြေးလွှားသွားစဉ် ဦးဖိုးထွန်းအိမ်ရှေ့၌ ဦးကြီးဒေါင်းတစ်ယောက်လည်း ရှိနေသည်။ ဦးဖိုးထွန်းအိမ်ရှေ့ပတ်ဝန်းကျင်တွင် ထူးထူးခြားခြား အရာဟူ၍ မတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း ဦးကြီးဒေါင်းက ပြောသဖြင့် မောင်ကြည်သိန်း နောက်ပြောင်ကျီစယ်သွားသည်ဟုသာ အများက ယုံကြည်လက်ခံလိုက်ကြသည်။

ပြေးလွှားလာသည့် မောင်ကြည်သိန်းမှာမူ သူ့မိဘများအိမ်သို့ ကြောက်ကြောက်လန့်လန့်နှင့် ပြေးလာရသဖြင့် အမောစို့နေ၏။ မိဘတို့က မောင်ကြည်သိန်းအား အကြောက်ပြေစေရန် ရေခပ်တိုက်ရသည်။ မောင်ကြည်သိန်းခမျာ တော်တော်နှင့် အမော မပြေ။

"သား ... ကြည်သိန်း၊ ကြည်သိန်း သားလေး ဘာဖြစ်လာတာလဲ၊ အဖေ့ကို ပြောစမ်း"

"ဟောဟဲ ... ဟောဟဲ"

မောင်ကြည်သိန်းသည် ဖခင်ဦးဆွေ၏ အမေးစကားကိုပင် ပြန်၍ မဖြေနိုင်။ မောနေ၏။ မောင်ကြည်သိန်း၏ မျက်နှာကလည်း ကြောက်ရွံ့နေသည့် အမူအရာ အပြည့်အဝ ပေါ်လွင်နေသည်။ ထို့အတွက် မိဘများမှာ စိုးရိမ်စိတ်ကြီးစွာဖြင့် မောင်ကြည်သိန်းအား စစ်မေးရတော့သည်။

"သား ... သား ကြည်သိန်း၊ မင်း ဘာဖြစ်လာတာလဲ အဖေ့ကို မှန်မှန်ပြောစမ်း"

ဖခင်ဦးဆွေလည်း သားမောင်ကြည်သိန်းကို အားမလို အားမရနှင့် လက်မောင်းနှစ်ဖက်ကို ကိုင်လှုပ်ကာ မေးနေ၏။





မောင်ကြည်သိန်းထံမှ အဖြေစကားက တစ်လုံးတပါဒမျှ ထွက်မလာ။ ထို့အတွက် ဖခင်ဦးဆွေမှာ သားအပေါ် ဒေါသဖြစ်လာ၏။

"ဟေ့ကောင် ကြည်သိန်း မှန်မှန်ပြောစမ်း၊ မင်း ဘာဖြစ်လာတာလဲ၊ ငါရိုက်မိလိမ့်မယ်"

"ဟို ... ဟို"

"ဘာလဲကွာ၊ မြန်မြန်ပြောစမ်း"

"ဟို ... လူနီကြီး၊ လူနီကြီးကို ကြောက်လို့"

"ဘယ်က လူနီကြီးလဲ၊ မင်းက ဘယ်သွားလို့ လူနီကြီး တွေ့ခဲ့ရတာလဲ၊ ပေါက်တတ်ကရ လျှောက်ပြောမနေနဲ့၊ မင်း လူကြီးတွေကို ဒုက္ခပေးဦးမလို့ မဟုတ်လား"

မောင်ကြည်သိန်းခမျာ ဖခင်ကို ကြောက်၍လည်းကောင်း သူတွေ့ခဲ့သည့်အရာကို ကြောက်လန့်၍လည်းကောင်း စကားများပင် ထစ်နေသည်။ မိခင်ဖြစ်သူ ဒေါ်သဲညွှန့်က သား၏ မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်လျက် ကြားမှ ဝင်၍ စကားဖြတ်ပြောလိုက်သည်။

"အို ... ကိုဆွေကလည်း သားက တကယ်ကြောက်နေတာ တော့၊ မိုးချုပ်နေဝင် သရဲတစ္ဆေများ တွေ့လာသလားမှ မသိတာ ကလေးကို အရမ်းမဆူပါနဲ့တော်"


www.burmeseclassic.com

www.burmeseclassic.com

"သားလေး အဲဒီလူနီကြီးကို ဘယ်နားမှာ တွေ့ခဲ့ရတာလဲ၊ အမေ့ကို ပြောစမ်း"

"ဦးဖိုးထွန်း၊ ဦးဖိုးထွန်းတို့ အိမ်ထဲမှာ တွေ့ခဲ့ရတာ အမေ"

"ဟုတ်ရဲ့လား သားရယ်"

"တကယ်ပါ အမေရ၊ အဲဒီလူနီကြီးက ထန်းပင်ကြီးလောက်ရှိတယ်၊ အဲဒီအိမ်ထဲက ထန်းပင်ကြီးနဲ့ အရပ်အတူတူပဲ၊ နောက်ပြီး အသားကလည်း နီစပ်စပ်၊ အမွေးနီတွေပေါက်လို့၊ မျက်လုံးကြီးကလည်း နီကြောင်ကြောင်နဲ့ကြောက်စရာကြီး"

မောင်ကြည်သိန်း၏ အနီးအပါးရှိ မိသားစုက သူ့စကားကြောင့် ဝိုင်းဝန်းရယ်မောကြသည်။ မောင်ကြည်သိန်း တစ်ယောက် အရိုက်ခံရမည်စိုး၍ လိမ်ညာပြောသည်ဟု ထင်ကြသည်။ မောင်ကြည်သိန်း၏စကားကို ယုံကြည်လက်ခံသူမှာ မိခင်ဒေါ်သဲညွန့် တစ်ယောက်သာရှိသည်။

"တော်တို့ကလည်း ကလေးက ကြောက်နေရတဲ့အထဲ ရယ်မနေကြပါနဲ့"

"အို ... မသဲညွန့်ရာ နင့်သားပြောတဲ့စကားက ရယ်စရာဖြစ်နေတာကိုးကွ၊ အရပ်က ထန်းပင်လောက်၊ အမွေးနီနီ၊ မျက်လုံးနီနီနဲ့ မျောက်ဝံလိုအကောင်မျိုးက ဦးဖိုးထွန်းအိမ်ထဲ ဘယ်လိုလုပ်ရောက်နေမှာလဲကွ ဖြစ်မှမဖြစ်နိုင်တာ ရယ်ရမှာပေါ့"





"သရဲခြောက်လိုက်တာ ဖြစ်မှာပေါ့တော့"

"ငါ့သား မိုးချုပ်နေဝင် အဲဒီဦးဖိုးထွန်းတို့အိမ်ရှေ့ မသွားနဲ့တော့ မကောင်းဆိုးဝါးကောင် သရဲတွေရှိတယ် ကြားလား"

"ဟုတ်ကဲ့အမေ"

ဦးဆွေနှင့် ဒေါ်သဲညွန့်တို့ ဇနီးမောင်နှံမှာ သားဖြစ်သူ မောင်ကြည်သိန်းအား အကြောင်းပြု၍ ခွန်းကြီးခွန်းငယ် စကားများကြသည်။ ထုံးစံအတိုင်း ဇနီးဖြစ်သူ ဒေါ်သဲညွန့်က အလျှော့ပေးကာ သားအားလက်ဆွဲ၍ ဦးဆွေအနီးမှ ထွက်ခွါသွားတော့သည်။ သားမောင်ကြည်သိန်းကိုလည်း ညနေဘက်အချိန်များတွင် ဦးဖိုးထွန်းအိမ်ရှေ့သို့ မသွားရန် အတန်တန်ပြော၍ ခြောက်လှန့်သည်။

ထိုနေ့မှစ၍ မောင်ကြည်သိန်းလည်း ဦးဖိုးထွန်းအိမ်ရှေ့သို့ လုံးဝမသွားတော့။ ညနေမိုးချုပ် လူကြီးမိဘများ ပါသည့်တိုင် ဦးဖိုးထွန်းအိမ်ရှေ့မှ ဖြတ်သွားရမည်ဆိုလျှင် မလိုက်ဘဲ အိမ်တွင် ကျန်ရစ်နေခဲ့သည်။

မောင်ကြည်သိန်း၏ ထိုနေ့က ဖြစ်ရပ်ကို ရပ်ကွက်သူ ရပ်ကွက်သားများက မသိကျိုးနွံပြုခဲ့ကြသည်။ အမှတ်မထင်သာ နေခဲ့ကြသည်။ သို့သော် မောင်ကြည်သိန်းမှာမူ အသည်းစွဲ



www.burmeseclassic.com

www.burmeseclassic.com



မှတ်သားလျက် ဦးဖိုးထွန်းအိမ်ရှေ့သို့ နေ့ခင်းနေ့လည် ပိုင်းတွင်ပင် မသွားမလာတော့ပေ။

နောက်တစ်လနှစ်လခန့်အကြာတွင် မောင်ကြည်သိန်းကဲ့သို့ အဖြစ်မျိုး မခင်သောင်းရီတစ်ယောက် ခံရပြန်သည်။ မခင်သောင်းရီမှာ တစ်ဆယ့်လေးငါးခြောက်နှစ်အရွယ် အပျိုဖြန်းမလေး ဖြစ်သည်။ ညနေဘက် သောက်ရေအတွက် အရှေ့ရေတွင်းသို့ ရေခပ်သွားစဉ် ဦးဖိုးထွန်းအိမ်ခြံထဲမှ လူနီကြီးအား မြင်တွေ့ခဲ့ရခြင်း ဖြစ်သည်။ မောင်ကြည်သိန်းက တော်သေး၏။ မခင်သောင်းရီကမူ သောက်ရေအိုးနှင့် ရေခပ်ပုံးကို ပစ်ချကာ ထမိန်စွန်တောင်ဆွဲ၍ အော်ဟစ်ပြေးသည်။ ရပ်ကွက်ထဲတွင်လည်း ခွေးဟောင်သံများနှင့် ဆူညံပွက်လောရိုက်သွားသည်။ မခင်သောင်းရီတစ်ယောက် သူ့အိမ်အရောက်တွင်မူ သတိလစ်၍ မေ့မြောသွားသည်အထိ ဖြစ်ခဲ့ရှာသည်။ ထိုအခါမှ မောင်ကြည်သိန်း တွေ့ခဲ့ရသည့် လူနီကြီးအကြောင်းကို သတိပြုလာကြသည်။

သို့တိုင် မခင်သောင်းရီ ရေခပ်သွားစဉ် အနောက်တောင် အရပ်ဆီမှ လေနီကြမ်းတိုက်မည့် လက္ခဏာကြောင့် မိုးသားများ နီရဲနေသဖြင့် ရောင်ပြန်ဟပ်ကာ ထန်းပင်ကြီးအား အမြင်မှားလျက် ကြောက်လန့်လာသည်ဟု ယူဆနေသူများလည်း ရှိသေးသည်။

မကြာခဏဆိုသလို ဦးဖိုးထွန်းအိမ်ခြံထဲမှ လူနီကြီးကို ရပ်ကွက်ထဲမှ ကလေးလူကြီး အတော်များများ မြင်တွေ့ကြရ



သည်။ သို့အတွက် ညနေမိုးချုပ်လျှင် ဦးဖိုးထွန်းအိမ်ခြံရှေ့မှ မသွားကြတော့။ သွားစရာ လာစရာရှိလျှင် အခြားလမ်းမှ ကွင်းရှောင်၍ သွားကြသည်။

ဦးဖိုးထွန်းအိမ်ခြံထဲတွင် မြင်တွေ့ရသည့် လူနီကြီးကိုလည်း လူအများက တစ္ဆေလူနီကြီးဟု အမည်ပေး ကင်ပွန်းတပ်ခဲ့ကြ သည်။

ဦးဖိုးထွန်းသည် ကျေးရွာလေးတစ်ရွာမှ တောင်သ သူဌေးကြီး ဖြစ်သည်။ ကိုယ်တိုင်တောင်သူလုပ်၍ လယ်ယာထွက် ကုန်ပစ္စည်းများကို သိုလှောင်ရောင်းချသည်။ ပစ္စည်းများက သိုလှောင်ရန်နှင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူရန်အတွက် မြို့ပေါ်မှ အိမ်ဝိုင်းခြံကြီးတစ်ခုကို ဝယ်ယူထားသည်။ ယင်းခြံကြီး ထဲတွင် ဦးဖိုးထွန်းတို့မိသားစု မနေကြသော်လည်း ဂိုဒေါင်ရှည် ကြီးတစ်လုံးနှင့် ပျဉ်ထောင်အိမ်တစ်လုံး ရှိနေ၏။ ထို့အပ နွားစာထားရန် ပဲမှော်တိုက်တစ်ခုကိုလည်း ဆောက်လုပ်ထ သည်။

အိမ်ခြံဝိုင်းအတွင်းတွင်မူ အုပ်ဆိုင်းညို့မှိုင်းလျက်ရှိသေ မန်ကျည်းပင်အိုကြီးသုံးပင်၊ တမာပင်တစ်ပင်နှင့် ထန်းပင် တစ်ပင်တို့က အသီးသီး နေရာယူပေါက်ရောက်နေသည်။ အိ ခြံဝိုင်း၏ အကျယ်အဝန်းမှာ တစ်ဧကနီးပါးမျှ ရှိသည် ပတ်ဝန်းကျင်အိမ်များနှင့် အတော်အသင့် အလှမ်းကွာဝေးလှသည်



www.burmeseclassic.com

www.burmeseclassic.com

ယင်းအိမ်ခြံဝိုင်းကြီးသည် ယခုအခါ ဦးဖိုးထွန်း ဝယ်ယူပိုင်ဆိုင်ထားသော်လည်း ရှေးယခင်က အင်္ဂလိပ်သချိုင်း ဖြစ်ခဲ့သည်ဟု ရှေးလူကြီးများက ပြောပြကြသည်။ ရှေးလူကြီးများ ပြောသည့် အင်္ဂလိပ်သချိုင်းဖြစ်ခဲ့ဖူးသည်ဆိုသော အထောက်အထားအဖြစ် ပေါ်လွင်စေရန် ယင်းအိမ်ခြံကြီးထဲမှ မြေကြီးတူးခဲ့သည့် အလုပ်သမားများက လူ့အရိုးများ တွေ့ရှိခဲ့ကြောင်း သက်သေပြနေသကဲ့သို့ ရှိသည်။

ဦးဖိုးထွန်းကမူ သူဝယ်ယူပိုင်ဆိုင်ထားသည့် ခြံဝိုင်းအတွင်းမှ တစ္ဆေလူနိုကြီးအား မြင်တွေ့ရသည့်သတင်းကို မကြားသိရပေ။

သို့သော် ရပ်ကွက်သူ ရပ်ကွက်သားများက ရှေးလူကြီးများ၏ စကားအထောက်အထား၊ လူ့ရိုးများ တွေ့ရသည်ဟူသော အကြောင်းများကြောင့် အင်္ဂလိပ်လူမျိုးတစ်ဦး သေဆုံးပြီးနောက် မကျွတ်မလွတ်ဘဲ သရဲတစ္ဆေ မကောင်းဆိုးဝါးကောင်ကြီးဘဝ ရောက်ရှိနေသည်ဟု ယူဆကြသည်။ ထို့အတူ လူအများမြင်တွေ့ခဲ့ရသည့် တစ္ဆေလူနိုကြီးဖြစ်ဖို့အကြောင်းက ပိုများသည်ဟု ထင်မြင်ချက် ပေးခဲ့ကြသည်။

ပိုင်ရှင်ဖြစ်သူ ဦးဖိုးထွန်းလည်း ဤအကြောင်းကို မသိ။ သိသည့်တိုင် သူကိုယ်တိုင် မြင်တွေ့ရမှ ကျေနပ်တတ်သူ ဖြစ်သဖြင့် ဘုန်းတော်ကြီးများနှင့် ပရိတ်ရွတ်၍ အင်္ဂလိပ်တစ္ဆေ





လူနိုကြီးအား မဖယ်ရှားနိုင်ဘဲ ဖြစ်ရသည်။ တစ္ဆေလူနိုကြီးကလည်း ဦးဖိုးထွန်းခြံဝိုင်းထဲမှ အပြင်သို့ မထွက်။ သူ့အတွက် နေခွင့်ရသည့်နေရာကလေးတွင်သာ နေဟန်ရှိသည်။

သို့အတွက် လမ်းသွားလမ်းလာများထဲမှ ကံနိမ့်သူများမှာ တစ္ဆေလူနိုကြီးကို မလွှဲသာ မရှောင်သာ မြင်တွေ့နေကြရလေတော့သည်။

ကိုင်းတက်မြေပဲနှုတ်သိမ်းပြီးကာလတွင် ဦးဖိုးထွန်း၏ အိမ်ရှေ့ခြံမှ ဦးအေးနှင့် ဒေါ်လေးတို့က ရှင်ပြုနားသအလှူတော် မင်္ဂလာပွဲ ကျင်းပသည်။ ဦးအေးနှင့် ဒေါ်လေးတို့မှာ သားလေးယောက်၊ သမီး နှစ်ယောက် ရှိသည်။ လယ်ယာလုပ်ငန်းများ စိုက်ပျိုးအောင်မြင်သဖြင့် တစ်နှစ်ထက်တစ်နှစ် စီးပွားတက်လာချိန်နှင့် သားသမီးများ အရွယ်ရောက်ချိန်မှာ တိုက်ဆိုင်နေသည်။ သို့အတွက် ဦးအေးနှင့် ဒေါ်လေးတို့က မိဘများ မကွယ်လွန်မီ ကြီးကျယ်ခမ်းနားသော အလှူကြီးပေးလှူ၍ ရှင်ပြုနားသမင်္ဂလာပွဲ ကျင်းပခြင်းဖြစ်သည်။ ·

ဆင်းရဲချမ်းသာမရွေး လာသမျှ ဧည့်ပရိသတ်မှန်သမျှကို သုံးရက်တိုင်တိုင် ထမင်းကျွေး၍ အလှူကြီးပေးသည်။ မြို့သူမြို့သားအားလုံး လူတန်းစားမရွေး လာရောက်၍ အလှူထမင်းစားသုံးရန် တစ်မြို့လုံးကို ဗျို့ဟစ်၍ ဖိတ်မန္တကပြုသည်။



www.burmeseclassic.com

www.burmeseclassic.com

ထမင်းရည်ချောင်းစီး အလှူကြီးပေးသည်မို့ ရပ်ကွက်သူ ရပ်ကွက်သားများမှာ အလှူအိမ်မှ ထမင်းစားကြသဖြင့် အိမ်တိုင်းအိမ်တိုင်း တစ်အိမ်လုံး မီးခိုးတိတ်စေခဲ့ရသည်။

အလှူ့ဒါယကာ ဦးအေးနှင့် အလှူ့ဒါယိကာမ ဒေါ်လေးတို့မှာလည်း စေတနာသဒ္ဓါတရား စိတ်အားထက်သန်သူများမို့ ထမင်းစားမဏ္ဍပ်တွင် ဧည့်ပရိသတ်များ အားရပါးရစားနေသည်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။ ဗျောစည်တီး၍ အလှူကြီးပေးသည့်ပွဲဖြစ်၍ မြို့သူမြို့သားများနှင့် ဧည့်ပရိသတ်အားလုံးတို့မှာလည်း အလှူ့ဒါယကာ ဦးအေးနှင့် အလှူ့ဒါယိကာမ ဒေါ်လေးတို့ကဲ့သို့ပင် ပီတိသောမနဿ ဖြစ်ခဲ့ကြရသည်။

ယခင်က တစ္ဆေလူနီကြီးကြောင့် ဦးဖိုးထွန်းအိမ်ရှေ့ လမ်းတစ်လျှောက် ခြောက်သွေ့နေရာမှ အလှူတန်ခိုးဖြင့် ပြန်လည်စည်ကားလာသည်။ တစ္ဆေလူနီကြီးအား မြင်တွေ့ခဲ့ကြသူ ကလေးလူကြီးများပင် လူအများအကြား ရဲဝံ့ သတ္တိရှိစွာဖြင့် ဦးဖိုးထွန်းအိမ်ရှေ့ လမ်းမပေါ်သို့ ပြန်လည် ရောက်ရှိလာသည်။

လမ်းမပေါ်တွင် ရပ်ကွက်ထဲမှ လူငယ်များ စုစည်းတင်ပြသည့် အငြိမ့်နှင့် အရပ်ပြဇာတ် ကသည်။ အလှူမဏ္ဍပ်အတွင်း၌မူ နာမည်ကြီး ဆိုင်းအဖွဲ့နှစ်ဖွဲ့ကို ငှားရမ်း၍ ဝဲဆိုင်း၊ ယာဆိုင်းထားလျက် အပြိုင်တီးကြသည်။ ထို့အတူ အလှူအကြို





ရက်များက နာမည်ကြီးဗျောအဖွဲ့ကို ငှားကာ တီးမှုတ်သီဆိုစေ၍ ပျော်ပွဲရွှင်ပွဲ ကျင်းပပေးသည်။

သုံးရက်မြောက်သော အလှူနောက်ဆုံးရက်တွင် ထမင်းစားမဏ္ဍပ်အတွင်း၌ ရှင်လောင်းလှည့်အပြန် ဧည့်ပရိသတ်များကို ညနေစာ ထမင်းကျွေးနေသည်။ အလှူရေစက်ချရန် သံဃာတော်အရှင်သူမြတ်များ ကြွလာသဖြင့် ဆိုင်းအဖွဲ့များမှ ဗျောခေါက်နေ၏။

ထိုအချိန်တွင် အလှူထမင်းစား မဏ္ဍပ်အတွင်းမှ ထမင်းသုံးဆောင်ပြီး ထွက်လာသည့် ဧည့်သည်တစ်ဦးက ဦးဖိုးထွန်းအိမ်ခြံအတွင်းမှ တစ္ဆေလူနီကြီးကို စတင်မြင်တွေ့လိုက်သည်။ သူ့မျက်စိသူ မယုံသဖြင့် ပွတ်သပ်၍ပင် ကြည့်သည်။ ထိုဧည့်သည်မှာ တစ္ဆေကြောက်တတ်သူ မဟုတ်သဖြင့် တစ္ဆေ လူနီကြီးကို သေသေချာချာ စိုက်ကြည့်နေသည်။ တစ်မြို့တစ်ရွာမှ လာသည့် ဧည့်သည်ဖြစ်သဖြင့် ယခင်က ဖြစ်ပွားသည့် တစ္ဆေလူနီကြီးသတင်းကိုမကြားဖူးသဖြင့် သူ့အတွက် အထူးအဆန်း ဖြစ်နေသည်။

မည်သူတစ်ဦးတစ်ယောက်ကိုမျှလည်း ပြောမပြမိ။

ထိုအချိန်တွင် သံဃာတော်အရှင်သူမြတ်များမှ ရေစက်ချတရားပင် ဟောနေချေပြီ။ ဧည့်သည်ကြည့်နေချိန်တွင် တစ္ဆေ


www.burmeseclassic.com

www.burmeseclassic.com

လူနီကြီးမှာ အလှူထမင်းစားမဏ္ဍပ်ဘက်သို့ ကြည့်၍ ဝမ်းမြောက်ဝမ်းသာဖြစ်နေဟန် ရှိသည်ဟုဆိုသည်။ ဦးဖိုးထွန်း ခြံဝင်းအတွင်းမှ ခေါက်တုန့်ခေါက်ပြန် လျှောက်လျက် ကလေးငယ်တစ်ဦးကဲ့သို့ ပျော်ရွှင်နေသည့် အမူအရာကို မြင်တွေ့ရသည်။ တစ္ဆေလူနီကြီးကား အခြား မကောင်းဆိုးဝါးကောင်များကဲ့သို့ မဟုတ်။ သံဃာတော်များ အိမ်ရှေ့မှ ကြွရောက်လာသည့်တိုင် မကြောက်မရွံ့ တည်ငြိမ်စွာဖြင့်ပင် အလှူအိမ်မင်္ဂလာမဏ္ဍပ်ဘက်ဆီသို့ ကြည့်လျက် ရွှင်မြူးနေကြောင်း ဧည့်သည်က မြင်တွေ့နေရသည်။ ထို့အတူ သူကိုယ်တိုင်ကလည်း တစ္ဆေလူနီကြီးအား သာမန်လူသားတစ်ယောက်ကဲ့သို့ပင် ထင်နေမိသည်။

သို့အတွက် အတန်ငယ်ကြာမှ ထမင်းစားမဏ္ဍပ်အတွင်းမှ ထွက်လာသည့် လူအချို့ကို လက်တို့၍ ပြသည်။ ဧည့်သည်ပြသည့်နေရာ၌ ဘာမျှ မတွေ့ရသဖြင့် သူ့အား စိတ်မနှံ့သူအဖြစ် ခြေခါလက်ခါဖြင့်ပင် ရှောင်ခွာသွားကြသည်၊ ဧည့်ပရိသတ်အတော်များများကို ဖွင့်ပြော၍ လက်ညှိုးထိုးပြသည်။

ပြရင်း ပြောရင်းနှင့်ပင် ပရိသတ်များထဲမှ ကလေးငယ်နှစ်ဦးနှင့် အသက် (၆၀)ခန့်ရှိသူ အဒေါ်ကြီးတစ်ဦးတို့သည် တစ္ဆေလူနီကြီးကို မြင်တွေ့ကြတော့သည်။ တစ္ဆေလူနီကြီးအား လူလေးဦး မြင်တွေ့နေရသောအချိန်တွင် အလှူဒါယကာဦးအေးနှင့် ဒေါ်လေးတို့မှ အမျှပေး၍ သာဓုခေါ်ဆိုနေကြပြီ





ဖြစ်သည်။ ကြေးစည်သံတဆဲဆဲနှင့် ဧည့်ပရိသတ်များ သာဓုသံပြိုင်ခေါ်ဆိုနေချိန်တွင်ကား တစ္ဆေလူနီကြီးမှာ ကလေးငယ်တစ်ဦးကဲ့သို့ လက်နှစ်ဖက်ကို မြှောက်လျက် ခုန်ဆွခုန်ဆွနှင့် ပါးစပ်မှ အော်ဟစ်နေသည်ဟု ဆိုသည်။ သို့သော် တစ္ဆေလူနီကြီးထံမှ မည်သည့်အသံမျှ မကြားရကြောင်း ပရိသတ်များက အနိုင်အမာ ပြောဆိုသည်။

ရှင်ပြုနားသအလှူတော် ရေစက်ချ၍ ပြီးသည့်အချိန်၌ တစ္ဆေလူနီကြီးအား မြင်တွေ့ရသည့်သတင်းမှာ တစ်ယောက်စကား တစ်ယောက်နားဖြင့် သတင်းပြန့်သွားသည်။ တစ္ဆေလူနီကြီးအား မြင်တွေ့ရသည့် လူများအနီးသို့ ပရိသတ်များ စုပြုံရောက်ရှိလာသည်။ ပရိသတ်ထဲမှ တစ်ဦးနှစ်ဦးခန့် ထပ်မံ၍ တစ္ဆေလူနီကြီးအား မြင်တွေ့ရသည်။

"ဟုတ်တယ်ဟေ့၊ ဟိုမှာ တစ္ဆေလူနီကြီး၊ တစ္ဆေလူနီကြီး"

"ထန်းပင်လောက်ရှိတယ်ဟေ့၊ ပျော်လို့နဲ့တူတယ်၊ ခုန်ပေါက်လို့ဟေ့"

သံဃာတော်အရှင်သူမြတ်များလည်း တစ္ဆေလူနီကြီးသတင်းကို သဲ့သဲ့မျှ ကြားရသည်။ လှူဖွယ်ပစ္စည်းများ ကပ်လှူပြီးချိန်တွင် သံဃာတော်အရှင်သူမြတ်များလည်း တန်းစီ၍



www.burmeseclassic.com

www.burmeseclassic.com

လမ်းမဘက်ဆီမှ ပြန်ကြွကြသည်။ ထိုအချိန်တွင် တဆွေလူနီကြီးအား မြင်ရသူအချို့က —

“ဟာ တဆွေလူနီကြီး ခေါင်းပိုင်းကနေစပြီး တဖြည်းဖြည်း ပျောက်သွားပြီဟေ့၊ လုံးဝ မမြင်ရတော့ဘူးကွ”

“အံ့သြစရာကောင်းလိုက်တာအေ၊ ခေါင်းကနေစပြီး ပျောက်သွားတာ အံ့ရောဟဲ့”

တဆွေလူနီကြီး ပျောက်ကွယ်သွားပုံကို အသေးစိတ် ထုတ်ဖော်၍ ပြောဆိုကြသည်။ မြင်တွေ့ရသူများ လက်ညှိုးထိုး၍ ပြောပြနေသော်လည်း မမြင်တွေ့ရသူများက အရူးကဲ့သို့ပင် တောင်ကြည့်မြောက်ကြည့်နှင့်ပင် ဖြစ်နေသည်။ မည်သည့်အရာကိုမျှ မမြင်တွေ့ရတော့မှ ပရိသတ်များလည်း ရှင်းသွားတော့သည်။ ထိုနေ့ညနေမှစ၍ တဆွေလူနီကြီးအား မည်သူမျှ မမြင်တွေ့ရတော့ပေ။

ထူးခြားသည်မှာ နောက်တစ်ပတ်ခန့်အကြာတွင် ဦးဖိုးထွန်းအိမ်ခြံ မန်ကျည်းပင်အိုကြီးအောက်မှ ပုပ်စော်နံလျက်ရှိသော သမင်သေတစ်ကောင်ကို တွေ့ရှိရခြင်းပင် ဖြစ်သည်။ ဤသည်ကို လူကြီးသူမများက တဆွေလူနီကြီးဘဝမှ ကျွတ်လွတ်သွား၍ သမင်သေအဖြစ် ကိုယ်ခန္ဓာအစားထားရစ်ခဲ့သည်ဟု ဆိုသည်။ အချို့က ဦးအေးနှင့် ဒေါ်လေး၏ အလှူကို ကြည့်လျက် သာဓု





မခေါ်တတ်သော်လည်း တစ်ပါးသူပေးလှူသည်ကို ကြည့်ကာ ဝမ်းမြောက်ဝမ်းသာဖြစ်၍ တဆွေဘဝမှ ကျွတ်လွတ်သွားသည်ဟုလည်း ဆိုကြသည်။

တဆွေလူနီကြီးအဖြစ်မှ သမင်သေအဖြစ် တွေ့ရှိရခြင်းမှာ ဖြစ်နိုင်ဖွယ်ရာ ရှိသည်။ အကြောင်းမှာ သမင်များ နေထိုင်ရာ တောတောင်များမှာ မြို့အနီးမရှိသောကြောင့်ပင် ဖြစ်သည်။ ထို့အတူ ဦးအေးနှင့် ဒေါ်လေး၏ အလှူမင်္ဂလာပွဲပြီးသည့်နေ့မှစ၍ ယနေ့တိုင် တဆွေလူနီကြီးကို တစ်ဦးတစ်ယောက်မျှ မမြင်တွေ့ကြရသောကြောင့် ဖြစ်ပေသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

# လူသားပြိတ္တာ

"မိမိပြုခဲ့သည့် မကောင်းမှုကံတို့ကြောင့် အစားအသောက် အဝတ်အထည်တို့မှာ လွန်စွာရှားပါး၍ ထာဝရ ဆာလောင် မွတ်သိပ်လျက် အငတ်ငတ် အပြတ်ပြတ်ဖြင့် ပြေးလွှား ရှာဖွေစားသောက်နေရသူတို့မှာ လူသားစင်စစ်ဖြစ်သော် လည်း လူပြိတ္တာများပင် ဖြစ်ပေသည်"

ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သည့် ငါးရာ ငါးဆယ် နိပါတ်တော်တွင် ကာသိနိဂုံး၌ ရုပ်ရည်ချောမောလှပ၍ ခွန်အားဗလနှင့် ပြည့်စုံသည့် ပုဏ္ဏားလုလင်တစ်ဦး ရှိသည်။ ၎င်းပုဏ္ဏားလုလင်သည် မိဘများ စီစဉ်သည့် အိမ်ထောင်သားမွေး အလုပ်ကိုလည်း မပြုလို၊ ကုန်သွယ်လယ်လုပ် အလုပ်ကိုလည်း ဝါသနာမပါသဖြင့် ဟိမဝန္တာတောသို့ တစ်ကိုယ်တည်း ထွက်ခွာကာ မုဆိုးဘဝဖြင့်နေထိုင်သည်။





ပုဏ္ဏားလုလင်သည် ဟိမဝန္တာတောအတွင်း ဝိဓရာမြစ်ကမ်းတစ်နေရာတွင် အခြေချ၍ သူဝါသနာပါရာ မုဆိုးလိုက်ခြင်းဘဝဖြင့်သာ ပျော်မွေ့နေခဲ့သည်။ သားကောင်များကို တုတ်၊ ဓား၊ လေး၊ မြားလက်နက် ထောင်ချောက်အမျိုးမျိုးဖြင့် ဖမ်းဆီး သတ်ဖြတ်၍ အသက်မွေးဝမ်းကျောင်း ပြုခဲ့သည်။

နှစ်ပေါင်း (၃၀)ကျော်ခန့် ကြာသည့်အခါတွင်မူ ပုဏ္ဏားလုလင်မှာ လူစင်စစ်ဖြစ်သော်လည်း လူနှင့်မတူတော့။ သူ့ခန္ဓာကိုယ်တွင် အမွေးအမျှင်များက ထူလပြစ်။ ခြေလက်တို့ကလည်း လှုပ်ရှား၍မရ။ ပူးကပ်နေ၏။ အသားအရည်တို့မှာ မဲညစ်ခြောက်သွေ့လျက် ပပ်ကြားအက်ကွဲသို့ပင် ဖြစ်နေသည်။ မျက်နှာပြင်တစ်ခုလုံးတွင်ကား အဖုအပိန့်များ ထလျက်ရှိသည့် အသားစိုင်အသားခဲများကြောင့် ကြောက်မက်ဖွယ် အဆင်းသဏ္ဌာန်နှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်ခဲ့ရသည်။ ခြေလက်များ မလှုပ်ရှားနိုင်သဖြင့် တရွတ်ဆွဲကာ သွားလာနေရ၏။

တစ်နေ့တွင် သိဝိနိုင်ငံမှ သိဝိမင်းသည် တောကစားထွက်ရင်း ပုဏ္ဏားလုလင်နေထိုင်ရာ ဟိမဝန္တာတောအရပ် ဝိဓရာမြစ်ကမ်းအနီးသို့ မျက်စိလည် လမ်းမှားရောက်ရှိသွားသည်။ ထိုစဉ် သိဝိမင်းကြီးသည် ကြောက်မက်ဖွယ်ရာ ရုပ်အဆင်းသဏ္ဌာန်ရှိသည့် ပုဏ္ဏားလုလင်အား မြင်တွေ့ရသည့်အခါ လူသား



www.burmeseclassic.com

www.burmeseclassic.com

မှ ဟုတ်ပါလေစဟု တွေးထင်မိခဲ့သည်။ ပုဏ္ဏားလုလင်ထံမှ မပီဝိုးဝါး စကားသံတို့ကြောင့်သာ လူသားစင်စစ် ဧကန်ဖြစ်သည်ကို သိရှိခဲ့ရသည်။

ထိုအတူ ပုဏ္ဏားလုလင်က နေ့စဉ်နှင့်အမျှ သားရဲတိရစ္ဆာန်များကို အနှစ်သုံးဆယ်ကျော်တိုင်တိုင် ဖမ်းဆီးပစ်ခတ်စားသောက်ခဲ့သဖြင့် ကံတူအကျိုးပေးကာ လူသားပြိတ္တာ ဖြစ်ခဲ့ရသည်ကို ကိုယ်တိုင် ဝန်ခံသဖြင့် သိဝိမင်းကြီး သိကြားမြင်တွေ့ခွင့်ရခဲ့ဖူးသည်။

မကွေးတိုင်း၊ မင်းတုန်းမြို့နယ်တွင် တာဝန်ထမ်းဆောင်စဉ်က စာရေးသူသည်လည်း အထက်ပါ အဖြစ်မျိုးနှင့် ကြုံတွေ့ခဲ့ရဖူးသဖြင့် အထူးပင် အံ့ဩမိသည်။

စာရေးသူ မင်းတုန်းမြို့နယ်သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရခြင်းသည်'လက်ဝဲသုန္ဒရအမတ်-မဲဇာအပို့ခံရသကဲ့သို့ပင် ဖြစ်သည်။ မဲဇာသို့ အပို့ခံရသော လက်ဝဲသုန္ဒရအမတ် သည် 'မဲဇာတောင်ခြေရတု' စပ်ဆိုရန် အခွင့်အရေးရခဲ့သည်။ ထို့အတူ စာရေးသူသည်လည်း 'လူသားပြိတ္တာ'ဆောင်းပါးတစ်ပုဒ် ရေးသားရန်အတွက် အတွေ့အကြုံတစ်ခု ရခဲ့သည်။

မင်းတုန်းမြို့နယ်သည် အောင်လံမြို့ (မြေထဲ)မှတစ်ဆင့် ကူးတို့သင်္ဘောစီး၍ သရက်မြို့သို့ သွားရသည်။ သရက်မြို့မှ



မင်းတုန်းမြို့သို့ ကားဖြင့် သွားနိုင်သည်။ ပြည်မြို့မှတစ်ဆင့် မင်းတုန်းကားစီး၍လည်း သွားနိုင်သည်။ ပြည်မှ ကားစီးသွားလျှင် ကားရောလူပါ ကူးနိုင်သည့် 'ဇက်'ဖြင့် ဧရာဝတီမြစ်ကို ဖြတ်ကူးသွားရသည်။ စာရေးသူ မင်းတုန်းမြို့နယ်သို့ စတင်သွားစဉ်က အောင်လံမြို့မှတစ်ဆင့် သရက်၊ သရက်မှ မင်းတုန်း ကားစီး၍ သွားခဲ့သည်။ သရက်နှင့် မင်းတုန်းမှာ (၄၂)မိုင်ခန့် ကွာဝေးသည်။

မင်းတုန်းမြို့နယ်တွင် စာရေးသူ တာဝန်ထမ်းဆောင်စဉ် နယ်မြေ(၂) အရှေ့ခြမ်းနှင့် ပတ်သက်သည့် စိုက်ပျိုးရေးဆိုင်ရာ ကိစ္စများကို တာဝန်ယူ ကြီးကြပ်ရသည်။

နယ်မြေ(၂) အရှေ့ခြမ်းတွင် စပါးတန်းကျေးရွာအုပ်စု၊ ဝန်တွင်းကျေးရွာအုပ်စု၊ လင်ပန်းကျေးရွာအုပ်စု၊ ကံပိုင်ကျေးရွာအုပ်စု၊ တပ်ကျေးရွာအုပ်စု၊ မီးပေါက်(တလုပ်ပင်) ကျေးရွာအုပ်စုနှင့် ဂွေးတောက်ချိုကျေးရွာအုပ်စုတို့ ပါဝင်သည်။ ယင်းကျေးရွာအုပ်စု (၈)စုတွင် ကျေးရွာပေါင်း (၁၈)ရွာခန့် ရှိသည်။ စာရေးသူ တာဝန်ကျရာ ကျေးရွာအားလုံးသို့ သွားသည့်အခါ တစ်လကျော်ကျော်ခန့်ကြာသည်။

ကျေးရွာအသီးသီးသို့ လှည့်လည်တာဝန်ထမ်းဆောင်ရာတွင် တောတောင်ချောင်းမြောင်းများကို အသီးသီး ဖြတ်ကျော်သွား



www.burmeseclassic.com

www.burmeseclassic.com

ရသည်။ စက်ဘီး၊ လှည်း စသည်တို့သွားရန် အခက်အခဲရှိသဖြင့် ခြေလျင်ခရီးဖြင့်သာ သွားလာခဲ့ရသည်။ မင်းတုန်းမြို့နယ်အနီးမှ ပုသိမ်မုံရွာကားလမ်းရှိသော်လည်း အချို့ကျေးရွာများမှ အနည်းငယ်မျှ အလှမ်းကွာဝေးသည်။ ခရီးစဉ်အရ ကားနှင့်သွားရန်လည်း မလွယ်ကူပေ။ သို့အတွက် စာရေးသူမှာ ခြေလျင်ခရီးဖြင့်သာ တစ်တောဝင်၊ တစ်တောင်ကျော်၊ တစ်ရွာဝင်၊ တစ်ရွာထွက် သွားလာခဲ့ရသည်။

ကျေးရွာအုပ်စု (၈)စုအနက် စပါးတန်းကျေးရွာအုပ်စုသို့ ရောက်စဉ်က ထူးခြားသည့် အဖြစ်အပျက်တစ်ခုကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ခဲ့ရသည်။ စပါးတန်းကျေးရွာအုပ်စုတွင် စပါးတန်းအပါအဝင် မိုးနတ်ကျေးရွာ၊ ကွင်းကြီးကျေးရွာတို့ပါဝင်သည်။ စပါးတန်းကျေးရွာနှင့် မိုးနတ်ကျေးရွာတို့သည် ပုသိမ်–မုံရွာကားလမ်းဘေးတွင်ရှိသော်လည်း ကွင်းကြီးကျေးရွာမှာ မိုးနတ်ကျေးရွာမှ (၅)မိုင်ခန့် ကွာဝေးသည်။ တောလမ်းခရီးဖြင့်သာ သွားရသည်။ ကွင်းကြီးကျေးရွာမှာ မင်းတုန်းမြို့နှင့်ဆိုလျှင် (၂၅)မိုင်ခန့် ကွာဝေးသည်။ မိုးနတ်ကျေးရွာမှ ကွင်းကြီးကျေးရွာသို့သွားစဉ် အင်းဘွေကြောတောင်ကုန်းများနှင့် ချောင်းတစ်ခုကို ဖြတ်ကျော်ရသည်။ မင်းတုန်းမြို့နယ်၏ နယ်မြေနယ်နမိတ်ဆုံးရာ ရွာဖြစ်၍ တောတောင်များက ထူထပ်လှ





သည်။ ရခိုင်ရိုးမနှင့် ဆက်စပ်လျက် တောင်ကြောကြီးကို မြင်တွေ့နေရသည်။

စာရေးသူ ကွင်းကြီးကျေးရွာသို့ ညနေမိုးချုပ်ချိန်မှ ရောက်သဖြင့် တစ်ညအိပ်ပြီးမှ အလုပ်လုပ်ရသည်။ နံနက်မိုးလင်းသည့်အခါ စပါးခင်းများ ရှိရာသို့ ကွင်းဆင်းကြည့်ရှုသည်။ တောင်ယာခင်းများရှိရာ ဇလာတောင်၊ ရှင်မတောင်၊ ခါးတန်းတောင်များရှိရာသို့ သွားရသည်။ တစ်နာရီကျော်ကျော်ခန့်ခရီးသွားမိသည့်အခါ ကွင်းကြီးကျေးရွာမှ (၄)မိုင်ခန့် ဝေးကွာသည့် ခါးတန်းတောင်ပေါ်သို့ ရောက်ရှိခဲ့သည်။ ခါးတန်းတောင်ပေါ်တွင် ဗဟုသုတအဖြစ် လှည့်လည်ကြည့်ရှုရင်း လမ်းမှားမျက်စိလည်သွားသည်။

တောကလည်း နက်သည်ထက် နက်လာသည်။ ဂျီဟောက်သံ၊ ဒေါင်းတွန်သံတို့ပင် ရံဖန်ရံခါ ကြားနေရသည်။ စာရေးသူလည်း လမ်းရှာရင်းနှင့် တောကမ်းပါးယံ လျှိုတစ်ခုအနီး စမ်းချောင်းငယ်လေးသို့ ရောက်ရှိသွားသည်။ စမ်းချောင်းကမ်းစပ်နေရာများတွင် ဆင်ခြေရာလည်း မဟုတ်၊ လူခြေရာနှင့်လည်း မတူသော ခြေရာကြီးကို တွေ့ရသည်။ စာရေးသူရောက်ရှိနေသည့်နေရာသည် ခက်ရာခက်ဆစ်ဖြစ်၍ လူသူအရောက်အပေါက်နည်းပါး ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ ရောက်ရှိနေရာ စမ်းချောင်းနဘေးမှ အနည်းငယ်ကွာဝေးသည့် သစ်ပင်ကြီးအောက် တစ်နေရာတွင် တဲငယ်တစ်လုံးကို မြင်တွေ့ရသည်။ ထိုမှတစ်ဖန် ကြည့်လိုက်ပြန်ရာ တုတ်ခိုင်ကြီးမားလှသည့် ခြေထောက်ပိုင်ရှင်ကို မြင်တွေ့လိုက်ရသည်။ အမွေးအမျှင် မရှိသဖြင့် လူဝံလည်းမဟုတ်၊ မျောက်ဝံလည်း မဖြစ်နိုင်ဟု စာရေးသူ တွက်ဆမိသည်။ စာရေးသူအား ကျောပေးထားသဖြင့် ကျောက်ကုန်းဘက်ကိုသာ စတင်မြင်တွေ့ရသည်။ ဟောင်းနွမ်းစုတ်ပြတ်နေသည့် ပုဆိုးပိုင်းကို ပတ်ထားပြီး ကျောက်ကုန်းတွင် အဖုအပိန့်များဖြင့် အသားပိုများက အဖီးဖီးနှင့် ထွက်နေသည်။ သာမန်လူသားမှ ဟုတ်ပါလေစဟု စာရေးသူ တွေးထင်မိသဖြင့် ကြောက်ကြောက်လန့်လန့်နှင့် နောက်သို့ ပြန်လှည့်မိ၏။

"ဖျောက်"

စာရေးသူ နင်းမိလိုက်သည့် သစ်ကိုင်းခြောက် ကျိုးသံကြောင့် အမည်မသိ ပုဂ္ဂိုလ်က နောက်သို့ လှည့်ကြည့်သည်။ ထိုသူ၏မျက်နှာကို မြင်တွေ့လိုက်ရမှ စာရေးသူ ပို၍ ကြောက်ရွံ့တုန်လှုပ်သွားသည်။ မျက်နှာတစ်ခုလုံး အဖုအပိန့် အသီးများကြောင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးတို့နှင့် အသားစိုင်ခဲတို့မှာ ရောယှက်နေသဖြင့် ပါးစပ်မှ ဟာခနဲပင် ထွက်၍ အော်မိသည်။





"မိတ်ဆွေ ကျုပ်ကို မကြောက်ပါနဲ့၊ ကျုပ်ဟာ ခင်ဗျားတို့လို လူသားတစ်ဦးပါ"

"ဗျာ"

"ဒါပေမယ့် ကျုပ်ဟာ လူနဲ့မတူတော့ပါဘူး၊ ဒီမှာကြည့်ပါဦးဗျား၊ ကျုပ်ခြေထောက်ကြီးဟာ ဆင်ခြေထောက်ကြီးလိုပါမဲ့၊ အဲဒီရောဂါကြောင့် ရှက်ရှက်နဲ့ ရွာက ထွက်လာပြီး မုဆိုးဘဝနဲ့ နေခဲ့တာ ကြာပါပြီ"

"ကံအကျိုးပေးက မကောင်းရတဲ့အထဲ သူများအသက်သေမှ ကိုယ့်အသက်ရှင်ရမယ့် မုဆိုးဘဝရောက်တော့မှ အခုလိုတစ်ကိုယ်လုံးမှာ အဖုအပိန့်တွေပေါက်ပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်ရတော့တာပါပဲလေ"

စာရေးသူလည်း ထိုသူ၏ ပြောစကားများကြောင့် ဘာမျှ ခွန်းတုန့်မပြန်နိုင်ဘဲ ငေးငိုင်ကြည့်လျက်သာ နားထောင်နေမိသည်။ စာရေးသူ အာရုံစိုက်နားထောင်နေ၍လား သို့တည်းမဟုတ် လူနှင့် စကားမပြောရတာ ကြာ၍လားမသိ၊ သူ ပြောလိုသည့် စကားများကိုသာ ရပ်မဝင်နိုင်အောင်ပင် ဆက်တိုက်ပြောနေသည်။

"ဟောဒီတောထဲကို ကျုပ်ရောက်စတုန်းကတော့ သား ငှက် တိရစ္ဆာန်လေးတွေကို ဆူးတွင်းချတဲ့နည်းနဲ့ ထောင်ဆူး၊



www.burmeseclassic.com

www.burmeseclassic.com

ပြန့်ဆူး၊ ရှေ့ဆူး၊ နောက်ဆူးထားပြီး ထောင်ချောက်ဆင် သတ်ခဲ့တယ်။ ဒူးလေးကို အသုံးပြုပြီး အမဲလိုက်ခဲ့တယ်။ ဒါက သွားနိုင်လာနိုင်တုန်းကပါဗျာ။ ခုတော့ ဟောဒီ သွတ်ကွင်း (သွတ်ကြိုးဖြင့် လျှောကွင်းလုပ်ထားသည်) တန်းမှာမိတဲ့ ယုန်လေးတွေလောက်ပဲ စားရပါတော့တယ်"

"မီးမွေးလို့ရတဲ့အခါ ကင်စားဖုတ်စားပေါ့၊ မိုးတွင်းလို အချိန်အခါမှာ မီးမွေးမရတော့ သားကောင်တွေကို အစိမ်းစားခဲ့တယ်။ အဲဒီအကျိုးပေးနဲ့ တူပါတယ်လေ။ ကျုပ်မှာ အခုလို မြင်မကောင်း ရှုမကောင်းလောက်အောင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေရတော့တာပါပဲ"

"ကျုပ်ဘယ်ရွာကလဲ၊ ဘယ်သူလဲဆိုတာတော့ မသိချင်ပါနဲ့တော့၊ ကျုပ်လည်း ကြာကြာသက်ဆိုးရှည်မှာ မဟုတ်တော့ပါဘူး။ ဒါပေမယ့် ကျုပ်တစ်ယောက်တည်း တောထဲနေတဲ့ အချိန်မှာ လူအချင်းချင်း ဘယ်သူ့ကိုမှ ကျုပ် အန္တရာယ် မပြုခဲ့သလို၊ ကျုပ်ကိုလည်း အနှောင့်အယှက် မပေးစေချင်ပါဘူး"

"ဒါနဲ့ အခု မိတ်ဆွေ လမ်းမှားပြီး ဒီနားရောက်လာတာ မဟုတ်လား၊ အင်း လမ်းမမှားရင်လည်း ဒီနားရောက်လာမှာ မဟုတ်ပါဘူးလေ။ ဒီမှာ မိတ်ဆွေ ကျုပ်ကို ကတိတစ်ခု ပေးမယ်ဆိုရင် လမ်းပြပေးလိုက်ပါ့မယ်"





'ဗျာ၊ ဘယ်လို၊ ကတိတစ်ခုပေးရင် လမ်းပြပေးမယ် ဟုတ်လား။ ပေးနိုင်တဲ့ကတိဆို ပေးပါ့မယ်။ မိုးမချုပ်ခင် လမ်းမှန်ရောက်အောင်သာ ညွှန်ပြပေးပါ'

စာရေးသူလည်း လမ်းမှန်သို့ အမြန်ရောက်ချင်ဇောဖြင့် အလျင်စလိုပင် သူ့အမေးကို ပြန်ဖြေမိသည်။ နေကလည်း အတော်စောင်းနေပြီ ဖြစ်သည်။ သို့အတွက် တုတ်၊ ဓားလက်နက် မပါဘဲ တောထဲတွင် စာရေးသူ မအိပ်လိုသဖြင့် နီးစပ်ရာ ရွာတစ်ရွာသို့ ရောက်ချင်နေပြီ။ သူတောင်းသည့် ကတိစကားကို ဂရုစိုက်၍ နားထောင်နေမိသည်။

"မိတ်ဆွေပေးနိုင်တဲ့ ကတိမျိုးပါ။ ကျုပ်ကိုယ်ကျုပ်သိပါတယ်။ ကျုပ်အသက်ရှင်လှ တစ်နှစ်နှစ်နှစ်ပေါ့။ အဲဒီအချိန်လေးအတွင်းမှာ ကျုပ်ကို ဒီနေရာမှာ တွေ့ခဲ့တဲ့အကြောင်း ဘယ်သူ့ကိုမှ မပြောပါဘူးလို့ မိတ်ဆွေကတိပေးရင် ကျုပ် လမ်းပြလိုက်ပါ့မယ်"

"ဟုတ် ... ဟုတ်ကဲ့၊ ကျွန်တော် ကတိ၊ ကတိပေးပါတယ်"

"လွယ်လွယ်နဲ့ကတိပေးပြီး လွယ်လွယ်နဲ့ ကတိမဖျက်ပါနဲ့ဗျာ၊ ကျုပ်သေခါနီးအချိန်ကျမှ ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်လို့ပါ"

"စိတ်ချပါ"



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ၏ ကတိစကားကြောင့် ထိုပုဂ္ဂိုလ်က လမ်းညွှန်ပေးလိုက်သည်။ ထိုပုဂ္ဂိုလ်၏ လမ်းညွှန်ပေးမှုကြောင့် လူသွားလမ်းပေါ်သို့ ပြန်လည် ရောက်ရှိလာ၏။ ခရီးအနည်းငယ်ပေါက်လာသည့်အခါ ပုသိမ်–မုံရွာ ကားလမ်းပေါ်သို့ ပြန်လည်ရောက်ရှိလာသဖြင့် စပါးတန်းကျေးရွာဆီသို့ ရှေ့ရှုသွားခဲ့ရာ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရောက်ခဲ့သည်။ ထိုနေ့ညက စပါးတန်းရွာတွင် ညအိပ်သည်။

ညဉ့်နက်သည်အထိ တော်တော်နှင့် အိပ်မပျော်နိုင်။ ဖြစ်ပျက်မြင်တွေ့ခဲ့သည့် အကြောင်းအရာများကို ပြန်၍ စဉ်းစားမိသည်။ သားရဲတိရစ္ဆာန်များကို သတ်ဖြတ်၍ စားသောက်ရင်း လူနှင့်မတူနိုင်အောင် ဖြစ်သွားသည့် ထိုသူ၏ မျက်နှာကို တွေး၍ ကျောချမ်းမိသည်။

ထို့အတူ စာရေးသူ ငယ်ရွယ်စဉ်က စစ်ကိုင်းတိုင်း၊ မြောင်မြို့မှ ဆင်ရှင်ကျောင်းဆရာတော် ဦးပညာ (ပုံလွန်)နှင့် ဦးဝဏ္ဏိတ (ယခုကျောင်းထိုင်ဆရာတော်)တို့ သင်ကြားပေးခဲ့သည့် ပါဏာတိပါတ ကျူးလွန်ခြင်းအပြစ် ဆောင်ပုဒ်လင်္ကာလေးကို ပြန်လည်သတိရ ရွတ်ဆိုမိတော့သည်။

“ပါဏာတိမှု၊ ကျူးလွန်ပြုသော်
နန္ဒအလား၊ နွားများသတ်သော်





လျှာပြတ်ကျလို့၊ ညည်းတငိုအော်
ကိုယ်၌ငြိ၊ ဝိစိမီးလျှံခေါ်။
အင်္ဂါချို့လျော့၊ မွဲပျက်ရုပ်သွင်
လျှင်မြန်ရဲရင့်၊ အားနှင့်ကင်းစင်
သူသတ်ခံရ၊ များလှနာဝင်
သက်တိုကြောင်း၊ စုပေါင်းများဖြစ်အင်”

(စာရေးသူပေးခဲ့သည့် ကတိအတိုင်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပြန်လည်ပြောပြခြင်းမရှိဘဲ စာဖတ်ပရိသတ်များအား သတိသံဝေဂရစေရန် အလို့ငှာ ရေးသားတင်ပြခြင်း ဖြစ်ကြောင်း ဝန်ခံအပ်ပါသည်။)

● ● ●



www.burmeseclassic.com

www.burmeseclassic.com

# ဘုန်းကြီးတစ္ဆေ

"ဗျို့ ... ကိုသာဒွန်း၊ မခင်လှ ... ကိုသာဒွန်း"

ကိုသာဒွန်းနှင့် မခင်လှတို့ အိမ်ရှေ့ခြံပေါက်ဝဆီမှ ညှော့သည်လူရွယ်တစ်ဦးက အိမ်ရှင်လင်မယား၏ အမည်ကို အော်၍ ခေါ်နေသည်။ အိမ်အတွင်းမှ တစ်ဦးတစ်ယောက်၏ ပြန်ထူးသံကိုမျှ မကြားရ။ သို့သော် ကိုသာဒွန်းနှင့် မခင်လှတို့ မွေးထားသည့် ခွေးနက်မကမူ မျက်နှာစိမ်းနှင့် လူနံ့သစ်ကြောင့် ဝူးဝူးဝါးဝါး တစိုက်မတ်မတ် အဆက်မပြတ် ဟောင်နေသည်။ သို့တိုင် ညှော့သည်လူရွယ်ကလည်း ဇွဲမလျှော့ အဆက်မပြတ် အော်၍သာ တွင်တွင်ခေါ်နေတော့၏။

"ဝုတ် ... ဝုတ် ... ဝုတ်"

"ဗျို့ ... မခင်လှ၊ ကိုသာဒွန်း ... ကိုသာဒွန်း"

အိမ်ရှေ့ခြံပေါက်ဝဆီမှ အဆက်မပြတ်ခေါ်သံနှင့် ခွေးဟောင်သံတို့ကြောင့် မခင်လှလည်း အိမ်ရှေ့ကပြင်သို့ ထွက်





ကြည့်လိုက်၏။ မခင်လှ၏ ရင်ခွင်တွင် အခါလည်သားအရွယ် ကလေးငယ်တစ်ဦးကို ပွေ့ချီထား၏။ နွားရိုင်းသွင်းချိန် မှောင်ရီပျိုးစပြုဖြစ်၍ လူလုံးကမကွဲ။

"ဘယ်သူလဲ"

"ကျုပ် ကြာဆင်ပါ မခင်လှရ"

"ဟော ဘယ်သူများလဲမှတ်တယ် ကိုရင်ကြာဆင်ကြီးကိုး ဝင်ခဲ့လေတော်"

"ခွေးကြည့်ဦးဟ"

"ဟဲ့ ... မိနက်သွားစမ်း"

"အော်လိုက်ရတာ မခင်လှရာ၊ သောက်ရေလေးတစ်ခွက် ပေးပါဦးဟ"

"ဟောဒီ ရှင့်တူလေး ဝမ်းသွားနေလို့ ချက်ချင်းထွက်မလာနိုင်တာတော်ရေ့၊ အော်ခေါ်သံတော့ ကြားသား"

ကိုကြာဆင်လည်း သောက်ရေတောင်းရင်း အိမ်ရှေ့ကပြင်တွင် ဝင်၍ ထိုင်လိုက်၏။ ထို့နောက် မခင်လှ ကမ်းပေးသည့် သောက်ရေခွက်ကိုယူ၍ အမောတကော သောက်လိုက်၏။

"မိုးကြီးချုပ်ခါမှ ဘယ်ကပြန်လာတာလဲတော့"

"နင်တို့ရွာကို ကြွေးတောင်းလာတာဟ၊ ဟူး ... အဆင်မပြေပါဘူးဟာ၊ ဒါနဲ့ နင့်ယောကျ်ားသာဒွန်းလဲ မမြင်ပါလား"



www.burmeseclassic.com

www.burmeseclassic.com

"ရှင့်သူငယ်ချင်း ကိုသာဒွန်းတော့ မြို့တက်သွားလေရဲ့၊ ကိုကြာဆင်ရေ၊ မိုးဦးကျအတွက် လိုအပ်တဲ့ ပစ္စည်းလေးတွေ ဝယ်ရအောင် တစ်ညနှစ်ညလောက် အိပ်မယ်တဲ့"

"အင်း ... ခက်တော့တာပဲ"

"ဘာခက်တာလဲ ကိုကြာဆင်ရဲ့၊ ကိုသာဒွန်းနဲ့ အကြောင်းထူး ကိစ္စရှိလို့လား ခဏနေဦးနော်၊ ကျွန်မ ထမင်းပွဲ ပြင်လိုက်ဦးမယ်၊ ရှင့်သူငယ်ချင်း မရှိလို့ အားမနာရပါဘူးတော့"

"မပြင်နဲ့ မခင်လှ စားခဲ့ပြီးပြီ"

"ဒါဖြင့်လည်း ဒီမှာပဲညအိပ်ပေါ့၊ ရှင့်ရွာပြန်ဖို့ကလည်း မိုးချုပ်လှပြီ၊ မမြင်မကန်း မြွေပါးကင်းပါးနဲ့ တွေ့မှဖြင့်"

"ဒီမှာ မအိပ်တော့ပါဘူး မခင်လှရယ်၊ ရွာဦးကျောင်းမှာပဲ သွားအိပ်တော့မယ်။ ငါသွားပြီဟေ့"

ကိုကြာဆင်လည်း ပြောပြောဆိုဆိုနှင့် ရုတ်တရက်ထကာ မခင်လှအား နှုတ်ဆက်ထွက်ခွာခဲ့သည်။ မခင်လှမှာမူ ကိုကြာဆင် နှုတ်ဆက်ပြောဆိုသွားသည့် စကားကြောင့် အံ့သြစွာနှင့် ငေး၍သာ ကျန်ခဲ့ရှာသည်။ မခင်လှ ပြောလိုသည့်စကားကိုပင် မပြောလိုက်ရ။

ကိုကြာဆင်ကမူ သူ့သူငယ်ချင်း ကိုသာဒွန်းမရှိခိုက် မခင်လှအိမ်တွင် မအိပ်လို၊ အိပ်ရန်လည်း မသင့်တော်ဟု ယူဆ





မိသည်။ သူငယ်ချင်း ကိုသာဒွန်းနှင့် မခင်လှတို့ကို ပတ်ဝန်းကျင်မှ တစ်မျိုးတစ်မည် ကဲ့ရဲ့ဝေဖန်ခံရမည်စိုးသည်။ သို့အတွက် သူငယ်ချင်းမရှိခိုက် သူ့ဇနီး မခင်လှအိမ်တွင် မအိပ်ဘဲ ရွာဦးရှိ သီရိမင်္ဂလာကျောင်းသို့ အိပ်ရန် အလျင်စလို ထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။

သီရိမင်္ဂလာကျောင်း၏ ရှေးဦးပထမကျောင်းထိုင်ဆရာတော်မှာ ဦးနန္ဒဖြစ်သည်။ ဆရာတော် ဦးနန္ဒသည် စာတတ်ပေတတ် ပုဂ္ဂိုလ်တစ်ပါး ဖြစ်သည်။ တရားဟောကောင်းဖြစ်သဖြင့် ဓမ္မကထိကတစ်ပါးသဖွယ် ဖြစ်လာသည်။ ဆရာတော် ဦးနန္ဒ တရားဟောပုံက ထူးခြားသည်။ ဆရာတော်၏ မူလပင်ကိုယ်က အသံသြဇာ ကောင်းသကဲ့သို့ ဒါယကာ၊ ဒါယိကာမများ နားလည်အောင် ပုံဝတ္ထုများဖြင့် ဥပမာပေး၍ ဟောပြောတတ်သည်။

ထို့အတူ ရေစက်ချတရား၊ သီလပေးတရားများ ဟောပြောရာတွင်လည်းကောင်း၊ ပရိတ်ရွတ်ရာတွင်လည်းကောင်း၊ ရဟန်းခံ ရှင်ပြု ကမ္မဝါစာ ရွတ်ဖတ်ရာတွင် သံနေသံထားနှင့် ဌာန်ကရိုဏ်း ကျကျ ရွတ်ဖတ်သည့်အတွက်လည်းကောင်း ရွာနီးချုပ်စပ်မှ ကျေးရွာအသီးသီးတို့၏ အထူးကြည်ညိုလေးစားမှုကို ခံရသည်။

www.burmeseclassic.com

www.burmeseclassic.com

သာရေးနာရေးကိစ္စ ကြီးကြီးငယ်ငယ် ဆရာတော် ဦးနန္ဒ မပါလျှင် ပွဲမစည်သကဲ့သို့ပင် ဖြစ်နေတော့သည်။ ရဟန်းသံဃာတော်အချင်းချင်းကပင် ဆရာတော် ဦးနန္ဒအား အစစ အရာရာ အခွင့်ပေးထားကြသည်။ သို့တိုင် ဆရာတော် ဦးနန္ဒမှာ သွေးမကြီးရှာ။ မာနမတက်ရှာခဲ့ပေ။

ဆရာတော်ဦးနန္ဒသည် ကျေးရွာအသီးသီးတို့မှ ဒါယကာ၊ ဒါယိကာမတို့၏ ပူဇော်အထူးကို ခံယူရသည်အထိ ဘုန်းကံကြီးမားလှသည်။ သို့အတွက် ပစ္စည်းလေးပါး မရှားပါးရအောင် ငွေကြေးလာဘ်လာဘမှအစ လှူဒါန်းကြသဖြင့် သုံး၍မကုန်နိုင်အောင် ပိုလျှံနေသည်။

သို့သော် ဆရာတော်ဦးနန္ဒမှာ ပုထုဇဉ်ရဟန်းမျှသာ ဖြစ်၍ သူရရှိထားသည့် ပစ္စည်းလာဘ်လာဘများအပေါ် စိုးရိမ်ကြောင့်ကြစိတ်က အမြဲရှိနေ၏။ သူခိုး၊ ဓားပြတို့၏ ဘေးရန်ကိုလည်း စိတ်မချ။ မီးဘေးကိုလည်း စိုးရိမ်။ သူပိုင်ဆိုင်ထားသည့် ငွေကြေး ပစ္စည်းဥစ္စာများအတွက် ရတက်မအေး ဖြစ်နေခဲ့ရရှာသည်။

တစ်နေ့၌ ဆရာတော်ဦးနန္ဒတွင် အကြံတစ်ခု ဖြစ်ပေါ်လာ၏။ သူ၏ အကြံအစည်အတိုင်း စုဆောင်းထားရှိခဲ့သည့် ငွေများကို မြေသပိတ်ကြီးတစ်လုံးတွင် အပြည့်ထည့်ကာ ကျောင်း





လှေကားအောက်တွင် တစ်တောင်သာသာခန့်တူး၍ တစ်ဦးတစ်ယောက်မျှ မသိရှိစေရန် ညအချိန်၌ တိတ်တဆိတ်မြှုပ်နှံထားလိုက်၏။

နောက်ရက်များတွင်မူ ဗိုလ်နေမြဲ၊ ကျားနေမြဲအတိုင်းပင် ရွာနီးချုပ်စပ်ကျေးရွာများသို့ တရားဟောထွက်၏။ စိတ်အေးလက်အေးဖြင့် ညအိပ်ညဉ့်နေ သွားလာကာ ပင့်ဖိတ်သမျှ တရားပွဲများနှင့် သာရေးနာရေးကိစ္စများကို လက်ခံဆောင်ရွက်ဟောပြော၏။ နှစ်နှင့်ချီ၍ ကြာလာသည့်အခါ ဆရာတော်ဦးနန္ဒမှာ ကျန်းမာရေးချူချာလာသည်။ ခရီးကပန်း ခန္ဓာကိုယ်ကနွမ်းနှင့်မို့ စိတ်သွားတိုင်း ကိုယ်မပါတော့မှ အခြားကျေးရွာများမှ ပင့်ဖိတ်မှုကို လက်မခံဘဲ ရပ်ဆိုင်းလိုက်သည်။ ထိုအခါတွင်မူ ဆရာတော်ဦးနန္ဒမှာ အိပ်ရာထက်တွင် ဘုန်းဘုန်းလဲနေရှာပြီ ဖြစ်သည်။ ရွာခံ ဒါယကာ၊ ဒါယိကာမများက ဆရာတော်ဦးနန္ဒအား အထူးဂရုစိုက် စောင့်ရှောက်၍ ဆေးကုသကြသည်။ သို့တိုင် ဆရာတော်ဦးနန္ဒ၌ စွဲကပ်နေသည့် လေနာရောဂါက မပျောက်။ ယင်းလေနာရောဂါဝေဒနာဖြင့်ပင် ပျံလွန်တော်မူရှာသည်။

ဆရာတော်ဦးနန္ဒ၏ အန္တိမဈာပနကို ရွာခံများနှင့် ပတ်ဝန်းကျင်ရွာများမှ ဒါယကာ၊ ဒါယိကာမများက စည်စည်ကား


www.burmeseclassic.com

www.burmeseclassic.com



ကား သိုက်သိုက်မြိုက်မြိုက် ကုင်းပကြသည်။ ထို့နောက် များမကြာမီလများအတွင်း ဆရာတော်ဦးနန္ဒကျောင်းထိုင်သည့် သီရိမင်္ဂလာကျောင်းတိုက်တွင် ကျောင်းထိုင်ဆရာတော်တစ်ပါးကို တင်မြှောက်ကိုးကွယ်ကြသည်။

လပိုင်းအတွင်း၌ပင် ရွာမှတင်မြှောက်ထားသည့် ကျောင်းထိုင်ဆရာတော်က ကျောင်းကို လူကြီးများထံသို့ ပြန်အပ်၏။ အကျိုးအကြောင်း ဒကာများက မေးမြန်းလျှောက်ထားသည့်အခါ ဆရာတော်ဦးနန္ဒမှာ "အဖြူရောင် သံပရာခွဲဦးထုပ်ဆောင်း ဘုန်းကြီးတစ္ဆေဖြစ်၍ မကြာမကြာ ကိုယ်ထင်ပြကြောင်း" ပြောဆို၍ အခြားကျောင်းသို့ ပြောင်းရွှေ့သွားသည်။ ရွာခံဒကာများက ကျောင်းထိုင်ဆရာတော်မရှိလျှင် မဖြစ်ဟုဆိုကာ တစ်ပါးပြီး တစ်ပါး ကျောင်းတင်ကြသည်။

သီရိမင်္ဂလာကျောင်းသို့ တင်မြှောက်လိုက်သည့် ကျောင်းထိုင်ဆရာတော်များလည်း 'ဘုန်းကြီးတစ္ဆေခြောက်သည်'ဟု ပြောလျက် လပိုင်းရက်ပိုင်းအတွင်း၌ပင် ပြောင်းရွှေ့သွားကြသည်။ ဤသတင်းကား အရပ်တကာသို့ပင် ပျံ့နှံ့သွားသည်။ သို့အတွက် ဆရာတော်ဦးနန္ဒကျောင်းထိုင်ခဲ့ရာ သီရိမင်္ဂလာကျောင်းကြီးမှာ ကျောင်းထိုင်ဆရာတော်များ သီတင်းသုံးမှုကင်း၍ ဆိတ်ငြိမ်အေးချမ်းစွာဖြင့်ပင် ကျောင်းအိုကျောင်းလွတ်ကြီးသဖွယ် ဖြစ်ခဲ့ရရှာသည်။



'ဘုန်းကြီးတစ္ဆေ ကမ္မဝါစာရွတ်၍မရ'ဟု ရွာသူရွာသားတို့က ဆိုလာကြသည်။ အမှန်အားဖြင့် ဆရာတော်ဦးနန္ဒသည် ပျံလွန်တော်မူခါနီးဆဲဆဲ၌ ကျောင်း (သို့မဟုတ်) အခြားအရာတစ်ခုခုကို စွဲလန်း၍ တစ္ဆေဖြစ်သွားခဲ့သည်ဟု အားလုံးက အကြမ်းအားဖြင့် နားလည်ထားသည်။ သို့အတွက် ဘုန်းကြီးတစ္ဆေဦးနန္ဒ ကိုယ်ထင်ပြတိုင်း သူ့ကျောင်းတွင် မနေစေလို၍ ခြောက်သည်ဟုသာ ယူဆသည်။ တပ်မက်စွဲလန်းမှုကြောင့် ပြိတ္တာဘဝသို့ရောက်ရှိကာ ဘုန်းကြီးတစ္ဆေဖြစ်နေသည့် ဦးနန္ဒအား ပရိတ်ကမ္မဝါရွတ်၍လည်း နှင်မထုတ်ခဲ့ကြ။ သနားစရာ ပြိတ္တာအဖြစ်နှင့် ရှုမြင်၍ ဖယ်ရှားသွားကြသည်။ ကျောင်းထိုင်ရန်အတွက် တစ်ခုတည်းဖြင့် ဘုန်းကြီးတစ္ဆေဦးနန္ဒကို နှင်မထုတ်ကြဘဲ "ဘုန်းကြီးတစ္ဆေခြောက်သည်"ဟုသာ ကြိမ်ဖန်များစွာ ပြောဆိုကာ ထွက်ခွာသွားကြသည်။ အချို့ ဆရာတော်များက ဘုန်းကြီးတစ္ဆေဦးနန္ဒကို အမှန်ကြောက်ရွံ့၍ ထွက်ခွာသွားကြခြင်းသာ ဖြစ်သည်။

သို့သော် သီရိမင်္ဂလာကျောင်းသို့ ကျောင်းထိုင်ရန် ရောက်လာသည့် ဆရာတော်တိုင်းကမူ ဘုန်းကြီးတစ္ဆေ ဆရာတော်ဦးနန္ဒ၏ ပြိတ္တာဘဝမှ လွတ်မြောက်ရေးကို မစဉ်းစား၊ မကြံဆောင်ခဲ့ကြ။ သို့အတွက် ဆရာတော်ဦးနန္ဒမှာ ဘုန်းကြီးတစ္ဆေဘဝမှ မလွတ်မြောက်ဘဲ ရှိနေရာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းထိုင်ဆရာတော်ကလည်း မရှိ။ ဘုန်းကြီးတစ္ဆေ ရှိသည်ဟူသော ရွာသူရွာသားများ၏ အစွဲအလန်းကြောင့် သိဒ္ဓိရိ မင်္ဂလာကျောင်းကြီးကို သော့ခတ်ထိန်းသိမ်းရန်ပင် မလိုတော့။ ကျောင်းမှ ပစ္စည်းများကို ယူရန်ဝေးစွ။ ကလေးလူကြီးမကျန် ကျောင်းဝိုင်းအတွင်း ခြေပင်မချတော့ဘဲ ခပ်ကင်းကင်းသာ နေကြတော့သည်။ သိဒ္ဓိမင်္ဂလာကျောင်းကြီးမှာ သွားလာသူ တစ်ဦးတစ်ယောက်မျှ မရှိဘဲ ငြိမ်းချမ်းငြိမ်သက်နေခဲ့သည်မှာ နှစ်ပရိစ္ဆေဒ ကြာခဲ့ပြီဖြစ်သည်။

ယခုတစ်ဖန် ပြန်လည်လှုပ်ရှားခဲ့သည်မှာ အခြားရွာမှ ခေတ္တလာရောက်တည်းခိုသည့် ဧည့်သည် ကိုကြာဆင်ကြောင့်ပင် ဖြစ်သည်။ ကိုကြာဆင်သည် တုန်လှုပ်ကြောက်ရွံ့မှုကင်းစွာဖြင့် ကျောင်းလှေကားပေါ်သို့ တဖြည်းဖြည်းချင်း တက်သွားသည်။ ထို့နောက် စေ့ထားသည့် အဝင်ပေါက်တံခါးကို ဖြည်းညှင်းစွာ တွန်းဖွင့်လိုက်သည်။

"ကျွီ"

ကျောင်းဝိုင်းအတွင်းမှ အော်မြည်နေသည့် ပုဇဉ်းရင်ကွဲသံများနှင့်အတူ လှုပ်ရှားမှု ကင်းမဲ့နေခဲ့သည့်တံခါးမှ အသံထွက်လာ၏။ မောင်နှင့်မည်းမည်းမို့ စိတ်မခိုင်သူများအဖို့ ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာဖြစ်သည်။ ကိုကြာဆင်မှာမူ တံခါးကို တွန်းဖွင့်ပြီး





သည်နှင့် သူ့တွင်ပါလာသည့် မီးခြစ်ငယ်ကလေး ခြစ်ကာ ပတ်ဝန်းကျင်ကို ကြည့်၏။ ထို့နောက် သူအိပ်ရန် သင့်တော်သည့် နေရာကို ရွေးချယ်၏။ သူလွယ်ထားသည့် လွယ်အိတ်ကလေးဖြင့် ဖုန်အလိမ်းလိမ်း တက်နေသည့် ကြမ်းခင်းကို လှဲခါသည်။ ထို့နောက် လွယ်အိတ်ကို ခေါင်းအုံး၍ အိပ်တော့သည်။

အနည်းငယ် ညဉ့်နက်လာသည့်အခါ ကျောင်းပေါ်တွင် ဂျိုးဂျိုးဂျောက်ဂျောက်အသံများကို ဧည့်သည် ကိုကြာဆင် ကြားရသည်။ ထိုအချိန်၌ ကိုကြာဆင် အိပ်မပျော်သေးသဖြင့် သတိဝီရိယနှင့် , နေသည်။ မကြာမီ အချိန်ကလေးအတွင်း၌ပင် ဘုန်းကြီးတစ္ဆေကို ကိုကြာဆင် စတင်မြင်တွေ့ရတော့သည်။ ကိုကြာဆင် ထွက်မပြေးပါ။ ရင်ဆိုင်ရန် အသင့်ဖြစ်နေ၏။

အဖြူရောင်သံပရာခွံဦးထုပ်ဆောင်းထားသည့် ဘုန်းကြီးတစ္ဆေသည် ကိုကြာဆင်၏ အိပ်ရာအနီးသို့ တဖြည်းဖြည်းချဉ်းကပ်လာသည်။ ကိုကြာဆင်လည်း ဘုန်းကြီးတစ္ဆေ သူ့အနီးသို့ ရောက်လာသည်နှင့် အိပ်ရာမှထ၍ လက်သီးနှင့် ထိုးတော့သည်။ ဘုန်းကြီးတစ္ဆေနှင့် ကိုကြာဆင်တို့ ပူးကပ်မိသည့်အခါ တစ်ယောက်ကိုတစ်ယောက်ဖက်၍ နပန်းလုံးသည်။ ဘုန်းကြီးတစ္ဆေက ကိုကြာဆင်အား ပြန်လည်တိုက်ခိုက်ခြင်း မပြုသဖြင့် ကိုကြာဆင်ပြုသမျှ နရလေသည်။


www.burmeseclassic.com

www.burmeseclassic.com

သို့သော် ဘုန်းကြီးတစ္ဆေနှင့် ကိုကြာဆင်တို့ ဘတစ်ပြန် ကျားတစ်ပြန်ဟု မဆိုသာသော်လည်း တစ်ဦးနှင့်တစ်ဦး အထက်ရောက်လိုက် အောက်ရောက်လိုက် ဖြစ်နေသည်။ နပန်းလုံးရင်းလုံးရင်း အချိန်အနည်းငယ် ကြာလာသည့်အခါ ကိုကြာဆင်၏ လက်တစ်ဖက်က ဆွဲမိဆွဲရာ ဆွဲရင်း ဘုန်းကြီးတစ္ဆေဆောင်းထားသည့် အဖြူရောင် သံပရာခွံဦးထုပ်ကို ဆွဲမိလျက်သား ဖြစ်သွားသည်။ ထိုအခါ ဘုန်းကြီးတစ္ဆေမှာ လုံး၀ အင်အားကုန်ခမ်းသွားသကဲ့သို့ ဖြစ်သွားပြီး ကိုကြာဆင်အောက်သို့ ရောက်သွားသည်။

ကိုကြာဆင်က အပေါ်စီးမှ ခွလျက် ဘုန်းကြီးတစ္ဆေအား လက်သီးနှင့်ထိုးရန် ဟန်ပြင်လိုက်သည်။ ထိုစဉ် –

“ခဏ ခဏနေပါဦး။ သင့်ကို ငါအန္တရာယ်ပြုမလို့ ခြောက်လှန့်မလို့ ချဉ်းကပ်လာတာ မဟုတ်ပါဘူး။ အကူအညီတောင်းချင်လို့ပါ”

ဘုန်းကြီးတစ္ဆေက စတင်၍ ကိုကြာဆင်အား စကားဆိုလာသည်။ ကိုကြာဆင်လည်း ဘာမျှ ပြန်မပြောသေးဘဲ လက်တစ်ဖက်ဖြင့် လည်တိုင်ကို ဖိ၍ လက်တစ်ဖက်မှ လက်သီးဆုပ်ဖြင့် ချိန်ရွယ်ထားသည်။





“ငါက ဟောဒီကျောင်းမှာ ကျောင်းထိုင်ခဲ့တဲ့ ဘုန်းကြီး ဦးနန္ဒပါ၊ ပျံလွန်တော်မူခါနီး ပစ္စည်းဥစ္စာကို စွဲလန်းမိလို့ သံယောဇဉ်တွယ်ခဲ့လို့ အခုလို ပြိတ္တာတစ္ဆေ ဖြစ်နေတာပါ”

“သင့်လို သတ္တိရှိတဲ့သူနဲ့ တွေ့ရတာ ငါ အလွန်ဝမ်းသာပါတယ်။ ဒီကျောင်းမှာ ကျောင်းလာထိုင်တဲ့ ဆရာတော်တွေများ ငါ့ကို မြင်ရုံနဲ့ ကြောက်လန့်ပြီး ပြန်ကြွသွားကြတာချည်းပဲ။ အကူအညီတောင်းချင်တာကို မပြောလိုက်ရ မတောင်းလိုက်ရဘူး”

“သင်နဲ့တွေ့မှပဲ ငါ အကူအညီတောင်းခွင့်ရတော့မယ်။ အသင့်ကို ကျေးဇူးတင်လိုက်တာ၊ ငါတောင်းတဲ့ အကူအညီကို သင် ပေးမယ် မဟုတ်လား”

ကိုကြာဆင်လည်း ဘုန်းကြီးတစ္ဆေ၏ သနားစဖွယ် အကူအညီတောင်းစကားကြောင့် ဆုပ်ထားသည့် လက်သီးဆုပ်နှင့် လည်မျိုအား ဖိထားသည့်လက်ကို လွှတ်၍ အောက်သို့ ဆင်း၏။ ထို့နောက် ဘုန်းကြီးတစ္ဆေပြောသောစကားကို ပြန်မေးလိုက်၏။

“ကျုပ်က ဘာအကူအညီ ပေးရမှာလဲ”

“အသင်ကူညီရမှာက အခြားတော့ မဟုတ်ပါဘူး။ ငါ့ကို ရည်စူးပြီး ဒီကျောင်းပေါ်မှာ သံဃာတော်တွေ ဆွမ်းပင့်ကျွေးပါ။ ပြီးတော့ ငါ့ကို အမျှအတမ်း ပေးဝေဖို့ပါပဲ”


www.burmeseclassic.com

www.burmeseclassic.com

"အကူအညီပေးဖို့အတွက် ဆွမ်းကျွေးနိုင်းတာတော့ ဟုတ်ပါရဲ့၊ ကျုပ်မှာ ပိုက်ဆံမရှိဘူးဗျ"

"ဒီအတွက် မပူပါနဲ့၊ သင်ကသာ ကတိတည်ပါစေ၊ ငါကပဲ ဆွမ်းကျွေးနိုင်အောင် ငွေပေးမယ်၊ ဆွမ်းကျွေးတဲ့ကိစ္စ ပြီးရင် ပိုတဲ့ငွေတော့ အသင်ပဲယူပေါ့။ ကတိတည်နိုင်ပါ့မလား"

"စိတ်ချပါဗျာ၊ လူမှာကတိ မင်းမှာ သစ္စာတဲ့၊ ငွေသာပေးနိုင်းတဲ့အတိုင်း ကျုပ် အကုန်လုပ်ပေးမယ်"

ကိုကြာဆင်နှင့် ဘုန်းကြီးတစ္ဆေဦးနန္ဒတို့ အပြန်အလှန် စကားပြောရင်း ဈေးတည့်သွားသည်။ ကုသိုလ်လည်းရ၊ ဝမ်းလည်း ဝမည်မို့ ကိုကြာဆင်လည်း ငွေပေးလျှင် ကတိတည်တည် လုပ်ပေးမည်ဟု ရဲရဲအာမခံလိုက်သည်။ သို့အတွက် ဘုန်းကြီး တစ္ဆေ ဦးနန္ဒက သူ အသက်ထင်ရှားရှိစဉ်က မြှုပ်နှံထားခဲ့သည့် ငွေအိုးရှိသည့်နေရာကို ညွှန်ပြသည်။

"လေကားအောက်မှာ တစ်တောင်သာသာ တူးလိုက်ရင် သပိတ်နဲ့အပြည့် ထည့်ထားတဲ့ ငွေတွေရှိတယ်၊ အဲဒါ တူးယူပါ"

"ကောင်းပြီ၊ မနက်ဖြန်မနက်ကျ ကျုပ် တူးပါ့မယ်၊ ဒါပေမယ့် ငွေရရချင်းတော့ လုပ်ပေးနိုင်မှာ မဟုတ်သေးဘူးနော်။ ရွာပြန်ဖို့နဲ့ ဆွမ်းကျွေးဖို့ အစီအစဉ် လုပ်ရဦးမှာဆိုတော့ တစ်ပတ်လောက် စောင့်ပါ၊ ကျုပ်ကို ယုံယုံကြည်ကြည်နှင့် သာဓုခေါ်ဖို့ အဆင်သင့်စောင့်နေပေတော့"





ဘုန်းကြီးတစ္ဆေဦးနန္ဒနှင့် ကိုကြာဆင်တို့ အပေးအယူ ညီမျှ၍ စကားဆုံးသည့်အခါတွင်မူ ကိုကြာဆင်လည်း သတ္တိရှိစွာဖြင့်ပင် နံနက်မိုးလင်းသည့်တိုင် အိပ်လေသည်။ ဘုန်းကြီး တစ္ဆေဦးနန္ဒလည်း ကိုကြာဆင်အနီးအပါးမှ ထွက်ခွာ၍ သွားတော့သည်။

"အော့ ... အီး ... အွတ်"

နံနက်လင်းကြက်တွန်သံ ကြားသည်နှင့် ကိုကြာဆင် အိပ်ရာမှ လူးလဲထလိုက်သည်။ အရဏ်ဦးလင်းရောင်ခြည် ထွက်ပေါ်လာပြီဖြစ်၍ ကျောင်းပေါ်မှ ပစ္စည်းများကို ဝိုးတဝါး မြင်နေရပြီဖြစ်သည်။ ကိုကြာဆင်လည်း ဘုန်းကြီးတစ္ဆေ ဦးနန္ဒ ပြောသည့် ငွေထည့်ထားသော သပိတ်ကိုတူးရန် ပစ္စည်းရှာ၏။ ကျောင်းနံရံဘေးတစ်ဖက်တွင် ထောင်ထားသည့် ထင်းခုတ်ဓားမ ကို တွေ့သဖြင့် ယူဆောင်၍ ကျောင်းအောက်သို့ ဆင်းလာ၏။

ထို့နောက် လှေကားအောက်တည့်တည့်မှ ဖိနပ်စုတ်အချို့ နှင့် ပစ္စည်းပစ္စယများကို ဖယ်ရှား၍ ဓားမနှင့်တူးဆွတော့သည်။ တစ်တောင်သာသာခန့် တူးမိသည့်အခါ ဘုန်းကြီးတစ္ဆေပြောသည့် သပိတ်ကို တွေ့ရသည်။ သပိတ်ကို ဖော်ထုတ်၍ ကြည့်လိုက်သည့်အခါ ငွေအပြည့်လည်း ပါရှိနေသည်။ ကိုကြာဆင်လည်း သပိတ်ထဲမှ ငွေများကို လွယ်အိတ်အတွင်းသို့ ထည့်ပြီး သူ့ရွာသို့ ခဏပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်လေးငါးရက်ခန့်ကြာသည့်အခါ ဆွမ်းကျွေးရန် အသင့်စီစဉ်ပြီးဖြစ်သည်။ သူ ပေးထားသည့်ကတိအတိုင်း သီရိမင်္ဂလာကျောင်းပေါ်တွင် ရဟန်းသံဃာတော် အရှင်သူမြတ်များအား ပင့်ဖိတ်၍ ဆွမ်းအနုမောဒနာပြုသည်။ ထို့နောက် ဘုန်းကြီးတစ္ဆေဦးနန္ဒအား သီးခြားခေါ်၍ အမျှပေးဝေသည်။

"ယခု ကျွန်ုပ်ပြုရသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် အဖို့ဘာဂတို့ကို ဆရာတော် ဦးနန္ဒအား အမျှပေးဝေပါ၏။ အမျှ ... အမျှ ... အမျှ"

ကိုကြာဆင်ခမျာ ဝမ်းမြောက်ဝမ်းသာဖြင့် ဘုန်းကြီးတစ္ဆေဘဝရောက်နေသည့် ဆရာတော် ဦးနန္ဒအား သုံးကြိမ်တိုင်တိုင် အမျှပေးဝေသည်။ ဘုန်းတော်ကြီး ဦးနန္ဒလည်း ထိုခဏအတွင်း၌ပင် သာဓုခေါ်ဆိုနိုင်ခဲ့သည်ဟု ယူဆရသည်။ ပြိတ္တာဘဝမှ ကျွတ်လွတ်သွားဟန်ရှိသည်။

အကြောင်းမှာ ကိုကြာဆင် ဆွမ်းကျွေး အမျှဝေပြီးသည့်ညဉ့်ပင် ရွာမှ ဒါယကာ၊ ဒါယိကာမ အချို့အား သူ အထက်နတ်ဘုံသို့ သွားတော့မည်ဖြစ်ကြောင်း အိပ်မက်ပေး၍ နှုတ်ဆက်သည်။ ထို့အတူ သီရိမင်္ဂလာကျောင်းပေါ်မှ ဘုန်းကြီးတစ္ဆေခြောက်သံလည်း မကြားရ။ မမြင်ရတော့ပေ။ သို့အတွက် ရွာသူရွာသားများလည်း ကျောင်းထိုင်ဆရာတော်တစ်ပါးအား ပင့်ဆောင်တင်



မြှောက်ခဲ့ရာ ကျောင်းထိုင်ဆရာတော်လည်း မြဲသွားသောကြောင့် ဖြစ်ပေသည်။

**(ငွေကျပ်ဒင်္ဂါးများသုံးစဉ်အချိန်ကာလက ပေါက်ခေါင်းမြို့နှင့် (၂၄)မိုင်ခန့် အကွာရှိ ရွာတစ်ရွာတွင် ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာများကို ခံစားရေးသားခြင်း ဖြစ်ပါသည်။)**

● ● ●

မောင်နိုင်ခန့်



www.burmeseclassic.com